# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၁၂၂)


### တပ်မက်မှုကို စွန့်လွှတ်

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကို အလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်း သဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်း မရှိ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၃)**



**ဝိသတိမအကြိမ် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးကျင်းပ**

စာ » ၃



**တောင်ပြိုလက်ဝဲ၊ ငါးခူရ ယာယီလက်ခံရေးစခန်းနှင့် လှဖိုးခေါင်ကြားစခန်းတို့ အသင့်အနေအထားအဖြစ် ရှိနေပြီဖြစ်**

စာ » ၁၀



**အရှေ့တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ ဂျပန်နှင့်တရုတ် သဘောထားကွဲလွဲ**

စာ » ၁၄

# စီမံကိန်းရေးဆွဲခြင်းလုပ်ငန်း အဆင့်ဆင့်တွင် ဒေသခံများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းသည် အလွန်အရေးကြီး



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး အဌမနေ့ ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရေဦး မဲဆန္ဒနယ်မှ ဒေါက်တာဦးမင်းသိန်း၏ **မြို့ပြများ စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ နေထိုင်မှုအဆင့်မြင့်မားစေရန်နှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်ရန်တို့အတွက် ရေဦးမြို့ မြို့ပြစီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မြို့ပြ စီမံကိန်းများ၊ ကျေးရွာစီမံကိန်းများ ရေးဆွဲရာတွင် လူဦးရေ၊ တည်နေရာအကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နှင့် ပထဝီဝင်အနေအထား၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ၊ အလုပ်အကိုင်အခွင့်အလမ်း၊ လက်ရှိအိမ်ရာ အဆောက်အအုံများ၏ အခြေအနေ၊ သဘာဝအရင်းအမြစ်များနှင့် ထူးခြားသည့် ဝိသေသလက္ခဏာများ စသည့်အချက်များကို အဓိက ထည့်သွင်းစဉ်းစား ဆောင်ရွက်ရပါကြောင်း၊ စီမံကိန်းရေးဆွဲခြင်းလုပ်ငန်း အဆင့်ဆင့်တွင် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းသည် အလွန်အရေးကြီးပါကြောင်း။

*စာမျက်နှာ ၇ ကော်လံ ၁*



# ပြည်ထောင်စုနေ့အထိမ်းအမှတ် မြန်မာ့လက်ရာပွဲတော်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ (၇၁) ကြိမ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မြန်မာ့လက်ရာပွဲတော်ကို ရန်ကုန်မြို့ စိမ်းလန်းစိုပြည်ဂါးဒင်း၌ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"(၇၁) ကြိမ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ကျွန်မတို့ မြန်မာတိုင်းရင်းသားတွေရဲ့ လက်ရာတွေကို ပြခန်းများခင်းကျင်းပြီးတော့ ပြသပွဲမယ်၊ တိုင်းရင်းသားတို့ရဲ့ ရိုးရာအကတွေကို ဖျော်ဖြေတင်ဆက်မယ်၊ အစားအစာတွေ၊ အသုံးအဆောင်တွေကို ဒီမှာပြသရောင်းချပေးမယ်ဆိုရင် တစ်နေရာတည်းမှာ တစ်စုတစ်ဝေးနဲ့ လာရောက်ပြီးတော့ ကြည့်ရှုလေ့လာနိုင်မယ်၊ ပြည်ပဧည့်သည်တွေလည်း လေ့လာသိရှိသွားမယ်၊ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကတည်းက ဒီစိမ်းလန်းစိုပြည်ပန်းခြံမှာ နှစ်တိုင်းလိုလို ပြည်ထောင်စုနေ့အထိမ်းအမှတ်ပွဲတွေ ဆောင်ရွက်ခဲ့ပါတယ်၊ ဒီနှစ်မှာတော့ ကျွန်မတို့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးပြီး တိုင်းရင်းသားတွေရဲ့ လက်ရာတွေကို ခမ်းခမ်းနားနား ဖော်ထုတ်ပြသမယ်ဆိုပြီး စီစဉ်ဆောင်ရွက်တာပါ" ဟု

*စာမျက်နှာ ၈ ကော်လံ ၁*




မြန်မာ့အလင်း

# တောင်သူလယ်သမားတို့ ဘဝမြင့်မားရေးနှင့် အစိုဓာတ်တိုင်းကိရိယာ

မြန်မာနိုင်ငံ၌ စပါးနှင့်ဆန်များ၏ အစိုဓာတ်ကို တိုင်းတာစစ်ဆေးပေးမည့် ပိုမိုကောင်းမွန်တိကျသည့် စနစ်တစ်ရပ် ပေါ်ပေါက်လာရေးအတွက် ခြေလှမ်းသစ်တစ်ရပ်လှမ်းလိုက်သည်ကို တွေ့ရှိရပါသည်။ အဆိုပါ ခြေလှမ်းသစ်ကို လက်တွဲ ချိတ်ဆက်လှမ်းလိုက်သည့် အဖွဲ့အစည်းနှစ်ရပ်မှာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) နှင့် ဂျပန်နိုင်ငံ Kett Electric Laboratory တို့ ဖြစ်ပါသည်။ အဆိုပါ အဖွဲ့အစည်းနှစ်ရပ်က စပါးနှင့် ဆန်များ၏အစိုဓာတ်ကို တိုင်းတာစစ်ဆေးပေးမည့် ပိုမိုကောင်းမွန်တိကျသည့် စနစ်တစ်ရပ်ပေါ်ပေါက်လာရေးအတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

ဤကဲ့သို့ နားလည်မှုစာချွန်လွှာရေးထိုးခဲ့ရခြင်း၏ အခြေခံအကြောင်းအရင်းတစ်ရပ်သည် မြန်မာနိုင်ငံ၌ လက်ရှိအသုံးပြုလျက်ရှိသော အစိုဓာတ်တိုင်းကိရိယာတို့၏ စိတ်ချရမှု အရည်အသွေးကို ပိုင်းဖြတ်ရန် စံချိန်စံညွှန်းကင်းမဲ့နေခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ စံချိန်စံညွှန်းကင်းမဲ့မှုကြောင့် မည်သည့်အစိုဓာတ်တိုင်းကိရိယာတို့က စိတ်ချရသည်၊ မည်သည့်အစိုဓာတ်တိုင်းကိရိယာတို့က စိတ်မချရပါ ဆိုသည်တို့ကို မဆုံးဖြတ်နိုင်ဖြစ်ရပါသည်။ ထိုကဲ့သို့ မဆုံးဖြတ်နိုင်ရခြင်း၏ နောက်ဆက်တွဲရလဒ်သည် အစိုဓာတ်တိုင်းကိရိယာကဖော်ပြသော အစိုဓာတ်သည် တလွဲတချော်ဖြစ်နိုင်ခြင်း ဖြစ်ပါသည်။ ဤသို့လွဲချော်ပါက တောင်သူလယ်သမားတို့ အနေဖြင့် နစ်နာဆုံးရှုံးရမည် ဖြစ်ပါသည်။

အစိုဓာတ်လွဲချော်မှုကြောင့် တောင်သူလယ်သမားတို့ နစ်နာဆုံးရှုံးနိုင်ပုံကို လယ်ယာလုပ်ငန်းနှင့်စိမ်းသော ပြည်သူတို့သိရှိနိုင်ရန် တင်ပြလိုပါသည်။ စပါးတစ်တင်း၏ စံသတ်မှတ်ချက်သည် ၄၆ ပေါင် ဖြစ်ပါသည်။ သို့သော် စပါးဝယ်ယူသော ကုန်သည်က စပါး၌အစိုဓာတ်ပါသည်ဟူသော အကြောင်းပြချက်ဖြင့် စပါးတစ်တင်းပေါင် ၅၀ နှုန်းဖြင့် စပါးဝယ်ယူခြင်းမျိုး ဖြစ်လာနိုင်ပါသည်။ ဤဖြစ်ရပ်၌ စပါးတွင် အစိုဓာတ် ပါ/ မပါ၊ ပါပါကလည်း မည်မျှပါဝင်သည်ကိုသာ အတိအကျ တိုင်းတာနိုင်ပါက တောင်သူလယ်သမားတို့အနေဖြင့် အစိုဓာတ်ကို အကြောင်းပြု၍ ဈေးနှိမ်ခံရမည့်ဘေးကို တားဆီးကာကွယ်နိုင်မည် ဖြစ်ပါသည်။ လက်ရှိ၌ မြန်မာနိုင်ငံတွင် အစိုဓာတ်တိုင်းတာသည့် ကိရိယာတို့ကို အသုံးပြုနေပြီဖြစ်သော်လည်း အဆိုပါကိရိယာတို့၏ စိတ်ချရမှုကို ဆုံးဖြတ်ပေးမည့် စံချိန်စံညွှန်းတို့ မရှိဖြစ်နေ၍ များစွာအခက်အခဲတွေ့ရပါသည်။ သတင်းမီဒီယာတို့၏ ဖော်ပြချက်အရ အစိုဓာတ်တိုင်း ကိရိယာတို့၏ စံချိန်စံညွှန်းကို ဆုံးဖြတ်ပြဋ္ဌာန်းနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း၌ နှစ်နှစ်ကြာ စီမံကိန်းတစ်ရပ်ကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုလက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာအရ Kett Electric Laboratory က စပါးနှင့်ဆန်တို့၏ အစိုဓာတ်ကို တိုင်းတာစစ်ဆေးပေးမည့် ပိုမိုကောင်းမွန်သော စနစ်တစ်ရပ်ပေါ်ပေါက်လာစေရန် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ ပံ့ပိုးမှုဖြင့် Baseline Survey ကောက်ယူခြင်း၊ Pilot Activities များ ဆောင်ရွက်ခြင်း၊ Seminar များ ကျင်းပခြင်းနှင့် သုတေသနပြုလုပ်ခြင်းတို့ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် လက်တွဲ၍ ၂၀၁၈-၂၀၁၉ ကာလအတွင်း ဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။ တောင်သူလယ်သမားတို့၏ ဘဝမြင့်မားရေးကို တစ်နည်းတစ်ဖုံ အထောက်အပံ့ဖြစ်စေမည့် စာချွန်လွှာလက်မှတ်ရေးထိုးခဲ့ခြင်းနှင့် ဤစာချွန်လွှာ ဖြစ်မြောက်ရေးကို ပံ့ပိုးပေးခဲ့သည့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ ပံ့ပိုးမှုတို့ကို ဝမ်းမြောက်ဂုဏ်ပြုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

တစ်နိုင်ငံလုံးပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊
၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊
၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊
၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊

# ရွှေကျင်မြို့၌ မူလလက်ငုတ်နှင့် မြေယာမဲ့အိမ်ထောင်စုများ မြေယာလုပ်ပိုင်ခွင့်ရရှိရေး စတင်ဆောင်ရွက်



**ရွှေကျင် ဇန်နဝါရီ ၂၉**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရှမ်းကြေးရပ်ကွက် မြို့နယ်ခန်းမ၌ ရွှေကျင်မြို့နယ် မအူပင်ကျေးရွာအုပ်စုမှ မူလလက်ငုတ်နှင့် မြေယာမဲ့အိမ်ထောင်စုများ မြေယာလုပ်ပိုင်ခွင့်ရရှိနိုင်ရေး လျှောက်ထားဆောင်ရွက်နိုင်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး First Founder of Landesa Group မှ အကြံပေးပုဂ္ဂိုလ် စိုက်ပျိုးရေးပညာရှင် ဦးဇော်ဝင်းက မြေလွတ် မြေရိုင်းများအား စိုက်ပျိုးမြေအဖြစ် ဆောင်ရွက်နိုင်ရေးလုပ်ငန်းများ၊ တိုင်းဒေသကြီး လယ်ယာမြေနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးမင်းသိန်းက လယ်ယာမြေဆိုင်ရာ အခွင့်အရေးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းက မူလလက်ငုတ်နှင့် မြေယာမဲ့အိမ်ထောင်စုများအတွက် မြေယာလုပ်ပိုင်ခွင့်စီမံချက်အရ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းပြောကြားပေးသည်။

ဆက်လက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဝင်များက မအူပင်ကျေးရွာအုပ်စုမှ မူလလက်ငုတ်နှင့် မြေယာမဲ့အိမ်ထောင်စုများအား လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ ပုံစံ (၁) များ ပေးအပ်ခဲ့သည်။

မအူပင်ကျေးရွာမှ မြေလွတ် မြေရိုင်းများအား အမေရိကန်နိုင်ငံအခြေစိုက် (Landesa) အဖွဲ့က တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း၍ တောင်သူများ မြေယာပိုင်ဆိုင်မှုရရှိစေရန် ကူညီဆောင်ရွက်ပေးသည့် အဖွဲ့ဖြစ်ပြီး လယ်ယာမြေအဖြစ် ဖော်ထုတ်ကာ မူလလက်ငုတ်နှင့် မြေယာမဲ့ အိမ်ထောင်စုများအား စနစ်တကျ ခွဲဝေချထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော် (မြန်/ဆက်)**

# အဝေးပြေးကားလမ်းမကြီးပေါ်သို့ ရောက်ရှိနေသော ကွန်ကရစ်လျှပ်စစ်မီးတိုင်များအား ရွှေ့ပြောင်းပြီးစီး

**သထုံ ဇန်နဝါရီ ၂၉**

မြန်မာ့အလင်းသတင်းစာ ထင်သာမြင်သာပြုပြင်စရာကဏ္ဍတွင် ဇန်နဝါရီ ၂၉ ရက်ကပါရှိသော အဝေးပြေးကားလမ်းမကြီးပေါ်သို့ ရောက်ရှိနေသော ကွန်ကရစ်လျှပ်စစ်မီးတိုင်များကို ရွှေ့ပြောင်းပေးစေလိုခေါင်းစဉ်ဖြင့် မွန်ပြည်နယ် သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာအုပ်စု သာယာကုန်း ကုန်းထိပ် ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီး မိုင်တိုင်အမှတ် (၁၄၃-၇-၀)အကြားတွင် အဝေးပြေးကားလမ်းမကြီးပေါ်သို့ ရောက်ရှိနေသည့် ကွန်ကရစ်လျှပ်စစ်မီးတိုင်နှစ်တိုင်ကို ဇန်နဝါရီ ၂၉ ရက် ညနေပိုင်းတွင် လမ်းနှင့်လွတ်ကင်းရာသို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းမောင်နှင့်အဖွဲ့က ရွှေ့ပြောင်းပြီးဖြစ်ကြောင်းနှင့် ကျန်သည့်တိုင်သုံးတိုင်ကို ဇန်နဝါရီ ၃၀ ရက်တွင် လွတ်ကင်းရာသို့ ထပ်မံရွှေ့ပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**နန္ဒကျော်စွာ**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၉-၁-၂၀၁၈

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၀/၈၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၅၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၆ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၇ | ・၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ | ・၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၂ | ・၁ |
| ထိုင်း | တစ်ဘတ် | ၄၂ | ・၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၀ |
| တရုတ် | တစ်ယွမ် | ၂၁၉ | ・၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ | ・၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဝိသုတိမအကြိမ် ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

**ဝိသုတိမအကြိမ် (အကြိမ် ၂၀ မြောက်) ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီးကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာရှိ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယကဓမ္မသေနာပတိ ပန္နရသမရွှေကျင် သာသနာပိုင် ဝိဇ္ဇောတာရုံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောတ က ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင် မန္တလေးမြို့ အဝေရာရာမ ရန်ကင်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသြဒါတ သိရီဘိဝံသနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာအကျော် ဝိနယပါဠိပါရဂူ ပိဋကတ္တယပါရဂူ ဒွိပိဋကဓရ အရှင်သိရီ ကဉ္စနာ ဘိဝံသတို့က ဆောင်ရွက်တော်မူကြသည်။

ထို့နောက် အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော သံဃာအရေအတွက်ကို လျှောက်ထား၍ အစည်းအဝေး ထမြောက်ကြောင်း ကြေညာသည်။

**ဖွင့်လှစ်ပေးတော်မူ**

ယင်းနောက် အခမ်းအနားမှူးဆရာတော်များက အစည်းအဝေးသဘာပတိနှင့် အရန်သဘာပတိဆရာတော်များအား တင်မြှောက်တော်မူကြပြီး အစည်းအဝေးကို သာသနဿစ လောကဿ စသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပေးတော်မူကြသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ ကန်ရွာကန်တောရကျောင်း ဂိုဏ်းလုံးဝန်ဆောင်နာယက သာသနဓဇ သိရီပဝရ ဓမ္မာစရိယဆရာတော် ဘဒ္ဒန္တတိက္ခာနန္ဒ ရေးသားပူဇော်သော အခမ်းအနားဖွင့် ထုတိဝေဒလ္လ မင်္ဂလာဂါထာများကို ရန်ကုန်တိုင်းဒေသကြီး တိုင်းသံဃနာယကအဖွဲ့ဝင် (ရွှေကျင်) ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သာသနာ့ဝန်ဆောင် ကျောင်းတိုက် ပဓာနနာယက သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစန္ဒသိရီ က ဖတ်ကြားပူဇော်သည်။

**သာသနာပြုစိတ်ဓာတ်**

ထို့နောက် အစည်းအဝေးသဘာပတိ နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယာ ဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ ပန္နရသမ ရွှေကျင်သာသနာပိုင် ဝိဇ္ဇောတာရုံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောတ မဟာထေရ်မြတ်က အဖွင့်သြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူရာတွင် သာသနေဥရုံ ဒတွာ-ဟု သဘောထား၍ မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးကို အရှည်ခံ့၍ တည်တံ့ပြန့်ပွားစေရန် ဒီဃဒဿီ သာသနာတော်မြတ်ကြီးအတွက် အရှည်ကို မြော်မြင်၍ ကိုယ်စိတ်ပင်ပန်းမှုကို ပဓာနမထားဘဲ ရွှေကျင်နိကာယ ကိစ္စများကို ညှိနှိုင်းအဖြေရှာ၍ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်ရမည်ဟူသော သာသနာပြုစိတ်ဓာတ်ဖြင့် ကာယ စိတ္တသာမဂ္ဂီပေး၍ ကြွရောက်တော်မူလာကြသည့်အတွက် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း။

**အားရနှစ်သက်ကြည်နူးခဲ့ရ**

တပည့်တော်များသည် ယခင့်ယခင်ကာလများက သံဃပိတာမထေရ်ကြီးတို့၏ သြဝါဒများကို အစဉ်ထာဝရ မျှော်လင့်၍ ဦးထိပ်ပန်ဆင်၍ နာကြားရခြင်းကို အားရနှစ်သက်ကြည်နူးခဲ့ရပါကြောင်း။

ကောင်းမြတ်သော အစဉ်အလာဖြင့် ရွှေကျင်နိကာယ အာစရိယ ဝရမ္ပရတို့သည် ရွှေကျင်ဂိုဏ်းကြီး၏ အရှည်ခံ့၍ တည်တံ့နိုင်စေရန် ကြီးကုန် ကြီးကုန်သော မထေရ်မြတ်ကြီးတို့၏ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ လမ်းစဉ်များကို ငယ်ကုန် ငယ်ကုန်သော သိဿနု သိဿအစဉ်အဆက် ဦးထိပ်ပန်ဆင်၍ လိုက်နာကျင့်သုံးကြသဖြင့် ရွှေကျင်ဂိုဏ်းကြီးသည် ယခု မျက်မှောက် အချိန်တန်အောင် ကျစ်လျစ်သိပ်သည်းစွာဖြင့် စည်းလုံးညီညွတ်လျက်ရှိပါကြောင်း။

ယခုဝိသုတိမအကြိမ်တွင်လည်း ရှေးနည်းအတူပင် စည်းဝေးတိုင်ပင်၍ သုံးသပ်ဆုံးဖြတ်တော်မူကြလျက် အချိုတွင် သကာလောင်းသကဲ့သို့ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်တော်မူကြပါကုန်ဟု မြွက်ကြားသည်။

ယင်းနောက် ဝိသုတိမအကြိမ် (အကြိမ် ၂၀ မြောက်) ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယသံဃာ့အစည်းအဝေး ကျင်းပရေးဗဟိုအလုပ်အမှုဆောင် သံဃာ့အဖွဲ့၏ ကြိုဆိုနှုတ်ခွန်းဆက်(ပစ္စုဂ္ဂမနအဘိမင်္ဂလကထာ)ကို ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ ရန်ကုန်မြို့ သာကေတမြို့နယ် ပါဠိကာရီပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒီဃနိကာယ ကောဝိဒ ဒေါက်တာဘဒ္ဒန္တအင်္ဂီသ က လျှောက်ထားတော်မူသည်။

**သာသနာ့တာဝန်ထမ်းရွက်**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်သမ္မတကိုယ်စား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ဆည်းကပ်ကိုးကွယ်သည်နှင့် အညီ ဗုဒ္ဓဘုရားရှင်၏ အဆုံးအမ ဒေသနာတော်များကို အရှင်မဟာကဿပ အစရှိသော သင်္ဂါယနာတင် ရဟန္တာမထေရ်ကြီးများ ချမှတ်တော်မူခဲ့သည့်အတိုင်း သံဃာတော်အရှင်မြတ်များ ဦးဆောင်၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံအတွင်း တရားဝင်တည်ရှိနေသောသံဃာ့ဂိုဏ်းကြီး ကိုးဂိုဏ်းဝင် သံဃာတော်များသည် မိမိတို့ဆရာစဉ်ဆက် အဆုံးအမ သြဝါဒများအတိုင်း လိုက်နာကျင့်သုံးလျက်ရှိကြသဖြင့် ထေရဝါဒ ပရိယတ္တိသာသနာတော် ထီးဝန်းကြီးတစ်ခုအောက်၌ အားလုံးမကွဲမပြား သာသနာ့တာဝန်ကို ထမ်းရွက်တော်မူလျက်ရှိကြပါကြောင်း။

**ကောင်းမြတ်သောအစဉ်အလာ**

ရွှေကျင်နိကာယသံဃာ့ဂိုဏ်းကြီးသည် ဝိသုတိမအကြိမ် (အကြိမ် ၂၀ မြောက်) သာသနာတော်လုံးဆိုင်ရာ ဂိုဏ်းလုံးဝန်ဆောင် အစည်းအဝေးကြီးကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာ ဆေကိန္ဒာရာမကျောင်းတိုက်ကြီး၌ ၂၉.၁.၂၀၁၈ ရက်နေ့မှ ၃၁.၁.၂၀၁၈ ရက်နေ့အထိ သုံးရက်တိုင်တိုင် ကျင်းပကြမည်ဖြစ်ပါကြောင်း၊ ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီးအတွင်း သာသနာတော်တစ်ရပ်လုံးနှင့်တကွ ဂိုဏ်းသံဃာတော်များ အကျိုးအတွက် လိုအပ်သော ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ စည်းမျဉ်းဥပဒေများ ထုတ်ပြန်ခြင်း၊ မဟာထေရ်ဆရာတော်ဘုရားကြီးများ၏ အဆုံးအမသြဝါဒများကို ခံယူလိုက်နာကျင့်သုံးကြခြင်း စသည့်ဆောင်ရွက်ချက်များမှာ စည်းလုံးညီညွတ်သော သံဃာ့အဖွဲ့အစည်းကြီးတစ်ရပ်၏ ကောင်းမြတ်သော အစဉ်အလာများဖြစ်၍ တပည့်တော်တို့ ဒါယကာ ဒါယိကာမများအနေနှင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကြည်ညိုပူဇော်လျက်ရှိကြကြောင်း။

ရှေ့ဆက်လက်၍ ဆရာတော်ဘုရားများ ဆောင်ရွက်တော်မူနေသည့် သာသနာတော်ဆိုင်ရာကိစ္စနှင့် သံဃာ့အဖွဲ့အစည်းဆိုင်ရာကိစ္စများတွင် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သော အကူအညီများ၊ ပံ့ပိုးကူညီမှုများအပြင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် စပ်လျဉ်း၍ ဓမ္မစက်ဖြင့် ဆောင်ရွက်ရာတွင် လိုအပ်သော အာဏာစက်အကူအညီများ ပံ့ပိုးပေးလျက်ရှိနေပါကြောင်း၊ ပရိယတ္တိသာသနာတော် အခြေခံဖြင့် တည်တံ့ခံ့ထည်နေသော ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး မညှိုးမှိန်ရလေအောင် ဂိုဏ်းပေါင်းစုံ သံဃာတော်များနှင့် တပည့်တော်တို့ ဒါယကာ ဒါယိကာမများ ဆရာဒကာလက်တွဲ၍ အစဉ်ထာဝရ အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါကြောင်း။

**အကျိုးပွားတိုးဆောင်ရွက်**

ရွှေကျင်နိကာယသံဃာ့ဂိုဏ်းကြီး အဓွန့်ရှည်ကြာတည်တံ့ပါစေ၊ ရွှေကျင်နိကာယသံဃာ့ဝန်ဆောင် သာသနာ့ဥသျှောင် မထေရ်မြတ်ကြီးများ သက်တော်ရှည်ကျန်းမာစွာဖြင့် သာသနာတော်မြတ်ကြီးအကျိုး ပွားတိုးဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ကြောင်း လျှောက်ထားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် "ရွှေကျင်ဂိုဏ်းကြီးတွင် ကျောင်းပေါင်း ၃၇၄၉ ကျောင်း၊ ရဟန်းတော်ပေါင်း ၂၄၈၃၁ ပါး၊ သာမဏေပေါင်း ၂၄၄၄၁ ပါး စုစုပေါင်း သံဃာတော် ၄၉၂၇၂ ပါးရှိပြီး ပရိယတ်၊ ပဋိပတ် နှစ်ရပ်ပြည့်ဝ-ဂိုဏ်းပေါင်းခသည့် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဓမ္မကထိကဆရာတော်ကြီးများ စသည်တို့ ပေါ်ထွန်းခဲ့ပြီး ယခုလက်ရှိလည်း ပေါ်ထွန်းလျက်ရှိသည်ကို ကြားသိရပါသည် ဘုရား၊ ဖူးတွေ့ခွင့်များလည်း ရရှိနေပါကြောင်း။

"နိုင်ငံတော်အစိုးရကလည်း ဂိုဏ်း၊ ဂဏ၊ ပုဂ္ဂလ ခွဲခြားသတ်မှတ်မှုမရှိဘဲ ဗုဒ္ဓသာသနာရေးကို အားပေးလျက်ရှိပါကြောင်းကိုလည်း အထူးပင့်လျှောက်ထားလိုပါကြောင်း။

**ပစ္စည်းလေးပါးအစဉ်အမြဲလှူဒါန်း**

"ယခုကဲ့သို့ ရွှေကျင်နိကာယဝင် ဆရာတော်၊ သံဃာတော်များကို တစ်နေရာတည်းမှာပင် စုံစုံညီညီဖူးတွေ့ခွင့်ရရှိသည့်အတွက်လည်း သာမဏာနုဒ္ဒဿန မင်္ဂလာတိုးပွားရပါကြောင်း၊ အလွန်ပင်ဝမ်းမြောက်မိပါကြောင်း လျှောက်ထားလိုပါကြောင်း။

"ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ထေရဝါဒဗုဒ္ဓသာသနာပြုဆရာတော်သံဃာတော်များ သာသနာပြုကိစ္စ ဆောင်ရွက်ကြရာတွင် မပင်မပန်း ချမ်းသာလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ပစ္စည်းလေးပါးဖြင့် အစဉ်အမြဲအားပေးလှူဒါန်းထောက်ပံ့သွားမည်ဖြစ်ပါကြောင်း" လျှောက်ထားသည်။

ယင်းနောက် ရုရှားနိုင်ငံ မော်စကိုမြို့ မြန်မာထေရဝါဒ ဗုဒ္ဓဘာသာကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏဿရိယ က ရုရှားနိုင်ငံတွင် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်မှုများကို ဖတ်ကြားလျှောက်ထားတော်မူသည်။

**လှူဖွယ်ဝတ္ထုပစ္စည်းလှူဒါန်း**

ဆက်လက်၍ သဘာပတိဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် ဇနီး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝိသုတိမအကြိမ် (အကြိမ် ၂၀ မြောက်) ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယသံဃာ့ အစည်းအဝေးကြီး ဖြစ်မြောက်ရေးအတွက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က လှူဒါန်းသော အလှူငွေကျပ်သိန်း ၃၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က လက်ခံသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံပြီး သဘာပတိဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကာ အစည်းအဝေးကို နံနက်ပိုင်းတွင် ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် မတ္တရာသူဌေးကျောင်းဆရာတော် ဘဒ္ဒန္တ မာနိတ သိရီဘိဝံသနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ ပဓာနနာယက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအာစိဏ္ဏတို့က သြဝါဒကထာများကို မြွက်ကြားချီးမြှင့်တော်မူကြသည်။

**အစည်းအဝေးပထမနေ့ရပ်နား**

ထို့နောက် သီရိလင်္ကာနိုင်ငံ ရွှေကျင်နိကာယသာသနာရေးရာ လျှောက်ထားလွှာကို သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ ဝိသုဒ္ဓါရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရတန ဇောတိ က ဖတ်ကြား လျှောက်ထားပြီး သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ အရှင်သန္တိန္ဒြိယက ဗုဒ္ဓသာသနာစာတမ်းကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပုဇွန်တောင် ရွှေကျင်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တခေမာစာရ ရေးသားပူဇော်အပ်သော ဓမ္မသေနာပတိ အဘယာရာမဆရာတော် (သို့မဟုတ်) အဘယာရာမသီဟနာဒစာတမ်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သဒ္ဓမ္မရံသီ ရိပ်သာဆရာတော် ဘဒ္ဒန္တဝဏ္ဏိတက လည်းကောင်း ဖတ်ကြားလျှောက်ထားတော်မူကြပြီး အစည်းအဝေးပထမနေ့ကို ညနေပိုင်းတွင် ရပ်နားသည်။

ဝိသုတိမအကြိမ် (အကြိမ် ၂၀ မြောက်) ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယသံဃာ့အစည်းအဝေးကြီးကို ယနေ့မှ ဇန်နဝါရီ ၃၁ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညပိုင်းတွင် တိပိဋကယောဆရာတော်၊ သီတဂူဆရာတော်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်တို့က တရားတော်များ ဟောကြားချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရာဇဝတ် အထူးအယူခံမှု (၆) မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူး အယူခံမှု (၆)မှုကို ကြားနာကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အရည်အသွေးပြည့်ဝသော ပညာရေးအခွင့်အလမ်းထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၉**

ပါမောက္ခဆရာကြီး ဒေါက်တာအောင်ထွန်းသက်၏ ထိရောက်သော ပညာရေးစီမံခန့်ခွဲမှု (Effective Education Management) ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (အလုံ)ရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။




ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး **(အပေါ်ယံပုံ)** က ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများအား လူသားကောင်းများ ဖြစ်စေရန်၊ ပူးပေါင်းပါဝင်ဆောင်ရွက် တတ်သူများဖြစ်စေရန်၊ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်တတ်စေရန်၊ တီထွင် ဆန်းသစ်နိုင်စွမ်းရှိသူများ ဖြစ်လာစေရန်၊ ပြုစုပျိုးထောင် သင်ကြားသင်ယူ လေ့ကျင့်ပေးရမည် ဖြစ်ပါကြောင်း၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားရေး၊ ကျောင်းထွက်သူမရှိရေး၊ မည်သည့် ခွဲခြားမှုမျှ မရှိရေးတို့ကို အလေးထား ဆောင်ရွက်ကြရန်နှင့် ထိရောက်သော ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုတို့ကို လေ့ကျင့်ကြိုးစား ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပါမောက္ခဆရာကြီး ဒေါက်တာ အောင်ထွန်းသက်က ဟောပြောပို့ချရာတွင် ပညာရေး အရည်အသွေးပြည့်ဝမှုနှင့် ပြုပြင်ပြောင်းလဲရေး အတွက် လိုအပ်သော စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု၊ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုအတွက် လိုအပ်သော ဆောင်ရွက်ရမည့်အချက်များ၊ ကျောင်းအုပ်များက ထိရောက်သော ကျောင်း အရည်အသွေး ပြည့်ဝရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ၊ ကျောင်းသား ကျောင်းသူများသင်ယူတတ်မြောက်ရန်၊ သင်ကြားသင်ယူမှု ဝန်းကျင်ကောင်း ဖန်တီးရန်နှင့် ဆရာ ဆရာမများ၏ အသိပညာနှင့် တတ်ကျွမ်းမှုမြင့်မားရန်၊ ပူးပေါင်းဆောင်ရွက်မှု၊ ကူညီဖြည့်ဆည်း ဆောင်ရွက်မှု၊ ကျင့်ဝတ်၊ မျှော်မှန်းချက်၊ ပေါင်းစပ်ညှိနှိုင်းစောင့်ရှောက်မှု၊ စိတ်အား ထက်သန်မှု၊ တာဝန်ယူ၊ တာဝန်ခံမှု၊ စီမံကိန်းရေးဆွဲ၍ အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲဦးဆောင်မှုစသည့် ကျောင်းအုပ်များ၊မြို့နယ်၊ တိုင်း၊ တိုင်းဒေသကြီး ပညာရေးမှူးများက မိမိတတ်ကျွမ်းသည့် ပညာဖြင့် ကျောင်းသား ကျောင်းသူများအား အရည်အသွေးပြည့်ဝသော ပညာရေး အခွင့်အလမ်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပါမောက္ခဆရာကြီး ဒေါက်တာအောင်ထွန်းသက်က ပြန်လည်ဆွေးနွေး ဖြေကြားကြောင်း သိရှိရသည်။ **သတင်းစဉ်**

# အလယ်အလတ်အဆင့် ဥပဒေအရာရှိများ မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အလယ်အလတ်အဆင့် ဥပဒေအရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ လတတိယပတ်က ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုရှေ့နေချုပ်က ယခုသင်တန်းမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံးများရှိ ဥပဒေအရာရှိ အဆင့်-၁၊ အဆင့်-၂ တို့အတွက် လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သော သင်တန်းဖြစ်ကြောင်း၊ သင်တန်းသားအရာရှိများ အနေဖြင့် လက်တွေ့ဆောင်ရွက်ရသည့် တရားစွဲနှင့် အမှုလိုက်ဆိုင်ရာလုပ်ငန်းများတွင် လိုအပ်ချက်များကို လေ့လာမှတ်သားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဥပဒေရေးဆွဲရေးလုပ်ငန်းများ၊ ဥပဒေအကြံပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများမရှိစေရေးအတွက် ဤသင်တန်းမှ ဆွေးနွေးပို့ချချက်များနှင့် အတွေ့အကြုံများကို ပေါင်းစပ်၍ ဆောင်ရွက်ပါက များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဥပဒေအရာရှိများသည် လာဘ်ပေးလာဘ်ယူ ကင်းရှင်းရန်နှင့် မိမိတို့၏ ပညာလုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူတတ်ပြီး ပန်းတိုင်ရောက်အောင် ကြိုးစားကြရန်လိုပါကြောင်း၊ ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသော ပညာ ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းနေထိုင်ကြရန် မှာကြားခဲ့သည်။




အဆိုပါ အခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် လေးပတ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ❍ ကျောဖုံးမှ

"ကျွန်တော်တို့က မိသားစုအလိုက်လာကြတာ အပေါက်ဝရောက်မှ လူကြီးကနှစ်ထောင်၊ ကလေးတွေပါ ပေးရမယ်ဆိုလို့ အထဲမဝင်ဖြစ်တော့ဘဲ အပြင်ကပဲ လှမ်းကြည့်ပြီး ပြန်ထွက်လာခဲ့တယ်"ဟု တောင်ငူမြို့ခံတစ်ဦးက ပြောသည်။

ထို့အပြင် ညပိုင်းအချိန် လာရောက်ကြည့်ရှုသူများအနေဖြင့် အမှတ်တရ ဓာတ်ပုံများရိုက်ကူးရာ၌ လျှပ်စစ်ဝိုင်ယာကြိုးများကို သတိပြုရန်လိုအပ်ကာ ကိုင်တွယ်ကြည့်ရှုလျှင် ဓာတ်လိုက်နိုင်ကြောင်း ဆိုင်းဘုတ်များဖြင့် သတိပေးထားသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၉**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အတင့်အသင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်မည်။

နေပြည်တော်၊ရန်ကုန်မြို့ နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဝင်းနိုင်ထွန်း | ညွှန်ကြားရေးမှူးချုပ် |
| ညွှန်ကြားရေးမှူးချုပ် | ပြန်လည်ထူထောင်ရေးဦးစီးဌာန |
| လုံခြုံရေးအရာရှိချုပ်ဌာနကြီး | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် |
| နိုင်ငံတော်သမ္မတရုံး | ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာဒေါ်ရီရီမြင့် | ပါမောက္ခချုပ် |
| ညွှန်ကြားရေးမှူးချုပ် | (ဆေးရုံအုပ်ကြီး/ကုသရေး) |
| တိုင်းရင်းဆေးပညာဦးစီးဌာန | ရန်ကုန်ပြည်သူ့ဆေးရုံကြီး |
| ကျန်းမာရေးနှင့် | ကျန်းမာရေးနှင့် |
| အားကစားဝန်ကြီးဌာန | အားကစားဝန်ကြီးဌာန |

# သံအမတ်ကြီး ဦးဟန်သူ သီရိလင်္ကာနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၃၀**

သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟန်သူသည် ၎င်း၏ ခန့်အပ်လွှာကို ဇန်နဝါရီ ၂၃ ရက်တွင် ကိုလံဘိုမြို့၌ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုင်သရီပါလ ဆီရီစီနာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

# ကော်ဖီစိုက်ပျိုးထုတ်လုပ်နည်း သင်တန်းဖွင့်




**နေပြည်တော် ဇန်နဝါရီ ၂၉**

စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)ကော်ဖီ-ရာသီသီးနှံဌာနခွဲနှင့် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့နယ် လုံဟေးကျေးရွာတွင် ဘိန်းအစားထိုး ကော်ဖီစိုက်တောင်သူများအတွက် အရည်အသွေးမြင့် အထူးတန်းဝင် ကော်ဖီစိုက်ပျိုးထုတ်လုပ်နည်း ပညာပေးသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှု ဆိုင်ရာ UNODC(United Nations Office on Drugs and Crimes) ၏ ဘိန်းအစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းကို မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှ စတင်ခဲ့ပြီး ဟိုပုံးနှင့် လွိုင်လင်ခရိုင် မဲနယ်တောင်တန်းတစ်လျှောက် ဘိန်းစိုက်တောင်သူများအား ဝင်ငွေရရှိမှု ရေရှည်တည်တံ့သော ကော်ဖီပင်များ စိုက်ပျိုးစေခဲ့သည်။ စိုက်ပျိုးထားသော ကော်ဖီမျိုးများမှာ ဈေးကွက်ကြိုက်မျိုးဖြစ်သော်လည်း နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးမီကော်ဖီ (Speciality Coffee) ထုတ်လုပ်နိုင်ရန် စတင်စိုက်ပျိုးသည်မှ ကော်ဖီစေ့ပြုလုပ်သည်အထိ ထုတ်လုပ်မှုအဆင့်တိုင်းအတွက် ခေတ်မီထုတ်လုပ်မှုနည်းပညာများ လိုအပ်လျက်ရှိရာ အဆိုပါထုတ်လုပ်မှု အဆင့်ဆင့်တို့၏ နည်းပညာများကို ကော်ဖီစိုက်တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာ ဆောင်ရွက်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ကုန်းမြင့်ကော်ဖီမျိုးစေ့များကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ကော်ဖီစိုက်ပျိုးနည်းစနစ် စာအုပ်များကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ကုန်းမြင့် ကော်ဖီမျိုးများကိုလည်းကောင်း ပေးအပ်ကြရာ ဒေသခံတောင်သူများက လက်ခံရယူကြသည်။

ဟိုပုံးမြို့နယ် လုံဟေးကျေးရွာ ဘိန်းအစားထိုး ကော်ဖီစိုက်တောင်သူများ အတွက် အရည်အသွေးမြင့် အထူးတန်းဝင် ကော်ဖီစိုက်ပျိုးထုတ်လုပ်နည်းပညာပေးသင်တန်းကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး ယနေ့ ပေးအပ်ခဲ့သော ကော်ဖီမျိုးစေ့များမှာ ဘိန်းအစားထိုး ကော်ဖီစိုက်တောင်သူများအတွက် ကော်ဖီပျိုးပင် ၄၀၀၀၀ ပျိုးထောင်စိုက်ပျိုးနိုင်မည့် ကော်ဖီမျိုးစေ့များဖြစ်ကာ နည်းပညာလိုအပ်ချက်များကို ဒေသရှိ စိုက်ပျိုးရေးဝန်ထမ်းများက အနီးကပ် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့ရှိ စွမ်ခမ်း(စွမ်တောင်း) စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ရှိ စွမ်ခမ်း(စွမ်တောင်း) စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်ပွဲ ကုသိုလ်တော်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအား ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တခေမာစာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပရိတ်တရားတော်များနာယူ**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က စွမ်ခမ်း(စွမ်တောင်း)စေတီတော်မြတ်ကြီးအား ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ထံ ဆက်ကပ်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ စွမ်ခမ်းကျောင်းတိုက်မှ အရှင်ပရိယတ္တိဒါရိက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် စွမ်ခမ်းစေတီတော်မြတ်ကြီး ပုံတူအား ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ လှိုင်လင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာနန္ဒထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ဆက်လက်ပြီး ဆရာတော်သံဃာတော်များက စွမ်ခမ်း(စွမ်တောင်း)စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ကော့သောင်းမြို့နယ်အတွက် Set Top Box များ ပြန်ကြားရေးဝန်ကြီးဌာနမှ ပေးအပ်လှူဒါန်း

**ကော့သောင်း ဇန်နဝါရီ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ ပြည်သူများဗဟုသုတရစေရန် ရည်ရွယ်၍ Set Top Box အလုံး ၅၀ ကို ယနေ့ နံနက်ပိုင်းတွင် ပေးအပ်လှူဒါန်းသည်။

**လွှဲပြောင်းပေးအပ်**

အဆိုပါ လှူဒါန်းပွဲကို ကော့သောင်းမြို့ ဗစ်တိုးရီးယားကလစ်ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လှူဒါန်းသော Set Top Box အလုံး ၅၀ ကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

# ရင်သွေးငယ်များ ပျော်ရွှင်စွာဆင်နွှဲနိုင်ရန် ရန်ကုန်တောင်ပိုင်းခရိုင်(သန်လျင်)၌ ကလေးစာပေပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၉**

"ကလေးစာပေပွဲတော် ကျင်းပပေးနိုင်ခဲ့ခြင်းကြောင့် ကလေးများအတွက် ပျော်ရွှင်မှု၊ ဗဟုသုတ အတွေးအခေါ် မြင့်မားစေမှု၊ စာအုပ်စာပေကို ချစ်ခင်မြတ်နိုးတတ်မှု၊ စာဖတ်သည့် အလေ့အထများ လေ့ကျင့်ပျိုးထောင်ပေးနိုင်မှု၊ နိုင်ငံချစ်စိတ်၊ တိုင်းကျိုးပြည်ကျိုး ထမ်းဆောင်လိုစိတ်များ မြင့်မားလာစေပြီး ဘဝကို ရဲရင့်မှန်ကန်စွာ ကျော်ဖြတ်နိုင်မည့် အားမာန်သတ္တိများ ပြည့်ဝမှု စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း" ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်က ပြောသည်။

**ပြောကြား**

ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်) ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲတွင် ၎င်းက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကလေးစာပေ ပွဲတော်များကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးနှင့် ရန်ကုန်မြို့တို့ အပါအဝင် ခရိုင်အဆင့် ၁၄ ခရိုင်တွင် ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဖဲကြိုးဖြတ်**

ရန်ကုန်တောင်ပိုင်းခရိုင် ကလေးစာပေပွဲတော်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်၊ ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိုက်၊ သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းနှင့် ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်ပေးကြသည်။ အထက (၂) သန်လျင် ကျောင်းသား ကျောင်းသူလေးများကလည်း ကလေးစာပေပွဲတော် Theme Soung သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်က ဂုဏ်ပြုကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များက ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ပြခန်းများဖွင့်လှစ်**

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် ပုဂ္ဂလိက စာအုပ်အရောင်းဆိုင်များမှ ကလေးများနှင့် သက်ဆိုင်သည့် စာအုပ်စာပေများကို ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့်အပြင် မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး (သန်လျင်) မှလည်း လာရောက်သည့် ကလေးငယ်များအား ပျော်ရွှင်စေရန်အတွက် ပုံတူပန်းချီရေးဆွဲပေးခြင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ စာသင်ကျောင်းများ၊ ပုဂ္ဂလိက စာသင်ကျောင်းများမှလည်း ပညာရေးနှင့် သက်ဆိုင်သည့် ပြခန်းများဖွင့်လှစ်ထားပြီး ကလေးများ ပျော်ရွှင်စေရန်အတွက် ကစားနည်းမျိုးစုံကို ထည့်သွင်းထားကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်၏ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ယနေ့မှ ဇန်နဝါရီ ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-ဇော်မင်းလတ်**



ရန်ကုန်တောင်ပိုင်း ခရိုင်(သန်လျင်) ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင် အမှာစကားပြောကြားစဉ်။



ရန်ကုန်တောင်ပိုင်းခရိုင်(သန်လျင်) ကလေးစာပေပွဲတော်တွင် စာအုပ်ဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ထားရာ ကျောင်းသား ကျောင်းသူများက ဝယ်ယူအားပေးနေကြစဉ်။

# ဘေးကင်းစွာ စားပါသောက်ပါ ထုတ်လုပ်ရောင်းချပါ

***ဒေါက်တာသန်းအောင်စိုး***

လူတို့သည် အမိဝမ်းတွင်းမှ မွေးဖွားပြီး မိခင်နို့သောက်စို့သည်မှ အစပြု၍ လူ့ဘဝနိဂုံး သေဆုံးသည်အထိ စားသောက်ခြင်းကို နိစ္စဓူဝ ပြုလုပ်ကြသည်။ အစားအသောက်ကြောင့် ကြီးထွားလာရသည်။ ကျန်းမာလာရသည်။ ဘဝ၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ကြသည်။ "အစာလည်း ဆေး၊ ဆေးလည်းအစာ" ဖြစ်ခဲ့ကြသည်။ သို့သော် အစားအသောက်မမှန်သောအခါ၊ အစားအသောက်မသန့်ရှင်းသောအခါ ကြီးထွားဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ အာဟာရမပြည့်ဝခြင်း၊ ရောဂါရခြင်း၊ အစာအဆိပ်သင့်ခြင်း၊ အသက်အန္တရာယ်ဆုံးပါးခြင်း စသည်ဖြင့် ထိထိခိုက်ခိုက် ခံစားကြရသည်။ ဘေးကင်းစွာ စားသောက်ရန် လိုအပ်လှပါသည်။

**ကျန်းမာရေးနှင့် ညီညွတ်ရန်လိုအပ်လာ**

အစားအသောက်စားသုံးရာတွင် "တန်ဆေး၊ လွန်ဘေး" ဟူသော စကားရှိသည်။ အလွန် အမင်းများပြားစွာ စားသုံးပါက ဘေးဖြစ်စေတတ်သဖြင့် စားသုံးသူကိုယ်တိုင်က သင့်တင့်မျှတရုံနှင့် အာဟာရဓာတ် ပြည့်စုံအောင် စားရမည်ဖြစ်သည်။ ယခင်အခါက ယခုကဲ့သို့ အရောင်ဆိုးဆေးများ၊ ပိုးသတ်ဆေးနှင့် ဓာတ်ကြွင်းအာနိသင်များ မရှိခဲ့သည့်အတွက် "စားပိုးနင့်" အောင် မစားရန်သာ တားမြစ်ခဲ့သည်။ ယခုအခါတွင်မူ စားစရာသောက်စရာများ သန့်ရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်ရန် လိုအပ်လာသည်။

စားစရာနှင့် သောက်စရာများ သန့်ရှင်းရန်မှာ အဓိကသုံးချက် လိုအပ်ပါသည်။ (Physical) မလိုလားအပ်သော ပစ္စည်းပါဝင်မှုမရှိရန်၊ (Harmful Microorganism) ရောဂါဖြစ်စေသော အဏုဇီဝပိုးမွှားများကင်းစင်ရန်နှင့် (Chemical Residue) ဓာတုပစ္စည်းများ သတ်မှတ်ပမာဏထက် ကျော်လွန်၍ မပါဝင်ရန် ဖြစ်သည်။

အစားအသောက်တွင် မလိုလားအပ်သော ပစ္စည်းပါဝင်မှုမှာအမြင်ဖြင့်ပင် သိသာစွာ တွေ့ရှိနိုင်သည်။ အစားအသောက်တွင် သစ်သားစ၊ သစ်ရွက်၊ သံကြွပ်စ၊ အမှိုက်၊ ယင်ကောင်၊ ဆံချည်မျှင်စသည့် အစားအသောက်နှင့် မသက်ဆိုင်သည့် ပစ္စည်းများ ပါဝင်မှုလုံးဝမရှိရန် ဖြစ်သည်။ လုပ်ကိုင်ချက်ပြုတ်ရင်း၊ အစားအစာပြင်ဆင်ရင်း ဆံချည်မျှင်အများဆုံး ပါဝင်တတ်သည်။

"ပိုးပေါင်းများစွာ ဤကမ္ဘာ"ဟု ဆိုရမလောက်ပင် အဏုဇီဝပိုးမွှားများကလည်း ပတ်ဝန်းကျင်တွင် အမြဲရှိနေသည်။ မြေကြီးပေါ်တွင်ရှိသည်၊ နေအိမ်ကြမ်းပြင်တွင် ရှိသည်။ မိမိကိုယ်ပေါ်မှာလည်း ရှိသည်။အသက်ရှူနေရသော လေထုထဲတွင်လည်း ရှိသည်။ အဏုဇီဝပိုးမွှားတိုင်းကို ကြောက်စရာမလိုပါ။ အချို့အဏုဇီဝပိုးများက လူ၊ တိရစ္ဆာန်များ၏ အစာချေဖျက်ရာတွင် ကူညီသည်။ အချို့က အနံ့အသက်ဆိုးများကို ဖယ်ရှားပေးသည်။ အချို့က အပင်များကို အာဟာရဓာတ်စုပ်ယူမှု၊ အစာချေမှု ပိုကောင်းအောင် ကူညီသည်။ သို့သော် အချို့အဏုဇီဝပိုးတို့မှာ လူ၊ တိရစ္ဆာန်နှင့် အပင်တို့ကို ရောဂါရစေသည်။အစားအသောက်များတွင် (Ecoli, Salmonella, Streptococcus, Staphylococcus) စသည့် ဗက်တီးရီးယားများ၊ ဗိုင်းရပ်များ (Virus)၊ ရိ(စ်)နှင့် မှိုများ (Yeast and Mould) များပါဝင်ပါက အစာအဆိပ်သင့်စေသည်။ အဏုဇီဝပိုးအမျိုးအစားကိုလိုက်၍ အော့အန်ပြီး ဝမ်းသွား၍ မေ့မြောသည်မှ သေဆုံးသည်အထိ ဖြစ်နိုင်သည်။ ထို့ကြောင့် ရောဂါပြင်းထန်စွာဖြစ်စေနိုင်သော အဏုဇီဝပိုးများ အစားအသောက်တို့တွင် လုံးဝမပါဝင်ရန် ကန့်သတ်ထားရခြင်းဖြစ်သည်။

**ကျန်းမာရေးဆိုးကျိုးဖြစ်စေ**

ဓာတုပစ္စည်းများပါဝင်မှုမှာလည်း အကန့်အသတ်ရှိသည်။ ကျန်းမာရေးအတွက် သံဓာတ်ဆိုဒီယမ်၊ မဂ္ဂနီဆီယမ်၊ ဇင့်၊ ကယ်လစီယမ်၊ ကလိုရိုဒ်၊ (Iron, Sodium, Magnesium, Zinc, Calcium, Chloride ) စသည်ဖြင့် ဓာတ်များ

> **"ယခင်ကအင်ဖက်ဖြင့် ထုပ်ပိုး၊ လက်ဖက်ရည်၊ မုန့်ဟင်းခါးချိုင့်ဆွဲဝယ်ယူရာမှ ကြွပ်ကြွပ်အိတ်များ သုံးစွဲလာကြသဖြင့် အပူနှင့် ကြွပ်ကြွပ်အိတ်ထိတွေ့ပါက (Carcinogenic agent) ဟုခေါ်သည့် ကင်ဆာဖြစ်စေတတ်သော ဓာတ်တစ်မျိုးကို ထွက်ရှိစေ"**

လိုအပ်သည်။ သို့သော်လည်း သတ်မှတ်ပမာဏထက် ပိုမိုကျော်လွန်ပါက ကျန်းမာရေးကို ဆိုးကျိုးဖြစ်စေသည်။ ရေကြီးနစ်မြုပ်သဘာဝဘေးအန္တရာယ် ကျရောက်သောနေရာများတွင် သောက်ရေသန့်ရှင်းရန်အတွက် ကလိုရင်းဆေးခတ်ရန် သောက်သုံးသည်ဆိုပါစို့၊ ကလိုရင်းသည် သောက်ရေတစ်လီတာတွင် ၂၅၀ မီလီဂရမ် ပမာဏသာ အလွန်ဆုံးပါဝင် ရမည်ဖြစ်သည်။ (4 PPM၊ ရေအပုံတစ်သန်းတွင် လေးပုံသာပါဝင်ရမည်) ရေကိုပိုသန့်လို၍ ယင်းပမာဏထက်ပိုမိုထည့်ပါက ကျန်းမာရေးကို ထိခိုက်နိုင်သည်။ အာဆင်းနစ် (Arsenic) ကဲ့သို့သော ဓာတုပစ္စည်းများကတော့ သောက်ရေတွင် လုံးဝမပါသင့်ပါ။ ထို့အတူပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာ ကြွင်းကျန်ရစ်သော အစားအသောက်များသည်လည်း ရေရှည်တွင် ကျန်းမာရေးကို ထိခိုက်စေသည်။

**ကျန်းမာရေးအတွက် ကောင်းမွန်သောအလေ့အထ**

မြန်မာနိုင်ငံတွင် အစားအစာကို ကျက်အောင်ချက်ပြုတ်စားသောက်ခြင်းနှင့် ရေကိုကျိုချက်၍ သောက်ခြင်း (ရေနွေးကြမ်း) သောက်ခြင်းမှာ ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သော အလေ့အထပင်ဖြစ်သည်။ အသားများချက်ပြုတ်ရာတွင်လည်း အသားနူးအောင် ၁၅ မိနစ်၊ နာရီဝက်ခန့် ချက်ပြုတ်ကြသဖြင့် ရောဂါပိုးမွှားအားလုံးလိုလို သေကျေပျက်စီးသွားသည်။ အချို့ဓာတ်သတ္တုများလည်းအပူကြောင့် ပျက်စီးသွားသည်။ ရေကိုကျိုချက်သောက်ခြင်းသည်လည်း ထို့အတူပင်ဖြစ်သည်။ ထို့ကြောင့် အစားအစာကို ကျက်အောင်ချက်ပြုတ်စားသောက်ခြင်း၊ ရေကိုကျိုချက်၍ သောက်ခြင်းတို့မှာ ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သော ရလဒ်ကို ရရှိစေပါသည်။

**လက်ကိုစင်ကြယ်စွာဆေး**

သန့်ရှင်းသော စားစရာသောက်စရာကို ညစ်ပေသောလက်၊ တူ၊ ဇွန်း၊ ခက်ရင်းတို့ဖြင့် စားသုံးပါကလည်း ရောဂါပိုးမွှားဝမ်းဗိုက်အတွင်းသို့ ဝင်ရောက်ပြီး ဒုက္ခပေးနိုင်သည်။ ထို့ကြောင့် အစားအသောက်မစားမီ လက်ကိုစင်ကြယ်စွာဆေးခြင်းကလည်း လွယ်ကူသလောက် မလိုက်နာဖြစ်ကြသော ကိစ္စဖြစ်သည်။ လက်ကို စိုစွတ်ရုံသာ ဆေးသောအလေ့အထကိုလည်း ဖျောက်ကြရပေမည်။

Food Safety ဟုခေါ်သော အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးသည် " From Farm to table " စိုက်ပျိုးရေး၊ မွေးမြူရေးခြံမှ စားပွဲပေါ်အထိ သန့်ရှင်းရန် လိုအပ်သည်။ Good Agricultural Practice (GAP) ဟုခေါ်သည့် ကောင်းမွန်သော စိုက်ပျိုးမှုကျင့်စဉ်၊ Good Animal Husbandry Practice (GAHP) ဟုခေါ်သည့် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များကိုလည်း လိုက်နာရန် လိုပါသည်။ သို့မှသာ ပိုးသတ်ဆေးဓာတ်ကြွင်းများ၊ ဓာတ်မြေသြဇာဓာတ်ကြွင်းများ၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများမှ Antibiotics Residue ပဋိဇီဝဆေးကြွင်းများ၊ Hormone Residue ဟော်မုန်းဓာတ်ကြွင်းများ ကင်းစင်မည်ဖြစ်ပါသည်။

ဝယ်ယူစားသုံးသူများက သန့်ရှင်းသော၊ ဘေးအန္တရာယ်ကင်းသော အစာကိုသာ ဝယ်ယူလိုကြပေသည်။ သို့သော် ဈေးကွက်တွင်ရှိသော အစားအသောက်ကိုသာ ဝယ်ယူစားသုံးရသောကြောင့် ထုတ်လုပ်ရောင်းချသူများကလည်း ကျန်းမာရေးနှင့်အညီ ကိုယ်တိုင်ထုပ်ပိုး ရောင်းချရန် အရေးကြီးပါသည်။ လမ်းဘေးအသုပ်စုံရောင်းချသူပင် ခြင်၊ ယင်မနား၊ ဖုန်မဝင်အောင် ပလတ်စတစ် အကြည်ဖြင့် ဖုံးအုပ်ထားခြင်း၊ လက်အိတ်ဖြင့် အသုံးပြု၍ ထည့်ပေးခြင်း၊ ခေါင်းဆောင်း၊ နှာခေါင်းစည်းစည်းထားခြင်းအားဖြင့် ကျန်းမာရေးနှင့် ညီညွတ်ကာပိုမိုရောင်းရနိုင်သည်။

ပုစွန်တုပ်များ စိမ်းနေအောင်အရောင်ဆိုးခြင်း၊ အမဲသားများ၊ ဝက်အူချောင်းများ အရောင် နီရဲနေစေရန် ယမ်းစိမ်းထည့်ခြင်း၊ ငါးပိအမြန်နူးနပ်စေရန် ဓာတ်မြေသြဇာထည့်ခြင်း၊ ချက်နို့ဆီ၊ ပဲသွေးများ တာရှည်ခံရန် ဖော်မလင် ထည့်ခြင်းများမှာ မိမိတို့ထံမှ ဈေးဝယ်ယူသူကို အဆိပ်ထည့်ရောင်းနေခြင်းဖြစ်သည်ဟု ခံစားနားလည်စေချင်သည်။ ကြက်သား၊ ငါးပတ်ငါးတို့ကို အရောင်ဝါနေရန် လတ်ဆတ်သည်ဟုထင်ရန် နနွင်းမှုန့်သုတ်လိမ်းခြင်းက ဆေးကြောချက်လျှင် အန္တရာယ်မဖြစ်စေသော်လည်း ဆိုးဆေးအဝါရောင်ကိုမူ မသုံးသင့်ပါ၊ အချဉ်ထုပ်များနှင့် သရေစာများတွင်လည်း အရောင်ဆိုးဆေးများ မထည့်သင့်ပါ၊ စားသောက်စရာများ ဆွဲဆောင်မှုရှိရန်အတွက် စားသုံးနိုင်သော ခွင့်ပြုထားသော ဆိုးဆေးများလည်းရှိသည်။ သို့သော်လည်း အလွန်ဈေးကြီးသည့်အတွက် ဈေးပေါသော ချည်ဆိုးဆေးများကို သုံးမိတတ်ကြသည်။ ထို့ကြောင့် ဆိုးဆေးသုံးလိုပါက ဈေးကြီးသည့် ခွင့်ပြုဆိုးဆေးကိုသာ သုံးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ကင်ဆာဖြစ်စေတတ်သော ဓာတ်တစ်မျိုးထွက်ရှိ**

ယခင်ကအင်ဖက်ဖြင့် ထုပ်ပိုး၊ လက်ဖက်ရည်၊ မုန့်ဟင်းခါးချိုင့်ဆွဲဝယ်ယူရာမှ ကြွပ်ကြွပ်အိတ်များသုံးစွဲလာကြသဖြင့် အပူနှင့် ကြွပ်ကြွပ်အိတ်ထိတွေ့ပါက (Carcinogenic agent) ဟုခေါ်သည့် ကင်ဆာဖြစ်စေတတ်သော ဓာတ်တစ်မျိုးကို ထွက်ရှိစေပါသည်။ ထို့ကြောင့် ထုပ်ပိုးရာတွင်လည်းအန္တရာယ်ဖြစ်စေသောခဲစက္ကူ၊ သတင်းစာစက္ကူ၊ ပလတ်စတစ်တို့ဖြင့် တိုက်ရိုက်မထုပ်ဘဲ ခွင့်ပြုထားသော၊ သတ်မှတ်ထားသောထုပ်ပိုးပစ္စည်းများကိုသာ အသုံးပြုလိုက်နာရန်လည်း လိုအပ်ပါသည်။

စီးပွားဖြစ် ထုပ်ပိုးရောင်းချသောပစ္စည်းများကို သတ်မှတ်စံချိန်စံနှုန်းများ ပြည့်မီမှုရှိ၊ မရှိကို စိစစ်၍ FDA အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်လက်မှတ်ကိုစိစစ်၍ ထုတ်ပေးလျက်ရှိပါသည်။

ဝယ်ယူစားသုံးသူများ အနေဖြင့်လည်း Labelling ဟူသည့်အမှတ်တံဆိပ်ကို အသုံးချတတ်ရန်လိုပါသည်။ စားသောက်စရာပစ္စည်း၏ အမည်ကိုသာရွေးဝယ်ချင်းထက် Name အမည်သာမက Ingridient ပါဝင်ပစ္စည်း၊ Manufactured Date ထုတ်လုပ်သည့် နေ့စွဲ၊ Expire Date ကုန်ဆုံးသည့်ရက်လွန် နေ့စွဲစသည့်တို့ကိုပါ စစ်ဆေးဝယ်ယူရန် အရေးကြီးသည်။ ရက်မလွန်သေးဘဲ ဝယ်ယူသောပစ္စည်းမကောင်း၊ ပျက်စီးနေပါက Adress (လိပ်စာ)တွင် ပါဝင်သည့် အတိုင်းဆက်သွယ်ခြင်း၊ ထိထိခိုက်ခိုက်နစ်နာအောင် ပျက်စီးပါကတရားစွဲဆိုခြင်းများအထိပါ ဆောင်ရွက်နိုင်ပါသည်။

အစားအသောက်များကို ဘေးအန္တရာယ်ကင်းစွာ စားသုံးနိုင်ရန်မှာစားစရာ အစားအသောက်၊စားသုံးသူ၊ ထုတ်ကုန်ရောင်းချသူများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများပါ အားလုံးပူးပေါင်းဂရုစိုက်၊ ကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။ ။

**ဒေါက်တာသန်းအောင်စိုး**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**မင်းလှ၊ ပဲခူးတိုင်းဒေသကြီး**

## တိရစ္ဆာန် ဥယျာဉ် (ရတနာပုံ)၌ လက်ခံထားရှိခဲ့သည့် လင်းယုန်ငှက်အား ဘေးမဲ့ပြန်လွှတ်

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) မှ လက်ခံရရှိထားသည့် လင်းယုန်ငှက်တစ်ကောင်ကို ဇန်နဝါရီ ၂၈ ရက်က ဘေးမဲ့ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါလင်းယုန်ငှက်ကို ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၆ ရက်က မင်းကင်းမြို့နယ် သာစည်ကျေးရွာ၏အပြင်ဘက် ကောက်ရိုးပုံပေါ်မှ ရွာသားတစ်ဦးက ဖမ်းဆီးရမိပြီး သစ်တောဦးစီးဌာနသို့ ပို့ဆောင်အပ်နှံပေးခဲ့သည်။ မင်းကင်းသစ်တော ဦးစီးဌာနမှတစ်ဆင့် ဒဏ်ရာများရရှိထားသည့်လင်းယုန်ငှက်ကိုတိရစ္ဆာန် ဥယျာဉ် (ရတနာပုံ)သို့ ဆက်လက်ပို့ဆောင်ကုသပေးခဲ့သည်။

ယင်းလင်းယုန်ငှက်ကို တိရစ္ဆာန် ဆေးကုဆရာဝန်များက ဒဏ်ရာများကုသပေးပြီး သက်သာပျောက်ကင်း၍ ပျံသန်းနိုင်သည့် အနေအထားသို့ ရောက်ရှိပြီဖြစ်သောကြောင့် တိရစ္ဆာန် ဥယျာဉ် (ရတနာပုံ) အုပ်ချုပ်ရေးမှူး ဦးသိန်းမင်းအောင် ဦးဆောင်၍ တိရစ္ဆာန် ဆေးကုဆရာဝန်၊ တိရစ္ဆာန်ကြီးကြပ်ရေး အဖွဲ့တို့က မတ္တရာမြို့အလွန် ရက်ကန်းစင်တောင်သို့ ဇန်နဝါရီ ၂၈ ရက်က သွားရောက် ဘေးမဲ့လွှတ်ပေးခဲ့သည်။

အဆိုပါ လင်းယုန်ငှက်သည် အလေးချိန် ၁ ပိဿာ ၅၀ ကျပ်သားခန့် အမြင့် ၁ပေ ၆လက်မ၊ ဝဲဘက်ခြေထောက်ခြေချင်းဝတ်၌ ORNITH. LAB/ BIOL/ MONGOLIA 272 ပါရှိသည့် သတ္တုခြေကွင်းတပ်ဆင်ထားပြီး ခန္ဓာကိုယ်တွင် ခရမ်းရောင်ဖဲကြိုးဖြင့် စည်းနှောင်ထားသည့် မျက်နှာပြင်၌ mwb 1605 / Weight Approx. 72 case Material စသည့် စာတန်းများပါသည်။ အလျား သုံးပေ၊ အနံတစ်ပေ ၅လက်မ၊ အထူ ၀ ဒသမ ၅ အရွယ်ရှိဆိုလာပြားပါး အဖြူရောင် ကိရိယာ တစ်ခုကို တပ်ဆင်ထားကြောင်း သိရသည်။

**ဟိန်းထက်ဇော်**
**(မြန်မာ့အလင်း)**

## သုတေသန ရလဒ်ကောင်းများရရှိရန် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သုတေသနလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်၊ ပိုမိုအကျိုးရှိသော သုတေသနရလဒ်ကောင်းများ ရရှိရန်နှင့် သုတေသနရလဒ်များကို တောင်သူများထံသို့ မျှဝေပေးနိုင်ရန် ရည်ရွယ်၍ ဌာနစုများနှင့် ဒေသသုတေသနခြံများ၌ ငွေစာရင်း၊ သုတေသနစီမံချက်၊ စီမံခန့်ခွဲရေး ညှိနှိုင်းဆွေးနွေးခြင်းကို ဇန်နဝါရီ ၂၅ ရက်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက အမှာစကား ပြောကြားရာတွင် သုတေသနဖြစ်သည့်အားလျော်စွာ ယာသီးနှံ၊ လယ်သီးနှံမှသည် နှစ်ရှည်သီးနှံများအထိ သီးနှံအားလုံးပေါ်တွင် စနစ်တကျ သုတေသနပြုလုပ်ရန် လိုအပ်ကြောင်း၊ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရေရှည်အကျိုးကို ထည့်သွင်းစဉ်းစားရန်နှင့် အောင်မြင်မှုရရှိပါက မိမိတို့သုတေသနခြံများ တည်ရှိရာပတ်ဝန်းကျင်ဒေသကို အကျိုးပြုရန် လိုအပ်ကြောင်း၊ ငွေစာရင်းကိစ္စများတွင် ငွေစာရင်းလုပ်ထုံးလုပ်နည်းနှင့်အညီ ငွေကြေးသုံးစွဲရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ဆက်ဆံရေးပြေပြစ်ရန် အရေးကြီးကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း(နေပြည်တော်)**

# "ရေဦးမြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ထည့်သွင်းလျာထားပြီး မြို့ပြစီမံကိန်းရေးဆွဲရေးအဖွဲ့မှ လာရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်"

*❋ ရှေ့ဖုံးမှ*

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ၅ နှစ် စီမံကိန်းတွင် ရေဦးမြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရေးဆွဲရန် လျာထားပြီးဖြစ်သော်လည်း ဒေသခံလွှတ်တော်ကိုယ်စားလှယ်၏ တောင်းဆိုချက်အရ ရေဦးမြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ထည့်သွင်းလျာထားပြီး မြို့ပြစီမံကိန်းရေးဆွဲရေးအဖွဲ့မှ လာရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ညှိနှိုင်းဆောင်ရွက်ရမည်**

တွံတေး မဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ **တွံတေး-မအူပင် လမ်းမကြီး၊ လှိုင်သာယာ-တွံတေးကားလမ်းမကြီးဆီသို့ မော်တော်ယာဉ်များဖြင့် တစ်ဆက်တည်း သွားလာနိုင်သည့် ဇီးဖြူကုန်းချောင်းကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက တွံတေးမြို့နယ်အတွင်းရှိ ဇီးဖြူကုန်း ချောင်းကူးတံတား တည်ဆောက်ရန်အတွက် မြေသားလမ်း သုံးမိုင် ဖောက်လုပ်ရမည်ဖြစ်ပြီး လယ်ယာမြေနှင့် ငါးမွေးမြူရေးကန် ပိုင်ရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်သည့်အပြင် အဆိုပါလမ်းသည် ကျေးလက်လမ်းစာရင်းတွင်လည်း ပါဝင်ခြင်းမရှိသဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းကာလများတွင် ဘဏ္ဍာငွေတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပြန်လည်ရှင်းလင်းဖြေကြား**

ထို့အတူ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ မင်းတုန်း မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီနှင့် ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ) ဦးမင်းမင်းတို့၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးကျော်လင်း

**အဆိုတင်သွင်း**

ထို့နောက် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးက **"ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရဌာနအဖွဲ့အစည်းများ အနေဖြင့် တင်ဒါများအား ခေါ်ယူဆောင်ရွက်ရာတွင် လုပ်ငန်းနှင့် သက်ဆိုင်သော ပစ္စည်းများ၏ သယ်ယူပို့ဆောင်ခ စရိတ်များနှင့် နည်းပညာအရ ဝန်ကြီးဌာနမှ လုပ်ဆောင်ရန်မလိုသော လုပ်ငန်းတစ်ခုလုံးအပြီး ဆောင်ရွက်ရသည့် လုပ်ငန်းများကို တင်ဒါမခေါ်ဘဲ ကန်ထရိုက်ရ တင်ဒါအောင်မြင်သူ တစ်ဦးကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ ညွှန်ကြားချက်များ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့် ကွဲလွဲစွာဆောင်ရွက်နေခြင်းတို့ကို အမြန်ဆုံးလိုက်နာဆောင်ရွက်ရန်နှင့် တင်ဒါပေးရာတွင် ဒေသနှင့်ကိုက်ညီသော ပြီးပြည့်စုံသည့် လုပ်ငန်းပုံစံ (Drawing)များနှင့် တွက်ချက်မှု(Estimate)များကို သက်ဆိုင်ရာဝန်ကြီးဌာနမှသာ တာဝန်ယူဆောင်ရွက်ပေးပြီး ဈေးနှုန်း (Rate)များကို တင်ဒါဆွဲမည့် ကုမ္ပဏီများကို ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန်"** အဆိုတင်သွင်းရာ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စောက ထောက်ခံဆွေးနွေးသည်။

**ယှဉ်ပြိုင်ခွင့်ပြု**

ဒေါ်နန်းခမ်းအေးက အဆိုတင်သွင်းရာတွင် တင်ဒါပုံစံများ ဝယ်ယူရာ၌ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်အမှတ်(၂)ပါ တင်ဒါဝင်ရောက်ယှဉ်ပြိုင်သူသည် တင်ဒါလျှောက်လွှာ တင်သွင်းချိန်တွင် လမ်းလုပ်ငန်းတည်ရှိရာ လမ်းတစ်လျှောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခွင့်ပြုပေးထားသော ကျောက်ထုတ်လုပ်ခွင့် လိုင်စင်အား တစ်ပါတည်း ပူးတွဲတင်ပြနိုင်သူကိုသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပါကြောင်း၊ လမ်းလုပ်ငန်းတည်နေရာ မသိသေးသည့်အချိန် မည်သည့်လမ်းအပိုင်းက ကျောက်ကောင်းပြီး မည်သည့် ကျောက်တောင်ကို အသုံးပြုမည့် မသိရသည့်အချိန်တွင် လိုင်စင်တင်ပြနိုင်ရန်ဆိုသည်မှာ မဖြစ်နိုင်သည့်ကိစ္စဖြစ်ပါကြောင်း၊ တင်ဒါခေါ်သည့်အချိန်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက တရားဝင်လိုင်စင် ချပေးခွင့်မရှိသေးသည့် ကာလဖြစ်ပါကြောင်း၊ လုပ်ငန်းတည်နေရာ အရင်သိရှိထားသောသူကသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါကြောင်း၊ တင်ဒါယှဉ်ပြိုင်မှုကို ကန့်သတ်ထားသကဲ့သို့ဖြစ်ပြီး တရားမျှတမှုမရှိပါကြောင်း။



ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာ ဦးမင်းသိန်း

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ကျောက်၊ သဲ၊ ဖြုန်း သယ်ယူပို့ဆောင်ခဈေးနှုန်းများအရ ယာဉ်တစ်ခေါက်လျှင် ကျောက် နှစ်ကျင်း တင်နိုင်သည့်အတွက် အစိုးရဈေးနှုန်းမှာ တစ်ခေါက်သယ်ပို့ခငွေကျပ် ၁၀၂၃၀၀ ဖြစ်ပြီး ဒေသပေါက်ဈေးနှုန်းမှာ ငွေကျပ် ၄၀၀၀၀ ဖြစ်၍ တစ်ခေါက်အတွက် အပိုကုန်ကျငွေသည် ငွေကျပ် ၆၂၃၀၀ ဖြစ်နေပါကြောင်း၊ ကျောက်အခေါက်ပေါင်း မြောက်မြားစွာအတွက် နိုင်ငံတော်၏ လေလွင့်ဆုံးရှုံးမှုကို ခန့်မှန်းနိုင်မည်ဖြစ်ပါကြောင်း၊ သယ်ယူပို့ဆောင်ခကို တင်ဒါမခေါ်ဘဲ ဌာနကသာ တစ်ဦးတည်းပိုင်ပြုလုပ်နေပြီး အဝေးဆုံးကျောက်ကို အထိုင်ပြ၍ သယ်ယူစရိတ်ပိုယူကာ အနီးစပ်ဆုံးကျောက်ကိုသာ ထုတ်ယူသုံးစွဲနေပါကြောင်း၊ တင်ဒါကို အစုအဖွဲ့က လက်ဝါးကြီးအုပ် ရယူခြင်းမျိုးဖြစ်နေပါကြောင်း။

**မျှတစွာယှဉ်ပြိုင်**

တင်ဒါပေးရာတွင် Drawing နှင့် Estimate များကို ကုမ္ပဏီများအား တင်ပြပြီးမှ အမှတ်ပေးခြင်းသည် ယှဉ်ပြိုင်မှုကို ဘက်လိုက်မှုဖြစ်စေပါကြောင်း၊ ထို့ကြောင့် ဒေသနှင့်ကိုက်ညီသော လုပ်ငန်းပုံစံများ၊ တွက်ချက်မှုများနှင့် ပစ္စည်းအမျိုးအစားများကို ဌာနမှသာ သတ်မှတ်ဆောင်ရွက်ပြီး ဈေးနှုန်းများကို တင်ဒါဆွဲမည့် ကုမ္ပဏီများအား ထည့်သွင်းရေးဆွဲစေခြင်းဖြင့် မျှတစွာယှဉ်ပြိုင်မှုကို ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာချေးငွေနှင့် နိုင်ငံတော်တည်ဆောက်နေရသည့် အချိန်တွင် ဝန်ထမ်းများမှ တင်ဒါရွေးချယ်မှုကို မလျော်သြဇာသုံး၍ တစ်နည်းနည်းဖြင့် လွှမ်းမိုးဆောင်ရွက်ခြင်း မရှိစေရန် အဆိုတင်သွင်းရခြင်းဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**အတည်ပြု**

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **"စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ကို ဇန်နဝါရီလ ၃၀ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**မိမိဖြိုး**



# ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းသည် NGO Child RightsWorking Group အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ်(I-2) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၂၉**

ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယအကြိမ်အရေးပေါ်အစည်းအဝေး (၂/၂၀၁၈)အား ယနေ့ နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြောက်ဦးမြို့ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေး မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၂၀ ၊ ကန့်ကွက်မဲ ၁၆ မဲ၊ ကြားနေမဲ ၄ မဲ ဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၏ အထွေထွေပိုလျှံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ၊ ခေါင်းစဉ်ပြောင်းလဲဆောင်ရွက်မည့် လုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လွှတ်တော်တွင် ရှင်းလင်းတင်ပြခဲ့ရာ ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးခဲ့ကြောင်း သိရသည်။

**ဟန်လင်းနိုင်**

# ကျေးရွာများသို့ စီမံကိန်းရန်ပုံငွေများ ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာများသို့ စီမံကိန်းရန်ပုံငွေများ ပေးအပ်ခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက ဒက္ခိဏခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်က စီမံကိန်းရန်ပုံငွေ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထပ်တိုးဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို ကျောက်ခဲအင်းကျေးရွာကော်မတီသို့ လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဆောင်ရွက်မည့် ငွေကျပ်သိန်း ၁၀၀ ကို မကျည်းကုန်းကျေးရွာ ကော်မတီသို့ လည်းကောင်း စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၄၀၀ ဖြင့် ကျေးရွာ နှစ်ရွာမှ ကော်မတီအသီးသီးသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပ်ပြဒေ)**

# မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် ၉၄ ရပ်ကွက် (အေ၊ ဘီ၊ စီ)ဘလောက် လမ်းအလိုက် ရေစီးရေလာကောင်းမွန်ရေးအတွက် ကျဉ်းမြောင်းနေသော ရေနုတ်မြောင်းများ တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် ယုဇနဥယျာဉ်မြို့တော် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးခြင်းကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲခန့်က ဘီ(၁)လမ်း ဓမ္မရောင်ခြည်ဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ဖြူဖြူခိုင်က လုပ်ငန်းဆောင်ရွက်နေသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ယုဇနဥယျာဉ်မြို့တော်အိမ်ရာ ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ပြည်သူများ၏ ဆန္ဒအကြံပြုချက်များ ဆွေးနွေးတင်ပြပေးပါရန် အမှာစကားပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မိမိတို့သိရှိလိုသည့် အခက်အခဲအကြောင်းအရာများကို အကြံပြုတင်ပြမေးမြန်းရာ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

မိုးရွာသွန်းမှုကြောင့် လမ်းမပေါ်တွင် ရေတင်ကျန်ရစ်ခြင်း အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့မှု ကင်းဝေးစေခြင်းနှင့် လမ်းများအကျယ်တိုးချဲ့ခြင်း၊ ထပ်ပိုးမြှင့်တင်ကွန်ကရစ်ခင်းခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူအတွက် နိုင်ငံတော်က ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာငွေသုံးစွဲခွင့်ပြု၍ ငွေကျပ်သိန်းပေါင်း ၄၉၀၀၀ ဖြင့် လုပ်ငန်းသုံးစွဲဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**ဝ၂၈**



*✻ ကျောဖုံးမှ*

ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သောကြောင့် မသန်စွမ်းသူများအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ကိုလည်း ထူထောင်၍ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း။

**အခွင့်အရေးများ ပိုမိုပေးနိုင်တော့မည်**

လက်ရှိတွင် မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနရန်ပုံငွေဖြင့်ပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူ စုစုပေါင်း ၅၄ ဦးကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်မှ မိုင်းကြောင့် သေဆုံးသူ တစ်ဦးအား ငွေကျပ် ၇၀၀၀၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း၊ ကယားပြည်နယ် ဖရူဆိုမြို့နယ် တော်ခူကျေးရွာအုပ်စုအတွင်းရှိ ခိုကိုးရာမဲ့ မသန်စွမ်းခြောက်ဦးကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ သာမန်မသန်စွမ်းသူ ၃၁ ဦးကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ကျန်းမာရေးမကောင်းသည့် မသန်စွမ်းသူ တစ်ဦးကို ငွေကျပ် ၁၀၀၀၀၀ ဖြင့်လည်းကောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေပါ သီးသန့်ရန်ပုံငွေ ထူထောင်ပြီးပါက ၎င်းတို့အတွက် အခွင့်အရေးအပြည့်အဝရရှိရေး ပိုမိုပံ့ပိုးဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများအတွက် ဥပဒေ၊ နည်းဥပဒေနှင့် အမျိုးသားဥပဒေကို ဖွဲ့စည်းပြီး မသန်စွမ်းသူများအတွက် သီးသန့်ရန်ပုံငွေ ထူထောင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သောကြောင့် အခွင့်အရေးများပိုမိုပေးနိုင်တော့မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ ရှမ်းပြည်နယ် **ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကိုးကန့်တိုင်းရင်းသားများနှင့် သက်ဆိုင်သည့် "ကိုးကန့်အမျိုးသားနေ့"ကို တရားဝင်အသိအမှတ်ပြုသတ်မှတ်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုခြင်း**နှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားမျိုးနွယ်စုများ၏ အမျိုးသားနေ့ သတ်မှတ်ခြင်းသည် ပါတီအဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်အစုအဖွဲ့တစ်ခု၊ ဒေသအဖွဲ့အစည်းတစ်ခု၊ အာဏာရအဖွဲ့အစည်းတစ်ခုနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ အဆိုပါ မျိုးနွယ်စုအားလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပါကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုဝင်များ၏ နိုင်ငံရေးအဖွဲ့အစည်း၊ စာပေယဉ်ကျေးမှုအဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ ဘာသာရေး အဖွဲ့အစည်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နေရာဒေသများ၌ နေထိုင်ကြသော သက်ဆိုင်ရာ တိုင်းရင်းသားမျိုးနွယ်ဝင်များ အားလုံးနှင့်လည်း သက်ဆိုင်သည့်အတွက် ၎င်းတို့၏ သဘောဆန္ဒများကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် တိုင်းရင်းသားမျိုးနွယ်စု၏ အမျိုးသားနေ့အဖြစ် သတ်မှတ်ဆောင်ရွက်ရန်အတွက် အားလုံးပါဝင်သော ဦးစီးအဖွဲ့ကို ရွေးဦးစွာဖွဲ့စည်းကာ သက်ဆိုင်ရာ တိုင်းရင်းသားမျိုးနွယ်စုအားလုံး၏ သဘောဆန္ဒကိုရယူပြီး သတ်မှတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သတ်မှတ်ချက်အရ ဖြစ်ပေါ်လာသော အမျိုးသားနေ့အခမ်းအနားကျင်းပခြင်းကို အဆိုပါ တိုင်းရင်းသားမျိုးနွယ်စုများက အသိအမှတ်ပြု ပါဝင်ဆင်နွှဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကိုးကန့်အမျိုးသားနေ့ကို ကမ္ဘာ့တစ်ဝန်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကိုးကန့်တိုင်းရင်းသားများအားလုံးက အသိအမှတ်ပြုပြီး ကျင်းပဆောင်ရွက်ခြင်းကသာ သင့်တော်ပါကြောင်းနှင့် နိုင်ငံတော်က သတ်မှတ်ဆောင်ရွက်ပေးရန် မလိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်

**သီးခြားဆောင်ရွက်ခြင်းမရှိ**

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၏ **ပြန်ကြားရေးဝန်ကြီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနတွင် ထုတ်ဝေခြင်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားရယူ၍ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသော စာအုပ်၊ စာပေ၊ စာစောင်များ၊ နိုင်ငံတော်က သတ်မှတ်ထားသော ကုန်သွယ်မှုနည်းလမ်းများဖြင့် ပြည်ပမှတင်သွင်း ရောင်းချသော စာအုပ်၊ စာပေ၊ စာစောင်များနှင့် ဆက်နွှယ်သော ဝန်ဆောင်မှု Supply Chain တစ်ခုလုံးကို ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းလုပ်ငန်းလုပ်ကိုင်သူများ၊ ထုတ်ဝေခြင်းလုပ်ငန်းလုပ်ကိုင်သူများ၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေနှင့်အညီ အသိအမှတ်ပြုလက်မှတ်ကိုသာ ထုတ်ပေးခြင်းဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများ လုပ်ကိုင်သူများအနေဖြင့် စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ပေးခြင်း၊ လုပ်ငန်းအပေါ်ဝင်ငွေခွန်၊ အမြတ်ခွန်ကောက်ခံခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းစသည့် လုပ်ငန်းများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သီးခြားဆောင်ရွက်ခြင်း မရှိပါကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုပေးပါရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ညှိနှိုင်းပေးခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသော ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်များတွင် အကျုံးဝင်ခြင်း မရှိသော်လည်း ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေရေးဆွဲချိန်တွင် ပြဋ္ဌာန်းမည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြု ဆုံးဖြတ်ရပါသဖြင့် လွှတ်တော်တွင် စာအုပ်စာပေ၊ စာစောင်များအပေါ်မှ ကုန်သွယ်မှုလုပ်ငန်းခွန် ကင်းလွတ်ခွင့် ပြဋ္ဌာန်းရရှိနိုင်ရေး ဝင်ရောက်ဆွေးနွေးဆုံးဖြတ်မှုကို ခံယူသင့်ပါကြောင်း၊ ကင်းလွတ်ခွင့်များ ပေးပါက ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ကောက်ခံရရှိနိုင်သည့် ကျပ်သန်းပေါင်းများစွာ အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးနိုင်ခြေရှိသည်ကိုလည်း ချင့်ချိန်ထည့်သွင်းဆွေးနွေးသင့်ပါကြောင်းကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြန်လည်ညှိနှိုင်းအကြောင်းကြားပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အများပြည်သူအတွက် အသိပညာဗဟုသုတ တိုးတက်စေ

> **"နိုင်ငံတော်အနေဖြင့် မသန်စွမ်းသူများအတွက် ဥပဒေ၊ နည်းဥပဒေနှင့် အမျိုးသားဥပဒေကို ဖွဲ့စည်းပြီး မသန်စွမ်းသူများအတွက် သီးသန့်ရန်ပုံငွေ ထူထောင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သောကြောင့် အခွင့်အရေးများ ပိုမိုပေးနိုင်တော့မည်"**

မည့် စာအုပ်စာပေထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသောကြောင့် အခွန်အကောက်များ လျှော့ချပေးမည်ဆိုပါက ထောက်ခံပါကြောင်း၊ သို့သော်လည်း အခွန်ဘဏ္ဍာကိစ္စရပ်များမှာ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုနယ်ပယ်တွင် မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**အခမဲ့ဖတ်ရှုနိုင်ရန် လွှင့်တင်ထားမည်**

ယင်းနောက် ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်းက **နိုင်ငံတော်ရှိ ရေးဆွဲပြဋ္ဌာန်းထုတ်ပြန်ခဲ့သည့် ဥပဒေ၊ နည်းဥပဒေများကို ပြည်သူလူထုလွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ရေးအတွက် အခမဲ့ဖြန့်ဝေပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးဝန်ကြီးဌာန၏ ဘဏ္ဍာငွေခွင့်ပြုမှုအနေအထားနှင့် လုပ်ငန်းများဆောင်ရွက်ရသည့်ပမာဏ၊ မြန်မာနိုင်ငံ၌ ရှိသည့် လူဦးရေနှင့် ဖြန့်ချိရမည့်ပမာဏတို့အရ အခမဲ့ဖြန့်ဝေရမည်ဆိုလျှင် လိုအပ်ချက်များစွာရှိပြီး လက်ရှိအခြေအနေတွင် ဆောင်ရွက်နိုင်မည့် အနေအထားမရှိပါကြောင်း၊ ဘဏ္ဍာငွေ သီးခြားတောင်းခံပြီး ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုမှသာ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေဖြစ်ပါကြောင်း၊ သို့သော်လည်း အခမဲ့ မဖြန့်ဝေသည်မှလွဲ၍ နိုင်ငံနှင့်အဝန်း ပြည်သူများ လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း၊ နိုင်ငံတော်မှ ထုတ်ပြန်သည့်ဥပဒေ၊ နည်းဥပဒေများအားလုံးကို ပြန်ကြားရေးဝန်ကြီးဌာန Webportal (www.moi.gov.mm) နှင့် စာပေဗိမာန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Website များတွင် ပြည်သူများ အချိန်မရွေး အခမဲ့ဖတ်ရှုနိုင်ရန် လွှင့်တင်ထားမည်ဖြစ်ပြီး အခမဲ့ Download ပြုလုပ်နိုင်ရန် စီစဉ်ထားရှိပါကြောင်း။

မြန်မာနိုင်ငံအဝန်းတွင်ရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများရှိ စာကြည့်တိုက်ပေါင်း ၄၁၇ ခုတွင် ထုတ်ပြန်ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများကို တစ်စုတစ်စည်းတည်း လွယ်လင့်တကူဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကစာကြည့်တိုက်များတွင် ဥပဒေ၊ နည်းဥပဒေစာအုပ်များ ထားရှိနိုင်ရန်အတွက် ဘဏ္ဍာငွေပေါ်မူတည်ပြီး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာငွေလျာထားပြီး တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်တို့က ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ပြည့်ဖြိုးက ဥပဒေကြမ်းအရ Agency ၏ ဥက္ကဋ္ဌသည် ဗဟိုကော်မတီတွင် အတွင်းရေးမှူးဖြစ်ပါကြောင်း၊ Agency ၏ ဥက္ကဋ္ဌသည် စီမံခန့်ခွဲတတ်ရုံမက မိမိလက်အောက်တွင်ရှိသည့် အဖွဲ့အစည်းများကို ခေါင်းဆောင်မှုပြုနိုင်ရန် လိုပါကြောင်း၊ နိုင်ငံတချို့တွင် ဗဟိုကော်မတီတစ်ဖြစ်လဲ Government Agency အဖြစ်ထားရှိပြီး အခြား Agency များကို ထပ်မံအားကောင်းအောင် ဖြည့်ဆည်းမှုများရှိပါကြောင်း၊ အချို့နိုင်ငံများက ဗဟိုကော်မတီမပါဘဲ IP Office (ရုံး)တစ်ဖြစ်လည်း Agency အဖြစ်ထားရှိ ဆောင်ရွက်ထားသည့် စနစ်များရှိပါကြောင်း၊ ယင်းဥပဒေအရ ဦးစီးဌာနများက အားလျော့နေပြီး Agency ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးကိုပါ တာဝန်ခံရမည့် သဘောသက်ရောက်နေပါကြောင်း၊ IP ဥပဒေများသည် မိမိတို့နိုင်ငံ စီးပွားရေးတိုးတက်ရန် FDI များ၊ ရင်းနှီးမြှုပ်နှံမှုများ ဝင်လာရန်အတွက် မဖြစ်မနေပြဋ္ဌာန်းရမည့် ဥပဒေဖြစ်ပါကြောင်း၊ လက်ရှိအနေအထားတွင် IP ဥပဒေများ မပြဋ္ဌာန်းသေးခင်ကပင် အကျိုးစီးပွားအုပ်စုများက အပြိုင်အဆိုင်နှင့် ရှိနေကြပြီး အငြင်းပွားဖွယ်ရာများကလည်း ဥပဒေထွက်လာလျှင် ပေါ်ပေါက်လာမည်မှာမလွဲပါကြောင်း၊ ထို့ကြောင့် ဦးစီးဌာနကသော်လည်းကောင်း သို့မဟုတ် IP Office များကသော်လည်းကောင်း၊ စွမ်းဆောင်ရည်ပြည့်နေရန် လိုအပ်ပြီး ဖွဲ့စည်းပုံမှာလည်း စနစ်ကျရန်လိုပါကြောင်း၊ Government Agency သည် လိုအပ်လျှင် Police, Custom စသည့် Investigation နှင့် ဆိုင်သည့် အဖွဲ့အစည်းများ၊ ICT အဖွဲ့အစည်းများနှင့် တိုးချဲ့ဖွဲ့စည်းပြီး အသုံးပြုရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် Government Agency ၏ အနေအထားသည် ဖွဲ့စည်းမှုနှင့် တာဝန်အပိုင်းများတွင် မရှုပ်ထွေးစေရန်နှင့် တွန်းကန်မှုများ မဖြစ်စေရန် အလေးထားရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ဉာဏပစ္စည်းများဆိုင်ရာ အဖွဲ့ဝင်ဖြစ်နေသောကြောင့် အဖွဲ့ဝင်နိုင်ငံများနှင့် ချိတ်ဆက်ရသည့် မှတ်ပုံတင်စနစ်များကို ဆောင်ရွက်လာရမည်ကို တွေ့ရှိပါကြောင်း၊ ဥပဒေများကို သင့်လျော်သည့် ဥပဒေများနှင့် အစားထိုးပြင်ဆင်ရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အလားတူ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးက ဆက်လက်ဆွေးနွေးသည်။

**ပြင်ဆင်လိုသည့်အချက်များ ဆွေးနွေး**

ထို့နောက် စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက အခန်း(၁) ပုဒ်မ (၂) (ဗ)တွင် ဖိုနိုဂရပ်ဆိုသည်မှာ အရုပ်အသံလက်ရာ ပေါင်းစပ်ထည့်သွင်းခြင်းမျိုးမဟုတ်ဘဲ ဖျော်ဖြေတင်ဆက်မှုအသံ၊ အခြားအသံ သို့မဟုတ် တူညီသော အသံတို့ကို ဖိုနိုဂရမ်ခာတ်ပြား၊ အသံသွင်းတိပ်ခွေနှင့် အခြားကြားခံပစ္စည်းတစ်ခုခုတွင် ပေါင်းစပ် ထည့်သွင်းထားခြင်းကို ဆိုလိုသည်ဟု ပြင်ဆင်လိုပါကြောင်း၊ အခန်း(၃) ပုဒ်မ(၄) (က) (၅) တွင် မူပိုင်ခွင့်နှင့် နည်းပညာဆိုင်ရာ အဖွဲ့ဝင်ပညာရှင်ငါးဦး၊ (၆)တွင် အစိုးရမဟုတ်သော အဖွဲ့အစည်း၊ အဖွဲ့ဝင်များမှ ကိုယ်စားလှယ်နှစ်ဦးဟု ပြင်ဆင်လိုကြောင်း၊ အခန်း(၄) ပုဒ်မ(၆) (၃)တွင် မူပိုင်ခွင့်နှင့် နည်းပညာအဖွဲ့ဝင်ဆိုင်ရာ ပညာရှင်ရှစ်ဦး၊ (၄) အစိုးရမဟုတ်သောအဖွဲ့၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ငါးဦးဟူ၍ ပြင်ဆင်လိုပါကြောင်းနှင့် ပုဒ်မခွဲအလိုက် ပြင်ဆင်လိုသည့်အချက်များကို ဆက်လက်ဆွေးနွေးသည်။

အလားတူ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးက ဆက်လက်ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး နဝမနေ့ကို ဇန်နဝါရီ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

*❀ ရှေ့ဖုံးမှ*

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က ယနေ့မွန်းလွဲပိုင်းတွင် အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည် ဂါးဒင်း၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါ မြန်မာ့လက်ရာပွဲတော်တွင် အမရပူရ ချည်ထည်နှင့် ပိုးထည်လွန်းရာကျော် ရက်ကန်းလုပ်ငန်း၊ အင်းလေးကြာထည်နှင့် ပိုးထည်လုပ်ငန်း၊ ကချင်ရိုးရာဂျပ်ခုတ်လုပ်ငန်း၊ ကယန်းပဒေါင် ဂျပ်ခုတ်လုပ်ငန်း၊ ချင်းရိုးရာ ဂျပ်ခုတ်လုပ်ငန်း၊ ရခိုင်ရိုးရာ ရွှေပန်းထိမ်လုပ်ငန်း၊ စစ်ကိုင်းရွာထောင်ငွေထည်လုပ်ငန်း၊ မြန်မာ့ရိုးရာယွန်းထည်လုပ်ငန်း၊ ကယားရိုးရာတောင်းရက်လုပ်ငန်း၊ မွန်ရိုးရာဆေးတံနှင့် ကျောက်သင်ပုန်းလုပ်ငန်း၊ ကရင်ရိုးရာဖိနပ်ချုပ်လုပ်ငန်းနှင့် ပန်းချီပြခန်းတို့ပါဝင်ကြောင်း သိရသည်။

မြန်မာ့လက်ရာပွဲတော်ကို ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တာ ကျင်းပစဉ် နံနက် ၉နာရီမှ ည ၁၀နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာတိုင်းရင်းသားတို့၏မတူကွဲပြားသော ယဉ်ကျေးမှုအနုပညာလက်ရာများနှင့် ဖျော်ဖြေတင်ဆက်မှုများကို လေ့လာကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကို ၂၀၁၆ ခုနှစ် ဇွန်လကတည်းက မြန်မာတိုင်းရင်းသား လူမျိုးများ၏ ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရန် အလို့ငှာ ရည်ရွယ်ကာ တရားဝင် ဖွဲ့စည်းထူထောင်ခဲ့ကြောင်း၊ ယင်းအတွက် မြန်မာ့လက်ရာပွဲတော်ကို စီစဉ်ကျင်းပရခြင်းဖြစ်ကြောင်း ဒေါ်စန္ဒာခင်က ရှင်းပြသည်။

**သတင်း- မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)**

# အကြိမ်(၇၀)မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့်အာဂုံပြန်အောင်စာရင်း

*(ယမန်နေ့မှအဆက်)*

၂၃။ ပလ္လင်အမှတ်(၁၃၅) အရှင်သေက၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၀)ဝါ၊ တောင်ပုလုကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ်(၁၄၀) အရှင်ပညာဇေ၊အသက် (၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ ရွှေတောင်ဦး တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ်(၁၄၁) အရှင်ဣန္ဒိဗလာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၈)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ်(၁၄၅) အရှင်ဝိစာရိန္ဒ၊အသက်(၂၉)နှစ်၊သိက္ခာ(၈)ဝါ၊ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂၇။ ပလ္လင်အမှတ်(၁၅၀) အရှင်လက္ခဏာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ (၇) ဝါ၊ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၂၈။ ပလ္လင်အမှတ်(၁၅၃) အရှင်ဥတ္တရ၊ အသက်(၂၇)နှစ်၊သိက္ခာ(၇)ဝါ၊ တိပိဋက စုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ်(၁၅၄) အရှင်သေကဝ ၊ အသက် (၂၆)နှစ်၊သိက္ခာ (၇)ဝါ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ပလ္လင်အမှတ်(၁၅၆) အရှင်ကိတ္တိသာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၆)ဝါ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ်(၁၆၂) အရှင်ပညာဝရာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ (၄)ဝါ၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ပလ္လင်အမှတ်(၁၆၃) အရှင်ဝိသုတာလင်္ကာရ၊အသက်(၂၄)နှစ်၊သိက္ခာ(၄)ဝါ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃၃။ ပလ္လင်အမှတ်(၁၆၄) အရှင်ပညာဇောတာလင်္ကာရ ၊ အသက် (၂၇)နှစ်၊ သိက္ခာ(၄)ဝါ၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၄။ ပလ္လင်အမှတ်(၁၆၅) အရှင်သုမန ၊ အသက်(၂၄)နှစ်၊သိက္ခာ(၃)ဝါ၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ပလ္လင်အမှတ်(၁၆၆) အရှင်အရိယဝံသ(မြောက်ဦး) ၊ အသက် (၂၃)နှစ်၊ သိက္ခာ(၃) ဝါ၊ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၃၆။ ပလ္လင်အမှတ်(၁၆၈) အရှင်ဒေဝိန္ဒာလင်္ကာရ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၁)ဝါ၊ တိပိဋက ဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၇။ ပလ္လင်အမှတ်(၁၆၉) အရှင်အရိယာနန္ဒာလင်္ကာရ၊ အသက် (၁၇)နှစ်၊ ရွှေပါရမီမြစိမ်းသာမဏေကျော်ကျောင်းတိုက်၊ သထုံမြို့ မွန်ပြည်နယ်

၃၈။ ပလ္လင်အမှတ်(၁၇၉) အရှင်ကဝိန္ဒ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၉။ ပလ္လင်အမှတ်(၁၈၀) အရှင်နန္ဒေဘာသာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၉)ဝါ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄၀။ ပလ္လင်အမှတ်(၁၈၄) အရှင်ဉာဏသိရီလင်္ကာရ ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၇)ဝါ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄၁။ ပလ္လင်အမှတ်(၁၈၅) အရှင်ကဝိန္ဒ(ကောလင်း)၊ အသက်(၂၇)နှစ်၊ သိက္ခာ (၇)ဝါ၊ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄၂။ ပလ္လင်အမှတ်(၁၈၆) အရှင်ပညာသာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄၃။ ပလ္လင်အမှတ်(၁၉၀) အရှင်ခမ္မိကာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ နဂါးဝိဇ္ဇာတောင်ပေါ်ကျောင်းတိုက်၊ ပန်းကန်ကျေးရွာ အုပ်စု၊ လှိုင်ကော်မြို့ ကယားပြည်နယ်

၄၄။ ပလ္လင်အမှတ်(၁၉၁) အရှင်ကောသလ္လ ၊ အသက် (၂၈)နှစ်၊ သိက္ခာ(၇)ဝါ ရွှေတောင်ဦး တိပိဋက ဓမ္မပါလ မဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

၄၅။ ပလ္လင်အမှတ်(၁၉၇) အရှင်စန္ဒာသိရီ၊ အသက် (၂၆)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၆။ ပလ္လင်အမှတ်(၁၉၈) အရှင်ပညာသာမီလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ (၅)ဝါ၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၇။ ပလ္လင်အမှတ်(၂၀၁) အရှင်သုဓမ္မ၊ အသက်(၂၅)နှစ်၊ သိက္ခာ (၅)ဝါ၊ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၈။ ပလ္လင်အမှတ်(၂၀၄) အရှင်တိဿဇော၊ အသက်(၂၄)နှစ်၊ သိက္ခာ(၅)ဝါ၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၉။ ပလ္လင်အမှတ်(၂၀၅) အရှင်တိလောကာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ (၄)ဝါ၊ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၀။ ပလ္လင်အမှတ်(၂၀၆) အရှင်သုပါကဋာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ (၄)ဝါ၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၁။ ပလ္လင်အမှတ်(၂၀၇) အရှင်ဝိသုတ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး

**ရေးဖြေနှင့် အာဂုံပြန်အောင် ဆရာတော်များ စာရင်းအား www.mora.gov.mm@ gmail.com တွင် ဝင်ရောက်ကြည့်ရှုရယူနိုင်ကြောင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးအောင်မျိုးမြင့် ၀၉-၂၅၁၁၄၀၄၂၀ ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။**

## မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက် (ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁ ရက်) အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက် ညနေ ၄ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၊ အခြားအသင်းအဖွဲ့များအပါအဝင် ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး စေတီတော်ကြီးအား ပန်း၊ ဆီမီး၊ သစ်သီး၊ ထမနဲဆွမ်းများဖြင့် ကပ်လှူပူဇော်မည်ဖြစ်သည်။ ထို့အတူ ပွဲတော်ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို သုံးညတိုင်တိုင် ည ၇ နာရီမှစ၍ ဓမ္မရက္ခိတ ဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်ပေးမည်ဖြစ်သည်။

တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၁ ရက်) နံနက် ၇ နာရီတွင် မဟာဝိဇယစေတီတော်ရင်ပြင်၌ မြတ်စွာဘုရားအမှူးထား၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တရားဟော တိပိဋကဆရာတော်ကြီးများနှင့် ဒဂုံ၊ ဗဟန်းမြို့နယ်အတွင်းရှိ ဆရာတော်ကြီးများအပါအဝင် သံဃာတော်အရှင်သူမြတ် ၄၆ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည် ဖြစ်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ အလှူရှင်များက ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ပါကြောင်းနှင့် ညတရားပွဲများသို့ ကြွရောက်၍ တရားတော်များ နာယူနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရန်ကုန်)မှ အဖွဲ့ဝင်များ နိုင်ငံပိုင်သတင်းစာတိုက်များအား လာရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA-YGN)မှ အဖွဲ့ဝင်များသည် လေ့လာရေးခရီးအဖြစ် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်၌ ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပနေပုံနှင့် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ မြန်မာ့အလင်း၊ ကြေးမုံနှင့် နေပြည်တော်သတင်းစာတိုက်တို့သို့ ဇန်နဝါရီ ၂၉ ရက်က လာရောက်လေ့လာခဲ့သည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA-YGN)မှ ဥက္ကဋ္ဌ ဒါရိုက်တာမောင်ယဉ်ကျော် ဦးဆောင်သော အဖွဲ့ဝင် ၅၀ တို့သည် ယနေ့နံနက်ပိုင်းက ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပနေမှုကို သွားရောက် လေ့လာခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ညနေပိုင်းတွင် MJA-YGN မှ လေ့လာရေးအဖွဲ့ဝင်များအား နေပြည်တော်သတင်းစာတိုက်ရှိ အစည်းအဝေးခန်းမတွင် ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်၊ မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးနှင့် ဌာနတာဝန်ခံများက တွေ့ဆုံခဲ့သည်။ ထို့နောက် စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်က မိတ်ဆက်စကားပြောကြားပြီး MJA-YGN ဥက္ကဋ္ဌ ဒါရိုက်တာမောင်ယဉ်ကျော်က မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရန်ကုန်)၏ အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးခဲ့သည်။

ယင်းနောက် MJA-YGN ဥက္ကဋ္ဌ ဒါရိုက်တာ မောင်ယဉ်ကျော်နှင့်အဖွဲ့ဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း လက်အောက်ရှိ မြန်မာ့အလင်း၊ ကြေးမုံနှင့် နေပြည်တော် သတင်းစာတိုက်တို့၏ သတင်းများရယူမှု၊ သတင်းစာထုတ်လုပ်မှုနှင့် သတင်းစာဖတ်ပြည်သူများ လက်ဝယ်အရောက် ဖြန့်ချိမှုလုပ်ငန်းအဆင့်ဆင့်ကို သတင်းစာတိုက်များရှိ စာတည်းမှူးချုပ်များ၊ စာတည်းမှူးများနှင့် သတင်းစာတိုက်တာဝန်ခံ အရာရှိတို့က ရှင်းလင်းပြောကြားခဲ့ကြသည်။ ထို့နောက် လေ့လာရေးအဖွဲ့ဝင်များ၏ သိရှိလိုသည်များကို သတင်းစာတိုက်မှ စာတည်းမှူးချုပ်များနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရန်ကုန်)၏ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်က "ကျွန်တော်ဟာ နိုင်ငံပိုင် သတင်းစာမှာ ငယ်စဉ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် လမ်းခွဲခဲ့ပါတယ်။ သတင်းစာဆရာအဖြစ် မွေးထုတ်ပေးခဲ့တဲ့ သတင်းစာတွေကို မမေ့ပါဘူး၊ အခုလိုပြန်ဆုံတွေ့ရတဲ့အတွက် ဝမ်းသာပါတယ်၊ နိုင်ငံပိုင်သတင်းစာတွေမှာ နိုင်ငံနဲ့ပြည်သူကို အကျိုးပြုခဲ့ရလို့ ကျေနပ်မိပါတယ်"ဟု ပြောသည်။

နိုင်ငံပိုင်သတင်းစာများတွင် ဆောင်းပါးများရေးသားခွင့်ရခဲ့ခြင်းသည် မိမိစာရေးဆရာတစ်ယောက် ဖြစ်လာစေရန် ပျိုးထောင်ပေးခဲ့ခြင်းဖြစ်၍ သတင်းစာများအား အထူးကျေးဇူးတင်ကြောင်း၊ ထို့ပြင် စာပေနှင့်ပတ်သက်သည့် လှုပ်ရှားမှုများအား သတင်းစာများမှတစ်ဆင့် အသိပေးခွင့်ရခြင်းကြောင့် စာဖတ်ပရိသတ်များအတွက် အကျိုးများစွာ ဖြစ်ထွန်းပါကြောင်းနှင့် ယခုကဲ့သို့လာရောက်လေ့လာခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိကြောင်း စာရေးဆရာ ဦးဘိုကြည်က ပြောကြားသည်။

သတင်းထောက်ဦးသန်းတင့်ဦးက "စနစ်တကျဖွဲ့စည်းထားတဲ့ နိုင်ငံပိုင်သတင်းစာတိုက်တွေကို လေ့လာခွင့်ရလို့ ကျေနပ်မိပါတယ်၊ သတင်းစာတွေကတစ်ဆင့် အသိအမြင်ဗဟုသုတတွေများစွာရပါတယ်၊ ခိုင်မာတဲ့အချက်အလက်တွေ ရရှိတဲ့အတွက် အထောက်အထားတွေ၊ အကိုးအကားတွေအဖြစ်သိမ်းဆည်းပြီး ပြန်လည်ရေးသားတဲ့အခါမှာ အသုံးပြုရလို့ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

လေ့လာရေးအဖွဲ့များသည် မြန်မာ့အလင်းသတင်းစာတိုက် Newsroom (ဓါတ်ပုံ)၊ ကြေးမုံသတင်းစာတိုက် CTP နှင့် ပုံနှိပ်စက်တို့၏ လုပ်ငန်းအဆင့်ဆင့်ကို လိုက်လံကြည့်ရှုလေ့လာကြရာ စာတည်း မှူးများ၊ စာတည်းအဖွဲ့ဝင်များနှင့် သတင်းစာတိုက်တာဝန်ခံအရာရှိတို့က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

## အများအားဖြင့် သာယာနေ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၀၄ လက်မဖြစ်သည်။

**မိုး/ဇလ**

# တောင်ပြိုလက်ဝဲ၊ ငါးခူရ ယာယီလက်ခံရေးစခန်းနှင့် လှုဖိုးခေါင်ကြားစခန်းတို့ အသင့်အနေအထားအဖြစ် ရှိနေပြီဖြစ်

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သဘောတူညီချက်အရ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်သည် ဇန်နဝါရီ ၂၃ ရက် မှစတင်၍ အသင့်အနေအထားအဖြစ် ရှိနေပြီဖြစ်ပြီး မြန်မာဘက်ခြမ်း ကုန်းလမ်းမှ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းကိုလည်းကောင်း၊ ရေလမ်းမှပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ငါးခူရ ယာယီလက်ခံရေးစခန်းကိုလည်းကောင်း၊ ကြားစခန်းအဖြစ် လှုဖိုးခေါင်စခန်းတို့ကို အသုံးပြု၍ စနစ်တကျ လက်ခံဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ အချိတ်အဆက်မိစွာ ဆောင်ရွက်နိုင်ရေးအတွက်လည်း စခန်းကြီးကြပ်မှု ကော်မတီညှိနှိုင်းအစည်းအဝေးများကိုလည်း ဌာနတာဝန်ခံများနှင့် ပြုလုပ်လျက်ရှိရာ ယာယီလက်ခံရေးစခန်းနှင့် ကြားစခန်းတို့တွင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် တာဝန်ယူဆောင်ရွက်မည့်အခြေအနေများကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။



ဒုတိယရဲမှူးကြီး ဇော်ဇော်လင်း (တပ်ဖွဲ့ခွဲမှူး၊ အမှတ်-၁ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ)



ဒုရဲအုပ် ဝေဝေဆန်း



ဦးအောင်ဝင်းဦး (ဒုတိယညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန)



ဦးသန်းဝင်း(အထက်တန်းသူနာပြု၊ တောင်ပြိုလက်ဝဲယာယီလက်ခံရေးစခန်း)



ဦးသောင်းရွှေ (ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)

**ဒုတိယရဲမှူးကြီး ဇော်ဇော်လင်း**
**(တပ်ဖွဲ့ခွဲမှူး၊ အမှတ်-၁ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ)**

နှစ်နိုင်ငံဝင်ထွက်ပေါက်ကနေ ပြန်လာမယ့်သူတွေ စတင်ဝင်ရောက်လာမယ့်အချိန်ကနေစပြီး ယာယီပို့ဆောင်မယ့်နေရာအထိ မသွားခင်စပ်ကြားမှာ လုံခြုံရေးဆောင်ရွက်ပေးဖို့ စီမံထားပါတယ်၊ လုံခြုံရေးအနေနဲ့ လူပုဂ္ဂိုလ် လုံခြုံရေးနဲ့ နေရာလုံခြုံရေးဆိုပြီး နှစ်မျိုးစီမံ ဆောင်ရွက်ထားပါတယ်၊ လူပုဂ္ဂိုလ်အနေနဲ့ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်မှာ ဆောင်ရွက်ကြမယ့် ဝန်ထမ်းတွေအားလုံးရဲ့လုံခြုံရေးနဲ့ ပြန်လည် ဝင်ရောက်လာမယ့် လူတွေရဲ့လုံခြုံရေးကို ဆောင်ရွက်ဖို့အတွက် စီမံချက်ရေးဆွဲပြီး ဆောင်ရွက်ထားပါတယ်။



ပြန်လည်ဝင်ရောက်လာမည့်သူများအား Biometric နည်းဖြင့် မှတ်တမ်းတင်စိစစ်မည့်နေရာမှ ဝန်ထမ်းများ။

**ဦးလှမြတ်ဦး (ဌာနစုမှူး - ၂၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**

တောင်ပြိုလက်ဝဲလက်ခံရေးစခန်းမှာ ကျွန်တော်နဲ့အတူ ဝန်ထမ်းနှစ်ဦး တာဝန်ထမ်းဆောင်နေတာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့ အဓိကတာဝန်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရ၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွေနဲ့ ပြန်လည်လက်ခံရေးကိစ္စတွေကို သံတမန်လမ်းကြောင်းအရ ဆွေးနွေးတင်ပြစရာရှိတဲ့အခါမှာ ကျွန်တော်တို့ ဌာနချုပ်နဲ့ ညှိနှိုင်းဆောင်ရွက်ပြီး Liaison officer သဘောမျိုးနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ငါးခူရစခန်းမှာလည်း ကျွန်တော်တို့ ဌာနက သုံးဦးရှိပါတယ်၊ ကျွန်တော်တို့ လုပ်ငန်းတာဝန်ထဲမှာ နေရပ်စွန့်ခွာသွားတဲ့သူတွေ ပြန်လည်ဝင်ရောက်လာတဲ့အခါ တောင်ပြိုလက်ဝဲ လက်ခံရေးစခန်းမှာရှိတဲ့ တာဝန်ရှိသူတွေနဲ့ တစ်ဖက်နိုင်ငံက တာဝန်ရှိသူတွေ အကြားမှာ ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ နယ်ခြားဆက်ဆံရေးအရာရှိအဖြစ် သံတမန်လမ်းကြောင်းကနေပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးရဲထူး (ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ မောင်တောခရိုင်၊**
**တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း**
**အုပ်ချုပ်ထောက်ပံ့မှုနှင့်ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ခေါင်းဆောင်)**

ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်မှာ ကျွန်တော်တို့အနေနဲ့ ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ရှိပါတယ်၊ အောက်မှာ လုပ်ငန်းအဖွဲ့တွေရှိတယ်၊ ဒီလိုလုပ်ငန်းအဖွဲ့တွေရဲ့ လုပ်ငန်းစဉ်တွေ အကုန်လုံးမှာလိုအပ်တဲ့ အုပ်ချုပ်မှုကိစ္စတွေကို ပေါင်းစပ်ပေးဖို့ ဖြစ်ပါတယ်။ အဓိကက ပြန်လည်လက်ခံတဲ့အချိန်မှာ ပြန်လည်ဝင်ရောက်လာတဲ့ သူတွေရဲ့နေထိုင်ရေးကိစ္စတွေ၊ သယ်ယူပို့ဆောင်ရေးကိစ္စတွေ၊ စားသောက်ရေးကိစ္စတွေမှာ လိုအပ်တဲ့ လုပ်ငန်းအဖွဲ့တွေနဲ့ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

**ဒုရဲအုပ် ဝေဝေဆန်း**

တစ်ဖက်နိုင်ငံကနေ ပြန်လည်ဝင်ရောက်လာမယ့် နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်လက်ခံတဲ့နေရာမှာ ကျွန်မတို့အနေနဲ့ အမျိုးသမီးတွေကို မသင်္ကာစရာပစ္စည်းတွေ ပါ၊မပါ စစ်ဆေးဆောင်ရွက်ပေးတဲ့ အခန်းကဏ္ဍမှာ ဦးဆောင်ပြီး စစ်ဆေးမှာဖြစ်ပါတယ်။ ဒီလိုစစ်ဆေးပြီးရင် ပြန်လည်လက်ခံမယ့်နေရာမှာ လုံခြုံရေးဆောင်ရွက်ပြီး ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်။ ကျွန်မတို့ဘက်ကနေ လိုအပ်သလို စစ်ဆေးရှာဖွေပြီးမှ ပြန်လည်လက်ခံတဲ့နေရာကို ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်။

**ဦးအောင်ဝင်းဦး (ဒုတိယညွှန်ကြားရေးမှူး၊လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန၊ တောင်ပြိုလက်ဝဲလက်ခံရေးစခန်း)**

နေရပ်စွန့်ခွာသူတွေကို ပြန်လည်လက်ခံမယ်ဆိုရင် တစ်ဖက်နိုင်ငံက ပြန်လည်ဝင်ရောက်လာမယ့်သူတွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ CID၊ မှုခင်းရဲ၊ သတင်းတပ်ဖွဲ့တွေနဲ့ အားလုံးစိစစ်ပြီးတော့မှ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ပြီး မှတ်တမ်းတင်ရပါတယ်၊ မှတ်တမ်းတင်တဲ့အခါမှာလည်း မှန်ကန်မှု ရှိမရှိနဲ့ သက်ဆိုင်ရာအထောက်အထားတွေကိုလည်း ကျွန်တော်တို့ရုံးချုပ်နဲ့ တိုက်ဆိုင် စစ်ဆေးပြီး ပြန်လည်ဝင်ရောက်လာသူတွေဟာ ယခင်နေထိုင်သူတွေ ဟုတ်၊ မဟုတ် ပြန်လည်တိုက်ဆိုင်စစ်ဆေးမှာ ဖြစ်ပါတယ်၊ လုပ်ငန်းစဉ်ကို အခန်းသုံးခန်းနဲ့ လုပ်ရတာဖြစ်ပါတယ်၊ တစ်ဖက်မှာ Biometric နဲ့ ဆက်ပြီး စိစစ်မှာ ဖြစ်ပါတယ်၊ ပထမဆုံးအခန်းမှာ မှတ်ပုံတင်ရေးလုပ်ငန်းလုပ်မယ်၊ ဒုတိယအခန်းမှာ Biometric လုပ်မယ်၊ နောက်ဆုံးအခန်းမှာ National Verification လုပ်မှာ ဖြစ်ပါတယ်။

**ဦးသန်းဝင်း (အထက်တန်းသူနာပြု၊**
**တောင်ပြိုလက်ဝဲယာယီလက်ခံရေးစခန်း)**

ကျွန်တော်တို့က တောင်ပြိုလက်ဝဲယာယီလက်ခံရေးစခန်းမှာ ကျန်းမာရေးစောင့်ရှောက်မှုတွေကို တာဝန်ယူဆောင်ရွက်မှာ ဖြစ်ပါတယ်၊ နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်ဝင်ရောက်လာရင် နေမကောင်းဖြစ်တဲ့သူတွေကို ကျန်းမာရေးစောင့်ရှောက်မှု ပေးသွားမှာပါ၊ လိုအပ်ခဲ့ရင် ဆေးရုံကို ပို့ပြီး ဆောင်ရွက်သွားမှာပါ၊

**ဦးသောင်းရွှေ (ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**

ကျွန်တော်တို့အနေနဲ့ မောင်တောဒေသ၊ တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းမှာ ပြန်လည်ဝင်ရောက်လာမယ့်သူတွေအတွက် ထောက်ပံ့ရေးဆိုင်ရာကိစ္စတွေ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်၊ ပြန်လည်ဝင်ရောက်တဲ့အခါမှာ အမျိုးသား၊ အမျိုးသမီးအလိုက် အသက် ၁၂ နှစ်အထက်၊ အမျိုးသမီးဆိုရင် အမျိုးသမီးဝတ်လုံချည်တစ်ထည်၊ စောင်တစ်ထည်၊ တီရှပ်တစ်ထည်၊ ဆပ်ပြာတစ်တုံးထောက်ပံ့မယ်၊ အမျိုးသားဆိုရင်လည်း အမျိုးသားဝတ်လုံချည်တစ်ထည်၊ တီရှပ်တစ်ထည်၊ စောင်တစ်ထည်၊ ဆပ်ပြာတစ်တုံးထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်၊ ပြီးရင် ရောက်ရှိလာတဲ့ ဌာနအသီးသီးရဲ့လိုအပ်ချက်တွေကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်၊ ပြန်လည်ဝင်ရောက်လာမယ့်သူတွေကို ကျွေးမွေးနိုင်ရေးအတွက်လည်း စားဖိုဆောင်သုံးပစ္စည်းတွေလည်း အသင့်ရောက်ရှိပြီး ဖြစ်ပါတယ်၊ အခြားအရေးပေါ်ထားမယ့် နေရာလိုအပ်လာရင်လည်း ယာယီတဲတွေ ထိုးနိုင်ဖို့အတွက် ယာယီတဲတွေ အဆင်သင့်အားလုံးရှိပြီးသားဖြစ်ပါတယ်၊ တစ်ဖက်ကဝင်ရောက်လာမယ့်သူတွေကို လူသားချင်းစာနာထောက်ထားပြီး လိုအပ်တာတွေ အပြည့်အဝ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**ဦးခိုင်မင်းနိုင် (လက်ထောက်မီးသတ်ဦးစီးမှူး၊**
**မောင်တောမြို့နယ်မီးသတ်စခန်း)**

ဒီတောင်ပြိုလက်ဝဲယာယီလက်ခံရေးစခန်းမှာ ကျွန်တော်အပါအဝင် တပ်ဖွဲ့ဝင်လေးဦး၊ ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်တစ်စီးနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ အဓိကလုပ်ဆောင်သွားရမယ့် တာဝန်တွေကတော့ ဒီစခန်းမှာရှိတဲ့ ဝန်ထမ်းတွေရဲ့မီးဘေးလုံခြုံရေး၊ နောက်ပြီး တစ်ဖက်နိုင်ငံက ပြန်လည်ဝင်ရောက်လာမယ့်သူတွေရဲ့ မီးဘေးလုံခြုံရေးနဲ့ ရေရရှိရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ စခန်းတစ်ခုလုံးရဲ့မီးဘေးလုံခြုံရေးအတွက် စီမံချက်ရေးဆွဲပြီး အသင့်အနေအထားရှိပါတယ်။

**ဦးဝင်းခိုင် (ညွှန်ကြားရေးမှူး၊လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊**
**ငါးခူရယာယီလက်ခံရေးစခန်း)**

နေရပ်စွန့်ခွာသွားသူတွေ ပြန်လည်ဝင်ရောက်လာတဲ့အချိန်မှာ ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ လုံခြုံရေးအပိုင်း စစ်ဆေးပြီးတဲ့အခါမှာ ကျွန်တော်တို့ အဖွဲ့ဆီကို ရောက်ရှိလာမှာ ဖြစ်ပါတယ်၊ ဒီလိုရောက်ရှိလာတဲ့အခါမှာ နှစ်နိုင်ငံသဘောတူညီချက်အရ လက်ခံထားတဲ့ နေရပ်စွန့်ခွာသွားသူတွေရဲ့စာရင်းကို နိုင်ငံခြားရေးကနေတစ်ဆင့် ကျွန်တော်တို့ဝန်ကြီးဌာနကနေ အတည်ပြုထားတဲ့ လက်ခံရမယ့်စာရင်းနဲ့ ပါလာတဲ့ သူတွေ မှန်ကန်မှု ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးပါမယ်၊ စစ်ဆေးပြီးမှန်ကန်တဲ့အခါမှာ သူတို့ဆီက စာရင်းဇယားအချက်အလက်တွေ

စာမျက်နှာ ၁၁ သို့



ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ထောက်ပံ့ပေးမည့် လူသုံးကုန်ပစ္စည်းများ။

# တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့အား တစ်နှစ်ပြည့် ဂုဏ်ပြုအောက်မေ့ဖွယ်အခမ်းအနား ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၉**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေးဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့အား တစ်နှစ်ပြည့် ဂုဏ်ပြုအောက်မေ့ဖွယ် အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ထို့နောက် ခေတ်အဆက်ဆက် ဒီမိုကရေစီတိုက်ပွဲ အသီးသီးတွင် ကျဆုံးခဲ့သော ရဟန်း၊ ရှင်၊ လူ၊ ကျောင်းသား၊ ပြည်သူ ရဲဘော် အပေါင်းတို့အား အလေးပြုကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့အား ဂုဏ်ပြုအမှတ်ရခြင်းအနေဖြင့် ရှစ်စက္ကန့် ငြိမ်သက်ကြသည်။

ယင်းနောက် အခမ်းအနား ကျင်းပရေးကော်မတီကိုယ်စား (ကျင်းပရေးကော်မတီဝင်) ဦးထွန်းကြည်က အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ဘာသာကြီးလေးခုမှ ဘာသာရေး ခေါင်းဆောင်များက ဂုဏ်ပြုအမှတ်တရ စကားများ ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အခမ်းအနားသို့ ပေးအပ်သော သဝဏ်လွှာကို ပွဲကျင်းပရေးကော်မတီဝင် ဒေါ်ဥမ္မာအေး က ဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး စကော့မာရှယ် အပါအဝင် အခမ်းအနားသို့ တက်ရောက်လာကြသော နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များက ဂုဏ်ပြုအမှတ်တရ စကားများ ပြောကြားကြသည်။

အဆိုပါအခမ်းအနားကို အမှန်တရားနှင့် တရားမျှတမှု ဖြစ်ထွန်းပေါ်ပေါက်ရေး၊ မတူကွဲပြားမှုများအား လက်ခံအသိအမှတ်ပြု လေးစားရေး၊ နိုင်ငံသားကို အခြေခံသည့် တိုင်းချစ်၊ ပြည်ချစ်၊ နိုင်ငံချစ်စိတ်ဓာတ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အကြမ်းဖက်မှု ဆန့်ကျင်ရေးနှင့်အကြမ်းဖက်ဝါဒကို တိုက်ဖျက်ရေး၊ ဘာသာပေါင်းစုံ သွေးစည်းချစ်ကြည်ရေးနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံရေး အကျဉ်းသားဟောင်းများနှင့်အတူ အမှန်တရားနှင့် တရားမျှတမှုကို လိုလားသော နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များက ပူးပေါင်းကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။




အခမ်းအနားသို့ ဘာသာပေါင်းစုံမှ ဘာသာရေး ခေါင်းဆောင်များ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ ပြည်သူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



# သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းက ကြီးမှူး၍ ဒုတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ဝန်ထမ်းဟောင်းများအားလုံး တွေ့ဆုံပွဲကို မတ် ၂၅ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည် ဖြစ်သည်။

သက်ကြီးပူဇော်ပွဲနှင့် တွေ့ဆုံပွဲအတွက် မြန်မာ့သတင်းစဉ်မှ စာတည်းမှူး (ငြိမ်း) ဦးထွန်းလင်းအောင်-ဒေါ်သိင်္ဂီဦး မိသားစုက အလှူငွေကျပ်(သုံးသိန်းတိတိ)အား ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြသည်။ **(ဓါတ်ပုံ)**

သက်ကြီးပူဇော်ပွဲနှင့် တွေ့ဆုံပွဲသို့ ပါဝင်လှူဒါန်းလိုသူများ၊ အသင်းသားအသစ်ပါဝင်လိုသူများနှင့် ၂၀၁၇ ခုနှစ်အတွက် နှစ်စဉ်ကြေးပေးသွင်းလိုသူများသည် အသင်းအတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း-၀၉၄၂၀၀၀၁၃၈၉နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း ဖုန်း-၀၉၄၄၀၃၇၇-၆၁၃၆ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

**မြန်မာ့အလင်း**

## အများအားဖြင့်သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၉**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

ကောက်ယူပြီးတော့ မှတ်တမ်းတင်ပါမယ်၊ မိသားစုဓာတ်ပုံရိုက်ပါမယ်၊ Biometric အချက်အလက်တွေ ကောက်ယူပါမယ်၊ ဒီလိုကောက်ယူပြီးရင် National Verification process အရ NV card ထုတ်ပေးရေးကို တစ်ခါတည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဒီလိုဆောင်ရွက်ပြီး သူတို့ရဲ့လက်ဝယ်ကို NVcard တွေ အပြီးထုတ်ပေးလိုက်မှာဖြစ်ပါတယ်၊ ဒီလို ထုတ်ပေးပြီးရင် သူတို့အနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ နိုင်ငံသားဖြစ်၊ မဖြစ်ကို စိစစ်ခံယူပြီး မြန်မာနိုင်ငံသားအဖြစ်ကို ရရှိလိုတယ်ဆိုရင် မြန်မာနိုင်ငံသားဥပဒေအရ လျှောက်ထားဆောင်ရွက်ရမှာဖြစ်ပါတယ်၊ ဒီလိုအဆင့်တွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ အခက်အခဲအနေနဲ့ ထူးထူးခြားခြားရှိလိမ့်မယ်လို့ မထင်ပါဘူး၊ ကျွန်တော်တို့ဌာနရဲ့လုပ်ထုံးလုပ်နည်းတွေအတိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးဝင်းဇော်ဌေး (ဒုတိယညွှန်ကြားရေးမှူး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ငါးခူရ ယာယီလက်ခံရေးစခန်း)**

ကျွန်တော်တို့အနေနဲ့ ပြန်လည်ဝင်ရောက်လာမယ့်သူတွေကို အသက် ၁၂နှစ် အထက် အမျိုးသား၊ အမျိုးသမီး နှစ်ပိုင်းခွဲပြီး ထောက်ပံ့သွားမှာ ဖြစ်ပါတယ်၊ အိမ်ထောင်စုအနေနဲ့ အမျိုးသား ၁၀၀၀၊ အမျိုးသမီး ၁၀၀၀ အတွက် အဆင်သင့်ပြင်ထားပြီးပါပြီ၊ လျှပ်စစ်မီးရရှိရေးအတွက်လည်း ရုံးလုပ်ငန်းတွေ အဆင်ပြေစေဖို့ ထောက်ပံ့ထားပြီးသား ဖြစ်ပါတယ်၊ ရေရှည်ထောက်ပံ့မှုအနေအထားအတွက်လည်း ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ ဌာနဆိုင်ရာဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားဖို့ ရှိပါတယ်။

**ဦးသက်နိုင် (တာဝန်ခံအင်ဂျင်နီယာ၊ လှဖိုးခေါင်ကြားစခန်း)**

ပြန်လည်နေရာချထားရေးစခန်းအနေနဲ့ ကျွန်တော်တို့ CITS က တာဝန်ယူပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ပထမဆုံး အပိုင်းတစ်အနေနဲ့ အကောင်အထည်ဖော်နေတာကတော့ ဒီလကုန်မှာ အလုံး၄၀ ပြီးစီးအောင် တည်ဆောက်သွားမှာဖြစ်ပြီး ဖေဖော်ဝါရီလလယ်မှာတော့ အလုံး ၁၀၀ အထိပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ တည်ဆောက်ရမယ့် အလုံးအရေအတွက်က ၆၂၅ လုံး ဖြစ်ပြီးတော့ လူဦးရေ ၃၀၀၀၀ ခန့် ခေတ္တရွှေ့ပြောင်းနေနိုင်တဲ့နေရာမျိုးဖြစ်အောင် တည်ဆောက်နေပြီ ဖြစ်ပါတယ်၊ ရေရရှိရေးကတော့ လောလောဆယ်မှာ အဝီစိတွင်းတူးဖော်ပြီးတော့ ရေရရှိရေး ဆောင်ရွက်နေပြီး မီးရရှိရေးကတော့ EPC အစီအစဉ်နဲ့ မီးလိုင်းတွေ သွယ်တန်းလျက်ရှိပါတယ်၊ လမ်းအနေနဲ့ ကျောက်ချောလမ်းအဆင့်အထိ ခင်းပေးနိုင်ဖို့နဲ့ မိုးရာသီမှာ လမ်းပန်းဆက်သွယ်ရေး လွယ်ကူအောင် စီစဉ်ဆောင်ရွက်နေပါတယ်။



ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် ထောက်ပံ့ပေးမည့် ပစ္စည်းများ။

**ဦးမျိုးနိုင်သင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ လှဖိုးခေါင် ကြားစခန်း)**

တောင်ပြိုလက်ဝဲနဲ့ ငါးခူရယာယီလက်ခံရေးစခန်းမှာ အဆင့်ဆင့်စိစစ်ပြီး လှဖိုးခေါင်ကြားစခန်းကို ရောက်လာတဲ့သူတွေကို လက်ခံပြီး ကျွန်တော်တို့က ရိက္ခာဝေပေးမှာ ဖြစ်ပါတယ်၊ ထောက်ပံ့မယ့်ပစ္စည်းကတော့ စားသုံးကုန်ပစ္စည်းတွေပေါ့၊ ဆန်၊ ဆီ၊ ဆား၊ပဲ၊ ငရုတ်၊ ကြက်သွန်၊ ခေါက်ဆွဲခြောက်နဲ့ နောက်ထပ်ထပ်တိုးပစ္စည်းတွေလည်း ပါဝင်မှာပါ၊ ရွက်ဖျင်တဲအနေနဲ့ လက်ရှိ ၅၅လုံးထိုးထားပါတယ်၊ အရန်အနေနဲ့ အလုံး ၂၀၀ ရှိပါတယ်၊ ရွက်ဖျင်တဲတစ်လုံးကို ၁၀ဦးဆံ့ပါတယ်။

**အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ - အောင်မင်း**



ပြန်လည်ဝင်ရောက်လာမည့်သူများအား ယာယီလက်ခံရေးစခန်းများသို့ ပို့ဆောင်ပေးမည့်ယာဉ်များ။

> “အစိကက ပြန်လည်လက်ခံတဲ့အချိန်မှာ ပြန်လည်ဝင်ရောက်လာတဲ့သူတွေရဲ့ နေထိုင်ရေးကိစ္စတွေ၊ သယ်ယူပို့ဆောင်ရေးကိစ္စတွေ၊ စားသောက်ရေးကိစ္စတွေမှာ လိုအပ်တဲ့ လုပ်ငန်းအဖွဲ့တွေနဲ့ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်ပေးမှာဖြစ်”

# မြစ်ကြီးနား ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ငွေကျပ် သိန်းပေါင်း ၄၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**မြစ်ကြီးနား ဇန်နဝါရီ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနား ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဇန်နဝါရီ ၂၈ ရက် ညနေ၃နာရီခွဲက မူးယစ်ဆေးဝါး သယ်ဆောင်လာသည့် မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၂)မှ ရဲအုပ်ဖန်အောင် ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားဘက်မှ နမ္မတီးဘက်သို့ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် မုံးပေါကျေးရွာနေ ဘချမ်ဂွန်အောင်(ခ) မာဂွန်(၂၄နှစ်)မောင်းနှင်ပြီး မြစ်ကြီးနားမြို့ နေသူများဖြစ်သည့် စီတာပူရပ်ကွက် နေ ဒေါ်ခေါန်မိုင်(၂၂နှစ်)၊ ဒေါ်ရှယ်ဂျား(၂၃နှစ်)၊ပလန(၁)နေ ဒေါ်ဆိုင်းဆန့်(၂၄နှစ်)တို့ လိုက်ပါလာသည့် SHN-2F/----နံပါတ်ပါ CROWN ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ အလေးချိန် ၂ ဒသမ ၆၇၃ ကီလို ခန့်မှန်း တန်ဖိုးငွေကျပ် ၂၁၃၈၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်၌ အိမ်ငှားနေထိုင်သူ ကွတ်ခိုင်မြို့နယ် မုံးပေါကျေးရွာနေ ကွမ်းဂျာလွမ်း(၂၂နှစ်)၏ နေအိမ်သို့ ရှာဖွေရန် သွားရောက်စဉ် စီတာပူကမ်းနားလမ်းအတိုင်း ကွမ်းဂျာလွမ်း မောင်းနှင်ပြီး မောင်ဘောက်နန်(၁၉နှစ်) လိုက်ပါလာသည့် YGN-3K/ ----နံပါတ်ပါ CROWN ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၂၉ ခွက် အလေးချိန် ၂ ဒသမ ၄၀၉ ကီလို ခန့်မှန်း တန်ဖိုးငွေကျပ် ၁၉၂၇၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့၍ စုစုပေါင်းသိမ်းဆည်းရမိသည့် ဘိန်းဖြူ တန်ဖိုးငွေကျပ်သိန်း ၄၀၆၅၆၀၀၀၀ ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**



ဖြစ်စဉ်နှင့်ပတ်သက်၍ ဘချမ်ဂွန်အောင်(ခ)မာဂွန်၊ ခေါန်မိုင်၊ ဆိုင်းဆန့်၊ ရှယ်ဂျား၊ ကွမ်းဂျာလွမ်း၊ ဘောက်နန်နှင့် ဖမ်းဆီးရမိခြင်းမရှိသေးသူ ဝင်းကျော်(ခ) ရန်ချန်းတို့ခုနစ်ဦးအား မြစ်ကြီးနားမြို့မ ရဲစခန်း၌ အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ရှေးဟောင်းဘုရားဆင်းတုတော် ခိုးယူသူများ ဖမ်းဆီးရမိ

**ကောလင်း ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အိုင်ကြီးကျေးရွာမှ ဘုရားဆင်းတုတော် ခိုးဂိုဏ်းအဖွဲ့ဝင်တစ်ဦးကို ဖမ်းဆီးရမိပြီး တဂေါ်အိုင်ဘုန်းကြီးကျောင်းမှ ပျောက်ဆုံးသွားသည့် ဘုရားဆင်းတုတော် ခိုးမှုကို ဇန်နဝါရီ ၂၈ ရက်က ဖော်ထုတ်နိုင်ခဲ့သည်။

ကသာခရိုင်အတွင်း ပျောက်ဆုံးလျက်ရှိသော ဘုရားဆင်းတုတော်ခိုးယူသူများကို စုံစမ်းဖော်ထုတ်နိုင်ရန် ဒုစရိုက်မှုနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်အောင်အောင်သန်းဦးစီးသည့် အဖွဲ့များက စုံစမ်းမှုများ ပြုလုပ်စဉ် မြင်းမူရဲစခန်း၌ ဖမ်းမိထားသော ဘုရားဆင်းတုတော်ခိုးဂိုဏ်းမှ မြင့်အောင်နှင့် ကျော်ဇောလင်းတို့အား စစ်ဆေးရာ မြင့်အောင်သည် အိုင်ကြီးကျေးရွာမှ မောင်ဦး(ခ)အောင်နိုင်ဦးနှင့်အတူ ပင်လည်ဘူးမြို့နယ် ပင်ကြိုင်းကျေးရွာအနီး ရွှေဂူကြီး ခတ်ပေါင်းစေတီတော်အတွင်းမှ ရှေးဟောင်းဆင်းတုတော် ကိုးဆူကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ ခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ် ဝေဖြိုးဦးဆောင်သော အဖွဲ့နှင့် ကောလင်းမြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့ဝင် တပ်ကြပ် ရွှေဇင်အောင်တို့က ဇန်နဝါရီ ၂၇ ရက် ညနေ ၆ နာရီခွဲက မောင်ဦး (ခ) အောင်နိုင်ဦးကို အိုင်ကြီးကျေးရွာ၌ ဖမ်းဆီးရမိခဲ့သည်။

၎င်းကို ဆက်လက်စစ်ဆေးရာ ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်းက ပျောက်ဆုံးသွားသော တဂေါ်အိုင်ကျေးရွာ ဘုန်းကြီးကျောင်းအတွင်းရှိသည့် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ကြေးဆင်းတုတော်ခြောက်ဆူကို ၎င်းတို့အဖွဲ့က ခိုးယူကြောင်း စစ်ဆေးဖော်ထုတ်နိုင်ခဲ့သည်။ အဆိုပါအမှုတွင် မောင်ဦး(ခ)အောင်နိုင်ဦး အိုင်ကြီးကျေးရွာနေသူနှင့် ဘုရားဆင်းတုတော် ခိုးဂိုဏ်းအဖွဲ့ဝင်များအား စစ်ဆေးဖော်ထုတ်ပြီး ပျောက်ဆုံးသွားသော ဘုရားများ ပြန်လည်ပင့်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**

# ဝိုင်ယာကြိုးအဆက်မှ ဝိုင်ယာရှော့ခ်ဖြစ် မီးလောင်မှုဖြစ်ပွား

**တာချီလိတ် ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျှံ(၃)ဈေးအနီး၌ လျှပ်စစ်ဝိုင်ယာကြိုးအဆက်မှ ဝိုင်ယာရှော့ခ်ဖြစ်ကာ ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျှံ(၃)၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က ဒေါ်မြမြထွေး၏ နေအိမ်လိုင်းခန်း(အငှား) မီးလောင်မှုဖြစ်ပွားသဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဇော်လင်း ဦးစီးသည့်အဖွဲ့နှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၅၂ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဒေါ်မြမြထွေး (၄၀ နှစ်) ပါလျှံ(၃) ရန်အောင်မြေရပ်ကွက်နေသူကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က လင်းယုန်စီမံချက်ဖြင့် လုယက်မှုကျူးလွန်သူ လေးဦးအား ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏အစီအမံဖြင့် ဆောင်ရွက်နေသော လင်းယုန်စီမံချက်အဆင့် (၁) ကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ အင်းစိန်မြို့မရဲစခန်း(ပ) ၃၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၂ အမှုမှ ပြစ်မှုကျူးလွန်သူ လေးဦးအား ဖမ်းဆီးရမိ၍ စစ်ဆေးရာမှ လုယက်မှု ၄၄ မှု ဖော်ထုတ်ရရှိခဲ့ပြီး ဆိုင်ကယ်မျိုးစုံ ၁၁ စီးနှင့် ဖုန်းမျိုးစုံ ၃၃ မျိုးတို့ ပြန်လည်သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။



ဇန်နဝါရီ ၁၁ ရက် နံနက် ၃ နာရီခွဲခန့်က ဆိုင်ကယ်တက္ကစီမောင်းနှင်သူကို ---သည် အင်းစိန်မြို့နယ် ရွှေပြည်သာကွေ့အနီး၌ အမျိုးသားတစ်ဦးမှ ကမ်းနားအနောက်ရပ်ကွက်သို့ ငွေကျပ် ၁၅၀၀ ဖြင့် ပို့ဆောင်ရန်ငှားရမ်းသဖြင့် လိုက်ပါပို့ဆောင်ခဲ့ရာ ကမ်းနားအနောက်ရပ်ကွက် ပတ္တမြားလမ်းအရောက်တွင် အဆိုပါ အမျိုးသားအားပို့ဆောင်ပေးခဲ့ပြီး ပြန်ထွက်လာစဉ် အမှောင်ရိပ်အတွင်းမှ အမျိုးသား တစ်ဦးထွက်လာကာ ၎င်းကို ဓားဖြင့်ထောက်၍ ဆိုင်ကယ်ကို လုယက်ကာ မောင်းယူထွက်ပြေးသွားသဖြင့် အင်းစိန်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် လင်းယုန်အဆင့်(၁)စီမံချက် ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များက သတင်းစုံစမ်းဆောင်ရွက်ခဲ့ရာ လုယက်မှုများကျူးလွန်ကြောင်း သတင်းရရှိထားသူ အောင်မျိုးသိန်း၊ ဝင်းသူ၊ ချစ်စန်းအောင်နှင့် မဲလေး(ခ)ဇော်ဇော်တို့ လေးဦးကို ဖမ်းဆီးစစ်ဆေးခဲ့ရာမှ ထွက်ပြေးတိမ်းရှောင်နေသည့် သိန်းစိုးလတ်၊ ကိုကို(ခ)မောင်ကိုနှင့် ဝင်းလွင်အောင်တို့သုံးဦးနှင့်အတူ အင်းစိန်မြို့နယ်အတွင်း ကျူးလွန်သည့် လုယက်မှု ၄၄ မှုဖော်ထုတ် နိုင်ခဲ့ပြီး လုယက်ရရှိခဲ့သည့် သက်သေခံဆိုင်ကယ် ၁၁ စီးနှင့် လက်ကိုင်ဖုန်းမျိုးစုံ ၃၃ လုံးတို့ကို ပြန်လည်သိမ်းဆည်းရမိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ထွက်ပြေးတိမ်းရှောင်နေသည့် သိန်းစိုးလတ်ပါသုံးဦးတို့အား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး သိမ်းဆည်းရရှိသော သက်သေခံဆိုင်ကယ်နှင့် ဖုန်းများကို ပိုင်ရှင်အစစ်အမှန်များ သိရှိစေရန်အတွက် အင်းစိန်မြို့မရဲစခန်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် အသိပေးဖော်ပြထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယာဉ်တိုက်မှုဖြစ်ပွား၍ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**ဘားအံ ဇန်နဝါရီ ၂၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-သထုံကားလမ်း၌ ဇန်နဝါရီ ၂၉ ရက်က ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့သဖြင့် တစ်ဦးသေဆုံးကာနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၉ ရက် နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် ဘားအံမြို့နယ် ဘားအံ-သထုံကားလမ်း၌ သထုံဘက်မှ ဘားအံဘက်သို့ ပိုင်မျိုးသူ(၂၉နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် မျိုးမင်းအောင်(၂၀နှစ်) လိုက်ပါ လာသော MDY/7N-----TOYOTA HIACE ယာဉ်သည် တံတားအမှတ် (၇/၁၇)အနီး မိုင်တိုင်အမှတ် (၁၆/၆)နှင့်(၁၆/၇)အကြား အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောအတွင်းရောက်ရှိကာ ဘားအံဘက်မှ သထုံဘက်သို့ ကျော်မင်းထွန်း ( ၃၇နှစ်) မောင်းနှင်ပြီး ကျော်ဇင်ထွန်း(၂၂နှစ်) လိုက်ပါလာသော MDY/1N-----NISSAN CARAVANယာဉ်နှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ကာNISSAN CARAVAN ယာဉ်မှာ ကားလမ်းဘေးချောက်အတွင်း ပြုတ်ကျသွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း ပိုင်မျိုးသူနှင့် မျိုးမင်းအောင်တို့တွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ပြီး ကျော်ဇင်ထွန်းတွင် ဒဏ်ရာ(စိုးရိမ်ရ)ရရှိခဲ့သဖြင့် ဘားအံဆေးရုံကြီးသို့ ပို့ဆောင်စဉ် ကျော်ဇင်ထွန်းမှာ လမ်းခရီး၌ သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ပိုင်မျိုးသူကို ဘားအံမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ဖန်းမောက်မြို့နယ်အတွင်းမှ ဘိန်းစိမ်းများ ဖမ်းမိ

**ဖန်းမောက် ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် နန်းဇာကျေးရွာအတွင်းမှ ဘိန်းစိမ်း ၁၆ ပိဿာကျော် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၉ ရက် နံနက် ၇ နာရီခန့်က ဖန်းမောက်မြို့နယ် လိပ်စောနယ်မြေ ရဲကင်းစခန်းမှူး ရဲအုပ်ဇော်သန်းထွဋ်အဖွဲ့နှင့် မံစီနယ်မြေရဲကင်းစခန်းမှ ဒုတိယရဲအုပ် ရဲလင်းအောင်တို့အဖွဲ့ ပူးပေါင်း၍ မြို့နယ် နန်းဇာကျေးရွာနေ ကြည်လင်ဆိုသူ၏ နေအိမ်ကို သတင်းအရဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေစဉ် အိမ်ရှင်ကြည်လင်မှာ ထွက်ပြေးလွတ်မြောက်သွားပြီး ၎င်းအိမ်၌ ရောက်ရှိနေသော မြင့်သိန်းနှင့် အောင်ကျော်တို့နှစ်ဦးကို တွေ့ရှိသဖြင့် ရှာဖွေရာ ၁၆ ပိဿာ ၈၀ ကျပ်သား (၂၇၄၃၄ ဒသမ ၄ ဂရမ်)အား တွေ့ရှိခဲ့သည်။

ထို့ကြောင့် နန်းဇာကျေးရွာ ဖန်းမောက်မြို့နယ်နေသူ ကြည်လင်၊ လွယ်စီတာကျေးရွာ ဖယ်ခုံမြို့နယ်နေသူ မြင့်သိန်းနှင့် မိုးဗြဲကျေးရွာဖယ်ခုံမြို့နယ်နေသူ အောင်ကျော်တို့သုံးဦးအား ဖန်းမောက်မြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း ရဲအုပ်ဇော်သန်းထွဋ်ထံမှ သိရသည်။

**လှအောင်(ကသာ)**

# မောင်တောမြို့ မောင်နီကျေးရွာအနီး မသင်္ကာသူတစ်ဦး အသေဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

မောင်တောမြို့ မောင်နီကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၆ ရက် ည ၇ နာရီခွဲက လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာဖွယ် လူသုံးဦး တွေ့ရှိသဖြင့် လိုက်လံဖမ်းဆီးရာ အသင့်ဖောက်ထားသော နယ်စပ်ခြံစည်းရိုးအပြင်သို့ ထွက်ပြေး၍ ခြောက်လှန့်ပစ်ခတ်ခဲ့သည်။ ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ နယ်စပ်ခြံစည်းရိုးအပြင်ဘက်သို့ ထွက်ပြေးသွားခဲ့သည်။

အခင်းဖြစ်ရာနေရာသို့ စစ်ဆေးရာ ကြွပ်ကြွပ်အိတ်အတွင်းမှ လက်မ ၂၀ ခန့်ရှိ သံပုဆိန်တစ်လက်၊ သံရိုက် ဆိတ်ချိုတူ တစ်လက်၊ အရိုးအသွား ကိုးလက်မရှိ ဓားဦးချွန် တစ်လက်၊ ဆောက်တစ်လက်၊ ၁၀လက်မခန့်ရှိ ဝက်အူလှည့် တစ်ချောင်း၊ ဆေးထိုးအပ်အသေးတစ်ချောင်း၊ ငါးလက်မရှိ ကတ်ကြေးတစ်ချောင်း၊ တရုတ်နိုင်ငံလုပ် ခါတ်မီးတစ်လက်၊ အရိုးအသွား ၁၃ လက်မရှိ ဓားမြှောင်တစ်ချောင်း၊ သံပတ္တာတစ်ခုတို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့ကာ သေဆုံးသူအား စုံစမ်းလျက်ရှိပြီး အလောင်းကို မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ် ငှက်သေကျေးရွာသား တစ်ဦးသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဘူးသီးတောင်မြို့နယ် ငှက်သေကျေးရွာနေ မော်လဝီအာလီဟူဆောင်း(၇၁နှစ်)သည် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၁ နာရီတွင် ဦးလုဖေကျေးရွာသို့ အလည်သွားရာမှ နေအိမ်သို့ ပြန်ရောက်မလာသဖြင့် ဇနီးဖြစ်သူ မဆာရာခါတူက လိုက်လံရှာဖွေခဲ့ရာ မွန်းလွဲ ၂ နာရီတွင် ဦးလုဖေရွာကြီး၏ တောတန်းလျှိုအတွင်း၌ မော်လဝီ အာလီဟူဆောင်းအား လည်ပင်း၊ ငယ်ထိပ်၊ နောက်စေ့ ပြတ်ရှဒဏ်ရာ သုံးချက်တို့ဖြင့် သေဆုံးနေသည်ကို တွေ့ရှိ၍ အလောင်းအား ဘူးသီးတောင် ဆေးရုံသို့ ပို့အပ်ခဲ့သည်။ မော်လဝီ အာလီဟူဆောင်းကို သတ်ဖြတ်ခဲ့သူအား ညောင်ချောင်းနယ်မြေစခန်း၌ (ပ)၄/ ၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂(လူသတ်မှု)ဖြင့် အမှုဖွင့် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ ဂျပန်နှင့်တရုတ် သဘောထားကွဲလွဲ




**တိုကျို ဇန်နဝါရီ ၂၉**

ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ်နိုင်ငံ ထိပ်တန်းအစိုးရအာဏာပိုင်များသည် ၎င်းတို့၏ခေါင်းဆောင်များအတွင်း နှီးနှောဖလှယ်မှုများကိုမြှင့်တင်သွားကြရန် သဘောတူညီခဲ့ကြောင်းသိရသည်။ သို့ရာတွင် ၎င်းတို့သည် အရှေ့တရုတ်ပင်လယ်အတွင်းရှိ ဆန်ကာကူကျွန်းအရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုသည် တရုတ်ဝန်ကြီးချုပ်လီခချမ်းနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ယန်ဂျီချီတို့နှင့် တနင်္ဂနွေနေ့ကပေကျင်း၌ တွေ့ဆုံခဲ့သည်။ ယင်းမတိုင်မီတွင် နိုင်ငံခြားရေးဝန်ကြီးသည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိနှင့် ဆွေးနွေးပွဲများပြုလုပ်ခဲ့သည်။

ယင်းတွေ့ဆုံမှုသည် တာရိုကိုနို တာဝန်ထမ်းဆောင်ချိန်မှစတင်ကာ တရုတ်နိုင်ငံသို့ ပထမဆုံးသွားရောက်လည်ပတ်မှုဖြစ်သည်။

တွေ့ဆုံမှုအပြီးတွင် ကိုနိုက လီသည် လာမည့်နွေဦးတွင် ဂျပန်နှင့်တောင်ကိုရီးယားအကြီးအကဲတို့နှင့် သုံးနိုင်ငံ ထိပ်သီးအစည်းအဝေးကျင်းပသွားရန်အတွက် ဂျပန်နိုင်ငံသို့လာရောက်ရန် ၎င်း၏ဖိတ်ခေါ်မှုကို ကောင်းမွန်စွာတုံ့ပြန်ခဲ့ကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။

တရုတ်ခေါင်းဆောင်သည် ဂျပန်နှင့်ဆက်ဆံရေးတိုးတက်မှုရှိရန် စိတ်အားထက်သန်မှုရှိသည်ဟုခံစားရကြောင်း ကိုနိုက ပြောသည်။သို့သော် မြောက်ကိုရီးယားနှင့်ဆက်ဆံသွားရန် နည်းလမ်းများနှင့် ပတ်သက်၍ မတူကွဲပြားသည့် အယူအဆများရှိနေသည်ကို ယခုထက်တိုင်တွေ့နေရဆဲဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အရှေ့တရုတ်ပင်လယ်အရေးနှင့် စပ်လျဉ်း၍ ယခုလအစောပိုင်းက တရုတ်ရေငုပ်သင်္ဘောတစ်စင်းသည် ဆန်ကာကူကျွန်းစုအနီး ဂျပန်ရေပိုင်နက်အနီးတစ်ဝိုက်ရှိ ထိစပ်ဇုန်သို့ဝင်ရောက်လာခဲ့သည်။ ယင်းကျွန်းကို ဂျပန်ကထိန်းချုပ်ထားသည်။ ဂျပန်အစိုးရက ယင်းနေရာသည် ဂျပန်နိုင်ငံက အစဉ်အဆက်ပိုင်ဆိုင်လာခဲ့သည့် အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ပြောဆိုထားပြီး တရုတ်နှင့်ထိုင်ဝမ်ကလည်း ယင်းကျွန်းကိုပိုင်ဆိုင်သည်ဟု အငြင်းပွားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နှင့်မလေးရှား ကမ်းခြေစောင့်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်

**တိုကျို ဇန်နဝါရီ ၂၉**

ဂျပန်နှင့်မလေးရှားကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သည့်အနေဖြင့် တောင်တရုတ်ပင်လယ်အတွင်း၌ ပင်လယ်ဓားပြတိုက်ဖျက် နှိမ်နင်းရေးဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်မှုလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

ဂျပန်က ပြီးခဲ့သည့်နှစ်တွင် မလေးရှားသို့ပေးအပ်ခဲ့သည့် ကင်းလှည့်ရေယာဉ်တစ်စင်းသည် တနင်္လာနေ့တွင် မလေးရှားကမ်းခြေ၌ ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုအတွင်းပူးပေါင်းပါဝင်ခဲ့သည်။ ကုန်တင်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများ ဝင်ရောက်တိုက်ခိုက်မှုကို တုံ့ပြန်သည့် စစ်ရေးလေ့ကျင့်မှုပုံစံကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နှင့်မလေးရှားတို့မှ ကင်းလှည့် သင်္ဘောများက ကုန်သင်္ဘောအနီးသို့ချဉ်းကပ်လာပြီး တိုက်ခိုက်မှုကိုရပ်တန့်စေရန် အချက်ပြအမိန့်ပေးခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# မြို့တော်ကဘူးလ်ရှိ စစ်တက္ကသိုလ်တစ်ခုအား သေနတ်သမားများဝင်ရောက်တိုက်ခိုက်

**ကဘူးလ် ဇန်နဝါရီ ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ စစ်တက္ကသိုလ်တစ်ခုအား ဇန်နဝါရီ ၂၉ ရက်တွင် သေနတ်သမားများက ပစ်မှတ်ထား ဝင်ရောက်တိုက်ခိုက်ခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုအား ယခုချိန်အထိ အတိအကျမသိရသေးကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မာရှယ်ဖာဟင်အမျိုးသား ကာကွယ်ရေးတက္ကသိုလ်ရှေ့ဘက်ဝင်ပေါက်တွင် ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသူတစ်ဦးက ဒေသစံတော်ချိန် နံနက် ၅ နာရီတွင် ဖောက်ခွဲခဲ့ပြီးနောက် မကြာမီအချိန်အတွင်း စစ်သွေးကြွအဖွဲ့တစ်ဖွဲ့က တက္ကသိုလ်ပရိဝုဏ်အတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောခဲ့သည်။

ပထမဆုံးပေါက်ကွဲမှုသည် ကားဗုံးပေါက်ကွဲမှုနှင့်တူပြီး ဒေသခံများအထိတ်တလန့်ဖြစ်ပွားခဲ့ကြောင်း၊ ယခုအခါတွင် အဆိုပါနေရာအား လုံခြုံရေးစည်းတားလိုက်ပြီဖြစ်ကြောင်း အဆိုပါ မျက်မြင်သက်သေတစ်ဦးကပြောခဲ့သည်။

အဆိုပါ စစ်တက္ကသိုလ်သည် ကဘူးလ်မြို့ အမှတ် ၅ ခရိုင်ရဲတပ်ဖွဲ့ရှိ



ချာရာအီဝွမ်ဘာနယ်မြေတွင်တည်ရှိပြီး တိုက်ခိုက်သူများက သေနတ်နှင့် စိန်ပြောင်း (အာရ်ပီဂျီ)များကို အသုံးပြုကာ အရုဏ်တက်ချိန်တွင် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ သေနတ်သမားများသည် တပ်မတော်အရာရှိ မိသားစုများ၏ နေအိမ်အဆောက်အအုံများအနီးတွင် ကြိမ်ဖန်များစွာ ပစ်ခတ်ခဲ့ကြောင်း သိရသည်။

လူဦးရေ ငါးသန်းနီးပါးရှိသည့် အဆိုပါမြို့တွင် လွန်ခဲ့သော နှစ်နှစ်ကျော်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုပေါင်း မြောက်မြားစွာဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျော်ဒန်လေတပ် အင်အားတောင့်တင်းစေရန် ဘလက်ဟော့ခ် ရဟတ်ယာဉ် ၁၂ စင်း အမေရိကန်က သင်္ဘောဖြင့်တင်ပို့

**ဝါရှင်တန် ဇန်နဝါရီ ၂၉**

ဂျော်ဒန်တပ်မတော် (JAF) သည် အမေရိကန်ပြည်ထောင်စုမှပို့ဆောင်လိုက်သည့် ဘလက်ဟော့ခ် ရဟတ်ယာဉ်သစ်များကို တနင်္ဂနွေနေ့တွင် တရားဝင်လက်ခံရရှိခဲ့ရာ ပြီးခဲ့သည့်ကိုးလကျော်က လက်ခံရရှိလာခဲ့သည့် ရဟတ်ယာဉ်အရေအတွက် စုစုပေါင်း ၁၂ စင်းရှိသွားပြီဖြစ်ကြောင်း အမ်မန်ရှိအမေရိကန်သံရုံးက ပြောကြားခဲ့သည်။

ရဟတ်ယာဉ်များသည် ဂျော်ဒန်တပ်မတော်(JAF)၏လျှပ်တစ်ပြက် တုံ့ပြန်မှုတပ်ဖွဲ့ (QRF) နှင့်ဂျော်ဒန်လုံခြုံရေးတပ်ဖွဲ့တို့ကို ခိုင်မာတောင့်တင်းစေလိမ့်မည်ဖြစ် ကြောင်း သံရုံးကသတင်းစာရှင်းလင်းပွဲတွင် ဖော်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် ဂျော်ဒန်တို့သည် အစဉ်အဆက်ရင်းနှီးဆက်ဆံလာခဲ့ကြသည့် သမိုင်းကြောင်းရှိခဲ့သည်။

"ကျွန်ုပ်တို့၏စစ်ရေးအရ ပေါင်းသင်းဆက်ဆံမှုသည် လုံခြုံဘေးကင်းပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရရှိစေမည့် ကျွန်ုပ်တို့၏အပြန်အလှန် ရည်မှန်းချက်များအတွက် စံနမူနာကောင်းတစ်ခုဖြစ်စေလိမ့်မည်" ဟု အမေရိကန်သံရုံးယာယီတာဝန်ခံ ဟင်နရီဝုစတားက ပြောကြားခဲ့သည်။

ယနေ့အထိမ်းအမှတ်သည် UH 60 ဘလက်ဟော့ခ် ရဟတ်ယာဉ်များနှင့်အတူ ဂျော်ဒန် လေတပ်မတော်၏ စွမ်းဆောင်ရည်သစ်များ အစပြုခြင်းအထိမ်းအမှတ် တစ်ခုပင်ဖြစ်ကြောင်း အမေရိကန်သံရုံး ယာယီတာဝန်ခံ ဟင်နရီဝုစတားက ပြောကြားခဲ့သည်။

**ဆင်ဟွာ**



# ဟောင်ကောင်မြို့လယ်တွင် တွေ့ရသည့် ဒုတိယကမ္ဘာစစ်ဗုံးသီးကြီးကို အောင်မြင်စွာစနက်တံဖြုတ်နိုင်ခဲ့

**ဟောင်ကောင် ဇန်နဝါရီ ၂၉**

ဒုတိယ ကမ္ဘာစစ်လက်ကျန်ဗုံးတစ်လုံးကို ဟောင်ကောင်မြို့လယ်တွင် ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ဟောင်ကောင်ရဲတပ်ဖွဲ့က စနက်တံကို ခဲရာခဲဆစ်အောင်မြင်စွာဖြင့် အချိန်တစ်နာရီကျော်ကြာအောင် ကြိုးစားပမ်းစားဖြုတ်နိုင်ခဲ့ပြီး ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထိုသို့ အောင်မြင်စွာဖြင့် စနက်တံဖြုတ်နိုင်ခဲ့ပြီး ရှင်းလင်းဖယ်ရှားနိုင်ခဲ့၍ လူအများအသက်ဆုံးရှုံးခြင်း၊ အိုးအိမ်ပျက်စီးခြင်းများ မရှိကြောင်း သိရသည်။

အဆိုပါဗုံးကြီးသည် စုစုပေါင်း ပေါင် ၁၀၀၀ အလေးချိန်ရှိပြီး ရှာတင်ဒေသမှ ဗဟိုရထားလမ်းသို့ ချိတ်ဆက်မည့် ရထားလမ်းဖောက်လုပ်စဉ်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

စနက်တံမဖြုတ်မီအဆိုပါဒေသမှ ဒေသခံပြည်သူ ၁၅၀၀ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ပြီးနောက် ဟောင်ကောင်ဗုံးရှင်းလင်းရေးရဲတပ်ဖွဲ့က ယမန်နေ့က အောင်မြင်စွာဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။ ဗုံး၏အလေးချိန်လည်း အတော်များသောကြောင့် အကယ်၍ ဗုံးပေါက်ကွဲခဲ့ပါက မီတာ ၁၀၀၀ မှ ၂၀၀၀ အထိ သက်ရောက်မှုရှိနိုင်ကြောင်း ဗုံးရှင်းလင်းရေး အကြီးတန်းအရာရှိ တိုနီချောက ပြောခဲ့သည်။

အဆိုပါဗုံးသည် အမေရိကန်လုပ် အေအင်န်-အမ် ၆၅ အမျိုးအစားဗုံးဖြစ်သည်ဟု ယူဆရပြီး ၁၉၄၁ခုနှစ်မှ ၁၉၄၅ခုနှစ်ကြားတွင် ယင်းဒေသသို့ ကျခဲ့ခြင်းဖြစ်ကြောင်း၊ ဟောင်ကောင်မြို့လယ်တွင် ဒုတိယအကြိမ်မြောက်တွေ့ရသည့် ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ယီမင်တောင်ပိုင်း အေဒင်မြို့၌ လက်နက်ကိုင်အဖွဲ့များ တိုက်ပွဲများဖြစ်ပွား

**အေဒင် ဇန်နဝါရီ ၂၉**

ယီမင်တောင်ပိုင်း အေဒင်မြို့၌ တနင်္ဂနွေနေ့က လက်နက်ကိုင်စစ်သွေးကြွအုပ်စုများ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ လူအချို့သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူများရှိခဲ့ကြောင်း၊ မြို့တွင်းရှိ ဆေးရုံများမှ ဆေးဝန်ထမ်းတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

သေနတ်သမားများသည် မြို့တွင်းရှိ ဒေသအများစုတို့တွင် ဖြန့်ကြက်လျက်ရှိပြီး အပြင်းအထန်ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း ဒေသခံပြည်သူများ၏ ပြောပြချက်အရ သိရသည်။

အာရပ်စော်ဘွားများပြည်ထောင်စုနှင့် မဟာမိတ်ပြုထားသည့် တောင်ပိုင်းရှိ ခွဲထွက်ရေးသမားများနှင့် ဆော်ဒီကျောထောက်နောက်ခံပေးထားသည့် သမ္မတ အဗ္ဗဒူရာဘူလ်မန်ဆောဟာဒီ အစိုးရအဖွဲ့တို့အကြားတွင် နိုင်ငံ၏ တောင်ပိုင်းထက်ဝက်ခန့်ကို ထိန်းချုပ်မှုရရှိရေးနှင့်ပတ်သက်၍ တင်းမာမှုများ မြင့်တက်နေကြောင်း သိရသည်။

**ရိုက်တာ**

### နှစ် ၂၀ အတွင်း တရုတ်နိုင်ငံ၏ သဘာဝသစ်တော ထိန်းသိမ်းစောင့်ရှောက်မှုစရိတ် ယွမ်ငွေ ဘီလီယံ ၃၀၀ ကုန်ကျ

**ပေကျင်း ဇန်နဝါရီ ၂၉**

တရုတ်နိုင်ငံသည် သဘာဝသစ်တော ထိန်းသိမ်းကာကွယ်ရေး ကုန်ကျစရိတ်အနေဖြင့် နှစ်ပေါင်း ၂၀ အတွင်း ယွမ်ငွေ ဘီလီယံ ၃၀၀ (အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၃ သန်း) ခန့်ကုန်ကျခဲ့ကြောင်း နိုင်ငံပိုင်သစ်တောစီမံအုပ်ချုပ်ရေးအဖွဲ့ သတင်းရင်းမြစ်များအရ သိရသည်။

၁၉၉၈ ခုနှစ်တွင် ယန်ဇီမြစ်နှင့် ဆောင်ဟွာမြစ် တောင်ကြားဒေသများတွင် ရေလွှမ်းမိုးမှုများ အကြီးအကျယ်ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံတော်ကောင်စီက အဓိကစီမံဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ပြီး ဟေလုံကျန်း၊ ကျီလင်၊ ယူနန်၊ ဟူနန်နှင့် လျောင်နင်းအပါအဝင် ပြည်နယ်ပေါင်း ၁၆ ခုတို့တွင် သဘာဝသစ်တောကာကွယ်စောင့်ရှောက်ရေး စီမံချက်များကို အကောင်အထည်ဖော်ခဲ့သည်။

မကြာသေးမီက ဟက်တာပေါင်း ၁၂၉ ဒသမ ၆ သန်းခန့်ရှိသည့် သဘာဝသစ်တောဧရိယာများကို ကောင်းစွာကာကွယ်စောင့်ရှောက်နိုင်ခဲ့ကြောင်း သဘာဝသစ်တောထိန်းသိမ်းကာကွယ်ရေး အနီးကပ်ကြီးကြပ်ဆောင်ရွက်သည့် အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ယင်းဒေသများတွင် သဘာဝသစ်တောများမှ သစ်ထုတ်လုပ်ငန်းဆောင်ရွက်မှုကို လုံးဝပိတ်ပင်တားမြစ်ထားသည်။

**ဆင်ဟွာ**

# သမ္မတထရန့်ရဲ့ ဒါဗို့စ် ကမ္ဘာ့ စီးပွားရေးဖိုရမ်မိန့်ခွန်း အနာဂတ် ကုန်သွယ်ရေးသဘောတူညီချက်ကို ထုဆစ်နိုင်ပါ့မလား

**တင်လင်းအောင်**



ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ ကြီးမားတဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာမလားဆိုပြီး စိတ်ဝင်တစားစောင့်ကြည့်နေတဲ့ ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်ကြီးလည်း အောင်မြင်စွာပြီးဆုံးခဲ့ပါပြီ။ အဲဒီကမ္ဘာ့စီးပွားရေးဖိုရမ်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ မျှတမှုမရှိတဲ့ ကုန်သွယ်ရေးနည်းလမ်းတွေအပေါ် အမေရိကန်နိုင်ငံအနေနဲ့ ဆက်လက်သည်းခံသွားတော့မှာ မဟုတ်ဘဲ အနာဂတ်ကုန်သွယ်ရေးသဘောတူညီချက်တွေမှာ အမေရိကန်ကို ပထမဦးစားပေးထည့်သွင်းသွားတော့မယ်လို့ ပြောခဲ့ပါတယ်။

ကမ္ဘာကြီးပျက်စီးမှုတွေ ဖြစ်လာတယ်ဆိုတာကို လူတွေ မေ့လျော့နေကြတယ်လို့ ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အနေနဲ့ ပြောခဲ့သလို သူကိုယ်တိုင်ကပဲ ကမ္ဘာကြီးပျက်စီးမှုရဲ့အကြီးအမှူးဖြစ်တယ်လို့ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို တက်ရောက်လာတဲ့ လူအတော်များများရဲ့စိတ်ထဲမှာ စွဲထင်ကောင်းစွဲထင်နေနိုင်ပါတယ်။ သို့သော်လည်းပဲ သူ့အနေနဲ့ အမေရိကန်သည်သာ ပထမဟူသည့် မူဝါဒကို ဘယ်တော့မှ လက်လျှော့မှာမဟုတ်သလို၊ စွန့်လွှတ်မှာလည်း မဟုတ်ပါဘူးလို့ တိတိလင်းလင်းပြောခဲ့ပါတယ်။ အမေရိကန်အားကောင်းခိုင်မာလာတာ ကမ္ဘာကြီးတစ်ခုလုံးအတွက် ကောင်းမွန်တဲ့ကိစ္စဖြစ်တယ်လို့ ဒါဗို့စ်မြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ သူက ဆက်လက်ပြောခဲ့ပါတယ်။

"Creating a Shared Future in a Fractured World" ခေါင်းစဉ်နဲ့ ဇန်နဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ ကျင်းပတဲ့ ဒါဗို့စ် ကမ္ဘာ့စီးပွားရေးဖိုရမ်လည်း ပြီးဆုံးခဲ့ပါပြီ။ ယခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ကမ္ဘာ့စီးပွားရေးနဲ့ နိုင်ငံရေးခေါင်းဆောင်တွေ တက်ရောက်ခဲ့သလို အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီက ဇန်နဝါရီ ၂၃ ရက်မှာ ဖွင့်လှစ်ပေးခဲ့ပြီးတော့ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ၊ ကနေဒါမှ ဂျက်စတင် ထရူးဒိုး၊ အစ္စရေးမှ ဘန်ဂျမန် နေတန်ယာဟု၊ မင်းသမီး ကိတ်ဘလန်ချက်၊ ဂီတအကျော်အမော် အယ်လ်တွန်ဂျွန်တို့လည်း တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

၂၀၀၀ ပြည့်နှစ် အမေရိကန်သမ္မတ ဘီလ်ကလင်တန်လက်ထက်မှစကာ ယခုအချိန်အထိ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့တဲ့ အမေရိကန်သမ္မတတွေထဲမှ ထရန့်ဟာ ပထမဆုံးအမေရိကန်သမ္မတဖြစ်လာခဲ့ပါတယ်။ အဲဒီ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ ထရန့်ဟာ ကိုယ်စားလှယ်အင်အား တောင့်တောင့်တင်းတင်းနဲ့ သွားရောက်ခဲ့တာဖြစ်ပြီးတော့ ထရန့်ရဲ့ ကိုယ်စားလှယ်အဖွဲ့ထဲမှာတော့ သူ့ရဲ့ သားသမက် ဂျာရက်ကုရှ်နာ၊ ဘဏ္ဍာရေးဝန်ကြီး စတိဗ်မြူချင်နှင့် နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်တို့ ပါဝင်ကြပါတယ်။

ကမ္ဘာ့စီးပွားရေးဖိုရမ်ကို တက်ရောက်ခဲ့တဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်စီးပွားရေးဟာ နှစ်ပေါင်းများစွာ ကျဆင်းနေခဲ့ပြီးနောက် သူ့ရဲ့မူဝါဒတွေကြောင့် အခုဆိုရင် အားကောင်းလာပြီလို့ ပြောခဲ့ပါတယ်။ အခွန်အကောက်နဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို လျှော့ချပြီး စီးပွားရေးလုပ်ငန်းနဲ့ အလုပ်သမားတွေ အောင်မြင်တိုးတက်လာစေဖို့ လွတ်လပ်ခွင့်တွေပေးနေသလို စီးပွားရေးလုပ်ခွင့်သာစေမယ့် အခြေအနေတွေ ဖန်တီးပေးနေတယ်လို့ သူက ပြောခဲ့ပါတယ်။ ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်ရှိ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို တက်ရောက်လာတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေကြားမှာ အမေရိကန်သည်သာပထမဆိုတဲ့ မူဝါဒနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေရှိနေသော်လည်း တကယ်တမ်းကျတော့ သူ့ရဲ့မူဝါဒတွေဟာ အားလုံးအတွက်ကောင်းတဲ့ မူဝါဒတွေဖြစ်တယ်လို့ သူက ပြောခဲ့ပါတယ်။

အားလုံးစိုးရိမ်နေတဲ့ အမေရိကန်သည်သာပထမဆိုတဲ့ မူဝါဒဟာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တွေကို အဆက်မပြတ်ခြိမ်းခြောက်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတွေ ဖြစ်စေခဲ့ပါတယ်။ အမေရိကန်နိုင်ငံဟာ ၎င်းတစ်နိုင်ငံတည်းလမ်းကြောင်းပေါ် လျှောက်လှမ်းတာကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ တဖြည်းဖြည်းဝေးကွာသွားနေတာက တစ်ကြောင်း၊ လက်ရှိကမ္ဘာကြီးဟာ အလုံးစုံ ရောနှောပေါင်းဖက်ပူးပေါင်းနေထိုင်တဲ့ ကံကြမ္မာအကျိုးတူ ကမ္ဘာကြီးတစ်ခုဖြစ်လာတာနဲ့အညီ အမေရိကန်သည်သာပထမဟူသည့် မူဝါဒဟာ လက်ရှိအခြေအနေနဲ့ ကိုက်ညီနိုင်ဖို့ဆိုတာ မလွယ်ကူခြင်းကတစ်ချက် အလုံးစုံသော အချက်တွေကြောင့် အမေရိကန်သည်သာ ပထမဆိုတဲ့ မူဝါဒဟာ အောင်မြင်ဖို့ မလွယ်ကူကြောင်း နိုင်ငံရေးကျွမ်းကျင်သူတွေက သုံးသပ်ထားသော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကတော့ သူ့ရဲ့မူဝါဒအပေါ်မှာ သံသယစိုးစဉ်းမျှ ရှိပုံမပေါ်။ ယုံကြည်လျက်၊ ယုံမြဲလျက် ရှိနေသည်သာ။

"အမေရိကန်ပြည်ထောင်စုရဲ့သမ္မတတစ်ဦးအနေနဲ့ အမေရိကန်ကို အမြဲဦးစားပေးသွားမှာပါ၊ တခြားကမ္ဘာ့နိုင်ငံအသီးသီးက ခေါင်းဆောင်တွေဟာ သူတို့နိုင်ငံရဲ့ အရေးကိစ္စကို အမြဲတမ်း ပထမဦးစားပေးစဉ်းစားသလိုပါပဲ၊ အမေရိကန်လည်း ထို့အတူပါပဲ၊ သို့သော် အမေရိကန်ကို ဦးစားပေးစဉ်းစားမယ်ဆိုတာက အမေရိကန်တစ်နိုင်ငံတည်း ကောင်းကျိုးလို့ အဓိပ္ပာယ်မသက်ရောက်ပါဘူး၊ အမေရိကန်ပြည်ထောင်စုတိုးတက်ရင် ကမ္ဘာကြီးလည်း တိုးတက်မှာဖြစ်တယ်" လို့ ထရန့်က ပြောခဲ့ပါတယ်။

အခုဆိုရင် ကမ္ဘာ့စီးပွားရေးက တိုးတက်နေပါပြီ။ အိန္ဒိယနိုင်ငံမှာဆိုရင် ၂၀၁၇ ခုနှစ်မှာ ယခင်ကထက် ခုနစ်ရာခိုင်နှုန်းကျော်တိုးတက်ပြီး တရုတ်နိုင်ငံထက် လျင်လျင်မြန်မြန် သိသိသာသာ တိုးတက်လာပါတယ်။ လွန်ခဲ့တဲ့လက လွှတ်တော် (ကွန်ဂရက်) က အတည်ပြုခဲ့တဲ့ အမေရိကန်သမ္မတ ထရန့်ရဲ့အခွန်ဖြတ်တောက်မှုတွေကြောင့် စီးပွားရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုပြုလုပ်လာတယ်။ ဒါ့အပြင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုလုပ်လာတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာတယ်လို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ပြောခဲ့ပါတယ်။ လေ့တွေဟာ လှိုင်းတွေကြောင့်မြင့်လာပါတယ်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဦးဆောင်ညွှန်ကြားရေးမှူး ခရစ်စတင်းလာဂါဒီက တိုးတက်မှုအပေါ် ဝမ်းမြောက်ဝမ်းသာဖြစ်မိသော်လည်း လူမှုရေးဘေးဒုက္ခတွေကို စိုးရိမ်မိကြောင်း ဖွင့်ဟလာပါတယ်။ ဥရောပမှာဆိုရင် အလုပ်လုပ်ကိုင်နိုင်တဲ့ အသက်အရွယ်တွေဟာ နောက်တန်းမှာ ကျန်ခဲ့ပါပြီ။ ဒီအပေါ် လုပ်ဆောင်မှု တစ်စုံတစ်ရာမရှိဘူးဆိုရင် မျိုးဆက်သစ်တွေအနေနဲ့ ဘယ်တော့မှ နာလန်ထူလာနိုင်စရာအကြောင်း မရှိပါဘူးလို့ သူက ပြောပါတယ်။

အမေရိကန်သမ္မတ ထရန့်နဲ့ သူ့အစိုးရအဖွဲ့ဟာ နိုင်ငံစုံပါဝင်တဲ့ ကုန်သွယ်ရေး သဘောတူညီချက်တွေအပေါ် ဝေဖန်ပြောဆိုထားပြီး ပစိဖိတ်ရပ်ဝန်းဒေသ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် တီပီပီကနေ နုတ်ထွက်ခဲ့ပါတယ်။ လွတ်လပ်တဲ့ကုန်သွယ်ရေးကို ထောက်ခံတယ်လို့ အမေရိကန်သမ္မတ ထရန့် ပြောတယ်ဆိုတာဟာ သူ့အနေနဲ့ တစ်ဖက်နဲ့တစ်ဖက် သဘောတူညီချက်တွေဟာ မျှတပြီး အပြန်အလှန်အကျိုးဖြစ်ဖို့ ပြောခြင်းဖြစ်ပါတယ်။

မျှတမှုမရှိတဲ့ စီးပွားရေးလုပ်ငန်းလည်ပတ်မှုတွေအပေါ် အမေရိကန်အနေနဲ့ ဆက်လက်မျက်ကွယ်ပြုတော့မှာ မဟုတ်ဘူးလို့ သမ္မတထရန့်က ပြောခဲ့ပါတယ်။ အဲဒီထဲမှာ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စတွေ၊ စက်မှုလုပ်ငန်းတွေ၊ စီးပွားရေးစီမံကိန်းတွေ ပါဝင်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေမှာ ခေါင်းပုံဖြတ်တဲ့ ပုံစံတွေနဲ့ တခြားလုပ်ရပ်တွေဟာ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တွေကို ထိခိုက်စေသလို အမေရိကန်မှာသာမက ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ အလုပ်သမားတွေကိုလည်း ထိခိုက်စေပါတယ်။

၂၀၀၀ ပြည့်နှစ် အမေရိကန်သမ္မတ ဘီလ်ကလင်တန်လက်ထက်မှစကာ ယခုအချိန်အထိ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့တဲ့ အမေရိကန်သမ္မတတွေထဲမှ ထရန့်ဟာ ပထမဆုံးအမေရိကန်သမ္မတ ဖြစ်လာခဲ့ပါတယ်။ သမ္မတထရန့်ရဲ့ ကိုယ်ပိုင်မှုဟန်တစ်ခုလိုဖြစ်နေတဲ့ သူတွေကို ခနဲ့တဲ့တဲ့ အမူအရာမျိုးနဲ့ ပြောတာဆိုတာကိုတော့ ကမ္ဘာ့စီးပွားရေးဖိုရမ်မှာတော့ မတွေ့ခဲ့ရပါဘူး။

သို့သော်လည်း အမေရိကန်သမ္မတရဲ့အမေရိကန်သည်သာ ပထမဆိုသည့် မူဝါဒကို ခုခံပြောဆိုတဲ့ ချဉ်းကပ်မှုဟာ နိုင်ငံရပ်ခြားနိုင်ငံရေးခေါင်းဆောင်တွေနဲ့ စီးပွားရေးခေါင်းဆောင်တွေကို အထိန့်တလန့်တော့ရှိစေခဲ့ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ သဘောတရားဖြစ်ပေါ်တယ်ဆိုတာဟာ နိုင်ငံရေးနဲ့ စီးပွားရေးလှုပ်ရှားမှုတွေ ပါဝင်ပါတယ်။ မည်သည့် ဒီမိုကရက်တစ်ခေါင်းဆောင်မဆို မညီမျှမှုတွေ ဖြစ်ပေါ်လာပြီးတော့ နိုင်ငံနောက်ပြန်ဆွဲမှာကို စိုးရိမ်မိတာ မဆန်းပါဘူး။

ဆွတ်ဇာလန်နိုင်ငံ ဒါဗို့စ်မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ မျှတမှုမရှိတဲ့ ကုန်သွယ်ရေးနည်းလမ်းတွေအပေါ် အမေရိကန်နိုင်ငံအနေနဲ့ ဆက်လက် သည်းခံသွားတော့မှာ မဟုတ်ဘဲ အနာဂတ်ကုန်သွယ်ရေး သဘောတူညီချက်တွေမှာ အမေရိကန်ကို ပထမဦးစားပေးထည့်သွင်းသွားတော့မယ်လို့ နိဂုံးချုပ်အနေနဲ့ အခိုင်အမာပြောခဲ့သလို အမေရိကန်သည်သာပထမဟူသည့် မူဝါဒကို ထောက်ခံပြီး ပြောခဲ့သော်လည်း တကယ်တမ်းတော့ ကမ္ဘာ့နိုင်ငံရေးနယ်ပယ်နဲ့ စီးပွားရေး ခေါင်းဆောင်တွေဟာ ဒီအပေါ်မှာ မချင့်မရဲဖြစ်လျက်ရှိနေတုန်းဆိုတာ ရေးသားတင်ပြလိုက်ရပါကြောင်း။ ။

**ကိုးကား- ရိုက်တာ၊ သည်ဝါရှင်တန်ပို့စ်**

> "၂၀၀၀ ပြည့်နှစ် အမေရိကန်သမ္မတ ဘီလ်ကလင်တန်လက်ထက်မှစကာ ယခုအချိန်အထိ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့တဲ့ အမေရိကန်သမ္မတတွေထဲမှ ထရန့်ဟာ ပထမဆုံးအမေရိကန်သမ္မတ ဖြစ်လာခဲ့"



## ဗန်းမောက်မြို့နယ်အစပ်၌ အမြင့်ပေ ၄၀၀ ခန့်ရှိ နန့်သာရေတံခွန်အား ဒေသခံများတွေ့ရှိ

**ဗန်းမောက် ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်မှ ၂၈ မိုင်ခန့်နေရာရှိ ဘူးတောင်ကျေးရွာ နန်းအင်းကြိုးဝိုင်းအနီး ကလပ်တောင်အရှေ့ဘက် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်စပ်ဘက်တွင် အမြင့်ပေ ၄၀၀ ခန့်ရှိ နန့်သာရေတံခွန်သည် သဘာဝပတ်ဝန်းကျင် တောတောင်များအလယ်တွင်တည်ရှိနေကြောင်း ဒေသခံများထံမှ သိရသည်။

ဗန်းမောက်မြို့နယ်မှ နန့်သာရေတံခွန်ရှိရာသို့၂၈ မိုင်ခရီးသွားရပြီး အင်းပေါက်ရွာနှင့် ကိုးမိုင်ခန့်ဝေးကာ မဲဇာချောင်းဖြတ်ရာနေရာတွင် ဆိုင်ကယ်ရပ်ထားပြီးခြေကျင် ချောင်းအတိုင်း တစ်နာရီခန့် ချောင်းလမ်းအတိုင်း တက်ပါက နန့်သာရေတံခွန်၏ သဘာဝအလှ သဘာဝပေးနှင့် အထက်ဘက်ဆက်လက်တက်ပါက ရေကန်ကြီးသဖွယ် ရေအိုင်ကြီးနှင့် လက်ရှိရေတံခွန်ထက်မြင့်မားသော ရေတံခွန်တစ်ခု ထပ်မံတွေ့ရနိုင်သည်ဟု ရောက်ရှိခဲ့သူများက ပြောပြခဲ့ကြောင်းသိရသည်။

ထို့အပြင်အဆိုပါရေတံခွန်မှာ နွေရာသီကာလတွင်လည်း ပုံမှန်ကျဆင်းနေသဖြင့် ခရီးသွားလုပ်ငန်းဆောင်ရွက်ပါက သစ်ပင်သစ်တောများ အုပ်ဆိုင်းထူထပ်နေသဖြင့် သားရဲတိရစ္ဆာန်ကြီးများ၏ ခြေရာများ၊ ငှက်မျိုးစိတ်များ၊ မျောက်များကိုလည်း တွေ့မြင်နိုင်သဖြင့် ပြည်တွင်း ပြည်ပမှ ခရီးသွားများ ဝင်ရောက်လာပါက မြို့နယ်၊ ကျေးရွာဒေသများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိလာနိုင်မည်ဖြစ်သည်။

**ငွေအိုး(ကသာ)**

## ဝန်းသိုဆရာတော်မွေးဖွားချက်မြှုပ်သည့် မယ်ဇလီကုန်းရွာဟောင်း၌ ဘုရားထီးတော်တင်ပွဲကျင်းပ

**ဆင်ဘို ဇန်နဝါရီ ၂၉**

မြစ်ကြီးနားမြို့ရှမ်းစုမြောက်ရပ်ကွက် ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသီလဝံသ၏ မွေးဖွားချက်မြှုပ်သည့် မယ်ဇလီကုန်းရွာဟောင်း၌ တည်ထားသော လွမ်းစေတီဘုရား၏ ထီးတော်တင်ပွဲကို နောင်ပွဲရွာနှင့် နယ်ခြားရွာကြားရှိ မယ်ဇလီကုန်းရွာဟောင်းတွင်ဇန်နဝါရီ ၂၆ရက်က ကျင်းပခဲ့သည်။

"အခုတည်ဆောက်ထားတဲ့ လွမ်းစေတီကို ဉာဏ်တော်အမြင့် ၂၆ ပေနဲ့ ၆လက်မ၊ ဘုရားအုတ်ဖိနပ်တော် အကျယ် ၂၇ပေပတ်လည်နဲ့ တည်ထားတာပါ"ဟု စေတီတည်ဆောက်ရေး၏ ပန်းချီပန်းပုတာဝန်ခံ ဦးထက်အောင်က ပြောသည်။

အဆိုပါဘုရားကို မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် နောင်ခမ်းရှမ်းရွာ ကံသာရာမကျောင်းတိုက်၏ ဆရာတော် ဦးလက္ခဏာမှ ဦးဆောင်မတည်လှူဒါန်းခဲ့ပြီး အနယ်နယ်အရပ်ရပ်ရှိ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်းကုသိုလ်ဖြင့် ခန့်မှန်းကုန်ကျ ငွေကျပ်သိန်းပေါင်း ၂၀၀ ကျော်ခန့် ကုန်ကျ၍ တည်ထားခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

## ပွင့်ဖြူမြို့နယ်၌ Book Club အသင်းဖွဲ့စည်း

**ပွင့်ဖြူ ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်စာပေချစ်သူများအဖွဲ့နှင့် ပူးပေါင်း၍ မြို့နယ်အတွင်းရှိ စာဖတ်ဝါသနာပါသူ၊ စာပေဝါသနာပါသူများအချင်းချင်း စုစည်းပြီး စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းကို ဖွဲ့စည်းအတည်ပြုခြင်းနှင့် လုပ်ငန်းတာဝန်များခွဲဝေဆောင်ရွက်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Centre ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ Book Club အသင်းတွင် အလုပ်အမှုဆောင် အသင်းဝင် ၁၅ဦးဖြင့် ရွေးချယ်အတည်ပြုခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## စေတီတော်၌ လှူဒါန်းမည့် ရတနာစိန်ဖူးတော် ပင့်ဆောင်

**ပုသိမ် ဇန်နဝါရီ ၂၉** - ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် မြတ်မော်တင်တောင်ထွတ်မှ မဟာမကုဋရုံသီ စံတော်ရှင်စေတီတော်ကြီးတွင် ဆက်ကပ်ပူဇော်မည့် ရတနာစိန်ဖူးတော် ငှက်မြက်နားတော်နှင့် ဘုံသုံးဆင့် ရွှေထီးတော်များကို မွန်ပြည်နယ် ဘီလင်းမြို့နယ် ကျိုက်ထီးစောင်းဆံတော်ရှင်စေတီတော်မှ ကျိုက်ထီးဆောင်းဆရာတော်အမှူးပြုသောအဖွဲ့က ဇန်နဝါရီ ၂၄ ရက်တွင် ပင့်ဆောင်ခဲ့ရာ ရွှေတိဂုံစေတီတော်တွင် ဇန်နဝါရီ ၂၅ ရက်အထိ နှစ်ညတိုင် ရင်ငွေ့တော် ခိုလှုံခဲ့ကြောင်း သိရသည်။

**လှကြည် (ပုသိမ်)**

## မှူခင်းကျဆင်းရေးဟောပြော

**နတ်တလင်း ဇန်နဝါရီ ၂၉**

နတ်တလင်းမြို့ မြို့မအထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၅ ရက်က မှုခင်းအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် လူကုန်ကူးမှုနှင့် ပတ်သက်သော သိသင့်သိထိုက်သည့် အချက်များ၊ ဆောင်ရန် ရှောင်ရန်များ၊ လူကုန်ကူးမှု ဖြစ်ပေါ်လာပါက ရဲတပ်ဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်ရမည့် နည်းလမ်းများကို မြို့နယ်မှူး ယာယီရဲမှူး ဝင်းနိုင်နှင့် မြို့မစခန်းမှူး ဒုတိယရဲမှူး မြင့်သိန်းဦးတို့က အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲသို့ ကျောင်းသားကျောင်းသူ ၇၂၂ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မြေရှိသော်လည်းရေမရှိ၍ မစိုက်ပျိုးရသောယာမြေများ ရေရတော့မည်

**ရေစကြို ဇန်နဝါရီ ၂၉**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဝါယာသာစည်လျှပ်စစ်မြစ်ရေတင်စီမံကိန်း ထပ်ဆင့်ရေတင်စီမံကိန်းမှဧက ၁၀၀၀ စိုက်ပျိုးရေတိုးချဲ့ ဖြန့်ဝေရန် ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရေအရင်းအမြစ်ခရိုင် မြစ်ရေတင်လုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးသည် ဇန်နဝါရီ ၂၅ ရက်က ရေစကြိုမြို့နယ် ရေမြောင်းဖောက်လုပ်သည့်နေရာတွင် ပါဝင်သည့် မြေဖြူ၊ မုံညှင်းကျေးရွာများမှ တောင်သူလယ်သမားများနှင့်ဖူလုံကျေးရွာ ဓမ္မာရုံ၌ တွေ့ဆုံဆွေးနွေးရာ တောင်သူလယ် သမားများက သဘောတူညီကြပြီး ရေအမြန်ဆုံးရောက်ရှိရန် တင်ပြကြသည်။

ရေစကြိုမြို့နယ်တွင် ကျေးရွာအုပ်စု ၈၁ အုပ်စုရှိပြီး ကျေးရွာပေါင်း ၂၀၀ ကျော်ရှိသည်။ ရေစကြိုမြို့နယ်တွင် မြေဧက ၁၁၃၃၄၉ ဧကရှိပြီး စိုက်ပျိုးနေသည့် ဧက ၄၁၄၄၂ ဧက ရှိသည်။သာစည်ဝါယာဧက ၁၀၀၀ တိုးချဲ့ရေးအတွက် အကျယ်ငါးပေ၊ အနက်ခုနစ်ပေရေမြောင်းကို ဇန်နဝါရီ ၂၁ ရက်က စတင်တူးဖော်ခဲ့သည်။ ရေမြောင်းမှရေကို ရေစုကန်အတွင်းသို့ လှောင်ပြီး လက်တံမြောင်းဖောက်ကာ သံပိုက်လုံးဖြင့် ပေ ၁၀၀၀ သွယ်တန်းတပ်ဆင်၍ ၂၀၁၇-၂၀၁၈ နွေသီးနှံအမီ အခြားသီးနှံများကို ဧက ၂၀၀ စိုက်ပျိုးရေ ပေးဝေနိုင်ရေးအတွက် အမြန်ဆုံး စီမံဆောင်ရွက်လျက်ရှိသည်။

ဧက ၁၀၀၀ စိုက်ပျိုးရေပေးဝေမည့် မြေများမှာ ယာမြေများဖြစ်ပြီး သဘာဝမိုးရေဖြင့်သာ စိုက်ပျိုးနေရကာ သုံးနှစ်တစ်ကြိမ်သာ သီးနှံအောင်မြင်ခဲ့သည်။ ယခုကဲ့သို့ ရေမရှိ၍ မစိုက်ပျိုးရသော ယာမြေများတွင် ရေရရှိတော့မည်ဖြစ်၍ ဧက ၁၀၀၀ အတွင်းပါဝင်သည့် မြေဖြူ၊ မုံညှင်း၊ ဖူလုံနှင့်ဇီးတောရွာမှ တောင်သူလယ်သမားများမှာ ရေရရှိပါက စပါးအဓိကစိုက်ပြီး ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့်နှမ်းစားပြောင်းများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ယခုကဲ့သို့ ရေရရှိပါက စိုက်ပျိုးမြေဧက ၁၀၀၀ အတွင်းပါဝင်သည့် ရွာလေးရွာမှာ မြေကြီးက ရွှေသီးတော့မည်ဖြစ်၍ အလွန်ဝမ်းသာပျော်ရွှင်နေကြောင်း မုံညှင်းရွာမှ တောင်သူ ဦးလှတင်က ပြောသည်။



**တင်လှိုင်(မိတ္ထီလာ)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်မှ ၂၅ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ထမီကျွတ်၍ လွှတ်လိုက်မည် | မောင်သာရ | ၃၀၀၀ | မျိုးဆက်သစ် |
| ၂ | အရိုးစလေးတစ်ခုနှင့်စစ်ဝတ္ထုတိုပေါင်းချုပ် | အမ်းသျှမ်း(သျှိသျှားမြေ) | ၁၆၀၀ | မြဝတီ |
| ၃ | မမေ့နိုင်ပါဂျာမိုင်၊ လေးချက်သစ္စာ ထမ်းရွက်ကာလျှင် | ကိုမြိုင် (အညာသား) | ၁၅၀၀ | မြဝတီ |
| ၄ | လူရှောင်းရန် ရှိသည် | ကိုသစ် (သီတဂူ) | ၂၀၀၀ | the key collection |
| ၅ | ဝိပဿနာ ဉာဏ်မပါသံသရာမှာ သိလိမ့်မည် | အရှင်ဓမ္မရက္ခိတ | ၁၅၀ | မိုးကျော်သူစာပေ |
| ၆ | မှတစ်ပါး အခြားမရှိပြီ | အရှင်ဓမ္မရက္ခိတ | ၁၅၀ | မိုးကျော်သူစာပေ |
| ၇ | လွမ်းတယ်မှုဖို့ စာကိုစီတယ်ပေါင်းချုပ် | မောင်မိုးသူ | ၁၀၀၀၀ | နန်းဒေဝီစာပေ |
| ၈ | ဦးတင်၏(သို့မဟုတ်) ပင်လုံဗိသုကာတစ်ဦး | ဦးရွှေအုံး(ညောင်ရွှေ) | ၇၀၀၀ | နန်းဒေဝီစာပေ |
| ၉ | ဘုရင့်နောင်မင်းတရားကြီး၏ ကောင်းမှုတော် မဟာစေတီသမိုင်း | အောင်နိုင်လင်း(ဉဿာ) | ၁၈၀၀ | ဂုဏ်ထူးစာပေ |
| ၁၀ | အရှင်ဆန္ဒာဓိက၏သက်တော်(၅၀) ပြည့်ရွှေရတုအထိမ်းအမှတ်/ သင်ကိုယ်တိုင်လည်း အာဂလူ | ခင်စောတင့် | ၃၀၀၀ | မျိုးဆက်သစ်စာပေ |
| ၁၁ | ဒါရာရဲ့မှော်ဂေါ်လီ | ကြည်သာဦး | ၂၅၀၀ | နန်းဒေဝီစာပေ |
| ၁၂ | ဝမ်းသာရမှာလားဝမ်းနည်းရမှာလား ဒီမိုကရေစီရယ် | နေမျိုးကျော်စိုး(ဥပဒေ) | ၂၀၀၀ | ဆိပ်ကမ်းသာစာပေ |
| ၁၃ | နေပျော်တဲ့ဘဝ | မိုးသိမ်း | ၂၀၀၀ | ပန်းဆက်လမ်း |
| ၁၄ | ယစ်မျိုးလက်စွဲ ဥပဒေ | ဦးမောင်မောင်ညွန့် | ၅၀၀၀ | ခရေဖူးစာပေ |
| ၁၅ | မြန်မာတိုင်းရင်းဆေးအာနိသင်များ(သို့မဟုတ်) အစာလည်းဆေး၊ ဆေးလည်းအစာ | သန်းတင်စိုး | ၃၀၀၀ | စံလှစာပေ |
| ၁၆ | Facebook သုံးရင်း သာသနာပြုနည်း | ဦးမြင့်ခိုင်(စိတ်ပညာ) | ၁၀၀၀ | အနန္တစာပေ |
| ၁၇ | တိုက်ပွဲ ၁၀၀၊ အောင်ပွဲ ၁၀၀ (ပ) | ထွန်းသစ် | ၇၀၀၀ | ရာပြည့်စာပေ |
| ၁၈ | ရေရှင်နှင့် မဂ္ဂဇင်းဝတ္ထုတိုများ | တက္ကသိုလ်စိုးစံ | ၂၅၀၀ | ရှင်မတောင်စာပေ |
| ၁၉ | မြန်မာနိုင်ငံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေများ | ဦးကျော်စိန် | ၁၅၀၀ | ထက်စာပေ |
| ၂၀ | ရှုမဝမဂ္ဂဇင်း ရွှေအိုရောင်ကာလနှစ်ဆယ်ရာစု နိုင်ငံရပ်ခြား ဝတ္ထုတိုများ | ကလောင်စုံ | ၂၀၀၀ | ဆန်းစသော်တာ |
| ၂၁ | သူခိုးတိုင်းပြည်ကဗျာစုစည်းမှု | ညိုသစ်ငယ် | ၁၅၀၀ | ရှင်မတောင်စာပေ |
| ၂၂ | ကံကောင်း | မြသန်းတင့် | ၃၂၀၀ | Black Swan |
| ၂၃ | ကော်ဇောနီပေါ်က ကျွန်တော့်ဆရာမနှင့်အခြား ဝတ္ထုတိုများ | ငွေကြယ်စင့် | ၃၀၀၀ | မျိုးဆက်သစ် |
| ၂၄ | ဖြေသိမ့်လိုက် ဖားဘုရင် | ဇေလုဝ | ၂၀၀၀ | ပစ်တိုင်းထောင် |
| ၂၅ | မြန်မာတို့၏ ပတ္တမြားမြေ (၁၈၈၅-၁၉၃၉) | မောင်မောင်လေး | ၅၀၀၀ | ပဥ္စဂံစာအုပ်တိုက် |
| ၂၆ | ရွှေပြည်တော် မျှော်မဝေးပြီမို့ | စည်သူအောင်၊မောင်မှတ် | ၂၈၀၀ | မြဝတီ |
| ၂၇ | ခေတ်ပြိုင် ဒဿနဂန္ထဝင် | မောင်ကြည်သစ် | ၂၀၀၀ | မျိုးဆက်သစ်စာပေ |
| ၂၈ | ငါးဝင်မြစ်ကမ်းနံဘေးကပညာရေးလွမ်းတေး တစ်ပုဒ်ပညာရေးနှင့် နိုင်ငံရေးဆောင်းပါးများ | မောင်ညိုဝင်း(ဧရာဝတီ) သန်းဝင်း(သာပေါင်းခ) | ၂၅၀၀ | မျိုးဆက်သစ်စာပေ |
| ၂၉ | လောကနှစ်ဆယ် လူနှစ်ဆယ် | မောင်နေဝင်း | ၂၇၀၀ | နေရီရီစာပေ |
| ၃၀ | အချစ်၊ မျှော်လင့်ချက်နှင့် ယုံကြည်မှု ဘာသာပြန်ရသစာစုများ | ကိုကို၊ ကျော်မြင့်၊ မာန်သစ် | ၃၀၀၀ | ဒေါက်တာကိုကို |

(ဆက်လက်ဖော်ပြပါမည်)

# မန္တလေးမြို့၌ တတိယအကြိမ်မြောက် ကလေးကျောက်ကပ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးခုတင် ၃၀၀ ဆံ့ ကလေးဆေးရုံမှ ကလေးကျောက်ကပ်ဝေဒနာရှင် နှစ်ဦးအား တတိယအကြိမ်မြောက် ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း လုပ်ငန်းကို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ခန်း၌ ဇန်နဝါရီ၂၄ ရက်နှင့်၂၅ ရက်တို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်ကပ်အစားထိုး လဲလှယ်ခြင်းလုပ်ငန်းကို စင်ကာပူနိုင်ငံ National University Hospital မှ ကလေးခွဲစိတ်ဆရာဝန်ကြီးများ၊ မန္တလေးမှ ဆရာဝန်ကြီးများပူးပေါင်း၍ ကျောက်ကပ်ဝေဒနာရှင် ကလေးငယ်နှစ်ဦးကို အောင်မြင်စွာခွဲစိတ်နိုင်ခဲ့ကြောင်း ဆီးနှင့်ကျောက်ကပ် ဆေးကုဌာနနှင့် ကလေးကျန်းမာပညာဌာန ဆေးတက္ကသိုလ် (မန္တလေး)မှ ကထိက ဒေါက်တာကျော်သူရက ပြောသည်။

"ကျောက်ကပ်အစားထိုး လဲလှယ်ခြင်းကို တစ်ကြိမ်မှာ နှစ်ယောက်နှုန်းနဲ့ ခွဲစိတ်ခဲ့ရာယခုတတိယအကြိမ်မြောက်မှာ စုစုပေါင်း ခြောက်ယောက်ရှိသွားပါပြီ၊ ဆက်လက်ပြီးတော့လည်း ဒီကလေးကျောက်ကပ်အစားထိုးလဲလှယ်တဲ့ လုပ်ငန်းကို သုံးလတစ်ကြိမ်လောက် လုပ်သွားဖို့ စီစဉ်ထားပါတယ်"ဟု ၎င်းက ပြောသည်။

နာတာရှည်ကျောက်ကပ်ဝေဒနာရှင်များသည် ကျောက်ကပ်ဆေး၍ အသက်ရှင်နေထိုင်ရခြင်းထက် ပုံမှန်အသက်ရှင်နေထိုင်မှုဘဝကို ရရှိစေရန် စစ်မှန်သော ကုသမှုဖြစ်သည့် ကျောက်ကပ် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါဆေးရုံမှ ဆီးနှင့် ကျောက်ကပ်ကုသဆောင် တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ချောစုခိုင်က ပြောသည်။

ယခု ကျောက်ကပ်အစားထိုး လဲလှယ်ပေးခဲ့သည့် ကလေးငယ်နှစ်ဦးမှ အသက် ရှစ်နှစ်အရွယ် ကျောက်ကပ် ဝေဒနာရှင် မိန်းကလေးကို ဇန်နဝါရီ ၂၄ ရက်တွင် မိခင်၏ကျောက်ကပ်လှူဒါန်းမှုဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဇန်နဝါရီ ၂၅ ရက်တွင် အသက် ၁၃ နှစ်အရွယ် ကျောက်ကပ်ဝေဒနာရှင် ယောကျ်ားလေးကို အဒေါ်ဖြစ်သူ၏ ကျောက်ကပ်လှူဒါန်းမှုဖြင့် အစားထိုးလဲလှယ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



စင်ကာပူနိုင်ငံ National University Hospital မှ ကလေးခွဲစိတ်ဆရာဝန်ကြီးများ၊ မန္တလေးမှ ဆရာဝန်ကြီးများ ပူးပေါင်း၍ ကျောက်ကပ်အစားထိုး လဲလှယ်ခြင်းအောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုမည့် စမ်းပဒီးချောင်း ကားလမ်းဖောက်လုပ်



**ပုဏ္ဏားကျွန်း ဇန်နဝါရီ ၂၉**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့သည် ပြည်နယ်မြို့တော် စစ်တွေနှင့်နီးပြီး ရန်ကုန်-စစ်တွေ အဝေးပြေးလမ်းမကြီး ပေါ်ရှိ ဖွံ့ဖြိုးခါစ လမ်းဆုံမြို့ဖြစ်သလို အမှတ်(၂၂) စက်မှုဇုန်စီမံကိန်းနှင့်အတူ အနာဂတ်တွင် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးလာမည့် အလားအလာများကို ပိုင်ဆိုင်ထားသော မြို့ငယ်တစ်မြို့ဟုလည်း ဆိုနိုင်သည်။

မြို့နယ်၏ ၇၅ ရာခိုင်နှုန်းမှာ မြစ်ချောင်း၊ တောတောင်များဖြင့် ဖွဲ့စည်းထားသော ဒေသဖြစ်၍ ရေလမ်းခရီးများက မြို့နယ်၏ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတားဖြစ်စေလျက်ရှိသည်။ အဆိုပါ လမ်းခရီးအဟန့်အတား အခက်အခဲကို ခေတ်အဆက်ဆက် အစိုးရများက တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြပြီး လက်ရှိအစိုးရလက်ထက်တွင်မူ ယခင်ကထက် ပိုမိုစွမ်းဆောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်ကို တွေ့မြင်နေရသည်။

မြို့နယ်၏မြောက်ဘက်ပိုင်း စမ်းပဒီးချောင်းဒေသ ဖွံ့ဖြိုးရေးအတွက် အရှည် ၁၀ မိုင်ကျော်ရှိသည့် မြေသားကားလမ်းမကြီး ဖောက်လုပ်နေခြင်းမှာ ပုဏ္ဏားကျွန်းမြို့နယ် ဖွံ့ဖြိုးရေးအတွက် ရခိုင်ပြည်နယ်အစိုးရ၏ စွမ်းဆောင်ချက်များထဲမှ တစ်ခုအဖြစ် အသိအမှတ်ပြုကြရမည်ဖြစ်သည်။ အဆိုပါ ကားလမ်းဖောက်လုပ်ခြင်း စီမံကိန်း ပြီးစီးပါက ဖွံ့ဖြိုးမှုနှောင့်နှေးနေသော စမ်းပဒီးချောင်းဒေသရှိ လက်ဝဲစာတိုက်၊ သဲဖြူချောင်း၊ နတ်တောင်၊ ကမ်းထောင့်ကြီး၊ ကန်ဦး၊ လောင်းချောင်း၊ ကြာညိုကန်၊ ထောင်လောင်ပွန်း၊ ဖောင်ဆိပ်၊ သရက်ချောင်း၊ မြို့ရွာ၊ ထုံးဗူး၊ ဘဲငါးရာ စသော ကျေးရွာများအတွက် လမ်းပန်းဆက်သွယ်ရေးကို များစွာ လွယ်ကူချောမွေ့စေမည်သာမက ရသေ့တောင်-ဘူးသီးတောင်-မောင်တောကားလမ်းမကြီးနှင့် ပုဏ္ဏားကျွန်းမြို့နယ်ကို ချိတ်ဆက်မိစေကာ ဒေသခံပြည်သူများသည် ပုဏ္ဏားကျွန်းမြို့မှတစ်ဆင့် ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်းမကြီးအတိုင်း မြန်မာနိုင်ငံအနှံ့သို့ အလွယ်တကူ သွားရောက်နိုင်ကြမည်ဖြစ်သည်။ ကုန်စည်စီးဆင်းမှုများလည်း မြန်ဆန်လာမည်ဖြစ်ပြီး ဒေသထွက်ကုန်များဖြစ်သော ဆန်စပါး အပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ၊ သစ်ဝါးများကို ဈေးကွက်များသို့ အချိန်မီတင်ပို့နိုင်ခြင်းဖြင့် စီးပွားရေးကဏ္ဍ ပိုမိုတိုးတက်စေကာ ဒေသ၏လူနေမှုအဆင့်အတန်းကို ဘက်ပေါင်းစုံမှ မြှင့်တင်နိုင်တော့မည်ဖြစ်သည်။

အဆိုပါကားလမ်းမကြီးကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုငွေ ကျပ်သိန်း ၂၄၅၀ ဖြင့် မြို့နယ်လမ်းဦးစီးဌာနနှင့် တင်ဒါ အောင်ကုမ္ပဏီက ဆောင်ရွက်နေပြီး လက်ရှိအချိန်တွင် ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ သတ်မှတ်ကာလအတွင်း အပြီးသတ်နိုင်ရေးအတွက် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လမ်းဦးစီးဌာနမှူး ဒေါ်ကြည်ကြည်မေက ပြောကြားသည်။ လမ်းဖောက်လုပ်နေမှုများကို ပုဏ္ဏားကျွန်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် တာဝန်ရှိသူများကလည်း ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို အကြံပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**

# ပြင်ဦးလွင်မြို့လယ်လမ်းပေါ်၌ ညစဉ်စွန့်ပစ်နေသော ရေဆိုးများကြောင့် ပြည်သူတို့အခက်ကြုံ

**ပြင်ဦးလွင် ဇန်နဝါရီ ၂၉**

ပြင်ဦးလွင်မြို့သည် သာယာလှပသော အပန်းဖြေတောင်စခန်းမြို့တစ်မြို့ဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များအပြင် တစ်နေ့တခြား တိုးပွားလာကာ မြို့နေပြည်သူလူထုတို့ကြောင့်လည်း မြို့တွင်းမြို့ပြင်၌ နေ့ညမပြတ် စည်ကားလျက်ရှိနေသည်။

ထိုကဲ့သို့ စည်ကားလှသော ပြင်ဦးလွင်မြို့၌ ညအခါတွင် စည်းကမ်းမဲ့စွာ စွန့်ပစ်နေသည့် ရေဆိုးများကြောင့် လမ်းပေါ်တွင် သွားလာနေကြသော အများပြည်သူတို့ အဆင်မပြေမှုများနှင့် တွေ့ကြုံလျက်ရှိနေကြောင်း သိရသည်။

"ရေဆိုးတွေကို နေ့စဉ်စွန့်ပစ်နေတာက ပြင်ဦးလွင်မြို့လယ် မီးပွိုင့်အနီးမှာ အသစ်ဖွင့်တဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကပါ၊ ညမှောင်ပြီဆိုတာနဲ့ ဒီလိုရေဆိုးတွေကို စွန့်ပစ်နေလို့ ရေတွေက မန္တလေး-လားရှိုး အဓိကလမ်းမကြီးတစ်လျှောက် စီးဆင်းနေတယ်၊ စွန့်ပစ်နေတဲ့ ရေဆိုးတွေကများတော့ လမ်းပေါ်မှာသွားလာနေကြတဲ့ ပြည်သူတွေအခက်အခဲဖြစ်ပေါ်နေရတာပါ၊ နေရာကလည်း မြို့ရဲ့အလယ် ဆွယ်တာဆိုင်ကြီးတွေ၊ ဒေသထွက်ကုန်ရောင်းတဲ့ ဆိုင်တွေ၊ မုန့်တိုက်နဲ့ အခြားဈေးဆိုင်ကြီးတွေ၊ စတိုးဆိုင်ကြီးတွေရှိနေတဲ့ နေရာဆိုတော့ ပိုဆိုးပါတယ်" ဟု နေ့စဉ်ကြုံတွေ့နေရသူတစ်ဦးက ပြောသည်။

**သက်နိုင်(ပြင်ဦးလွင်)**



ဇန်နဝါရီ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ဝင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆွေမြင့်တို့ ပူးပေါင်း၍ ၆ ရပ်ကွက် ဘူတာရုံလမ်း ကျောင်းသုံးကျောင်းရှေ့၌ မူခင်းအသိပညာပေးယာဉ်ဖြင့် ပြသဆောင်ရွက်ကြစဉ်။ မီးမီး(လှိုင်)

# သီပေါနမ့်လန်မြို့မဈေးသစ် ဆောက်လုပ်ရေးပန္နက်တင်မင်္ဂလာနှင့် ဆီအိုးတည်မင်္ဂလာကျင်းပ

**သီပေါ ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်မြို့မဈေးသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာနှင့် ဆီအိုးတည်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီခွဲက အဆိုပါဈေး၌ ကျင်းပရာ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း တက်ရောက်ပန္နက်တင်ပေးသည်။

ပန္နက်တင်မင်္ဂလာနှင့် ဆီအိုးတည်မင်္ဂလာအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်စည်ပင်သာယာရေး ပြည်နယ်ခွဲတာဝန်ခံ ဦးနေလင်း၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သီပေါမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးနှင့် စည်ပင်ဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါ နမ့်လန်မြို့မဈေးသစ်သည် သံကူကွန်ကရစ် နှစ်ထပ်အမျိုးအစားဖြစ်ပြီး ဆိုင်ခန်းပေါင်း ၈၂၈ ခန်းရှိကာ တင်ဒါအောင်မြင်သော "ရှမ်းပြည်အလှ" ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်မည်ဖြစ်ကြောင်းသိရသည်။

**စိုင်း(သီပေါ)**

# ဂန့်ဂေါ၌ ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်

**ဂန့်ဂေါ ဇန်နဝါရီ ၂၉**

(၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ဂန့်ဂေါမြို့ စည်ပင် သာယာရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ အထက်တန်းအဆင့် ပြိုင်ပွဲတွင် ခြောက်ဦး၊ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် ၁၆ ဦး၊ မူလတန်းအဆင့်ပြိုင်ပွဲတွင် ၁၀ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်းနှင့် ဆုများကို ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နွေရာသီသီးနှံစိုက်ပျိုးရန် ၂၆၈၈ ဧက လျာထား

**ညောင်ဦး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြစ်ရေတင်လုပ်ငန်းအလိုက် ၂၀၁၈ ခုနှစ် နွေရာသီသီးနှံစိုက်ပျိုးရန် ၂၆၈၈ဧကလျာထားပြီးဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ညောင်ဦးခရိုင်တွင် မြစ်ရေတင်ငါးခုရှိရာငါ့သရောက်မြစ်ရေတင်တွင် စပါး ၂၀၀ ဧက၊ ပဲတီစိမ်း ၄၅၅ ဧက၊ နှမ်း ၂၁ ဧကပေါင်း၆၇၆ဧက၊ လက်ပန်ခြေပေါ်မြစ်ရေတင်တွင် စပါးဧက ၂၀၀၊ ပဲတီစိမ်း ၃၆၂ ဧက၊ နှမ်းလေးဧကပေါင်း ၅၆၆ ဧက၊ သူကောင်းတည်မြစ်ရေတင်တွင် စပါးဧက ၁၀၀၊ ပဲတည်စိမ်း ဧက ၄၈၀ ပေါင်း၅၈၀ဧက၊ ကျောက်ကူးမြစ်ရေတင်တွင် ပဲတည်စိမ်း၃၉၀ဧကပေါင်း၃၉၀ဧက၊ လောကနန္ဒမြစ်ရေတင်တွင် ပဲတီစိမ်း ၂၃၆ဧက၊ မြေပဲဧက၂၄၀ ပေါင်း ၄၇၆ ဧကနှင့် အားလုံးစုစုပေါင်း ၂၆၈၈ ဧကအတွက်စိုက်ပျိုးရေပြည့်မီအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချရေးဦးစီဌာနမှ သိရသည်။

**ကျော်ဌေး**

# မန်လည်ပြာသာဒ်ကျောင်းကြီးနှင့် သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ

ကိုမင်း(အင်းတော်)



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မန်လည်တောင်ရွာတွင် မန်လည်ပြာသာဒ်ကျောင်းကြီးရှိပါသည်။ ထိုကျောင်းကြီးသည် မန္တလေး- မြစ်ကြီးနားမီးရထားလမ်းရှိ ဆည်ရွာဘူတာမှ အနောက်ဘက်နှစ်မိုင် အကွာတွင်ရှိပါသည်။ ကားလမ်းအနေဖြင့် မန္တလေး- မြစ်ကြီးနားကားလမ်းမကြီးပေါ်ရှိ အင်းတော်မြို့ မရောက်မီသုံးမိုင်ခန့်အလို"မန်လည်ဆရာတော်ကျောင်းသို့ "ဟူသော လမ်းညွှန်မှတ်တိုင်မှ ဝဲဘက်သို့ ချိုးကွေ့ပြီး ကျောက်ချောလမ်း အတိုင်းသုံးမိုင်ကျော် ခရီးသွားရပါသည်။

မန်လည်ဆရာတော်ဘုရားကြီးသီတင်းသုံးတော်မူခဲ့သော ပြာသာဒ်ကျောင်းကြီးသည် အလျား ၁၃ ခန်း၊ အနံ ၁၃ ခန်းပတ်လည်ဖြစ်ပါသည်။ အရှေ့အနောက်တန်းလျက်အလယ်ဆောင်ရှေ့ဆုံး၄-၅ ခန်းသည်အစည်းအဝေးခန်းမဖြစ်သည်။ အလယ် ၄-၅ ခန်းသည် ဘုရားခန်းဖြစ်ပြီးအနောက် ၅-၅ ခန်းပတ်လည်သည်ဆွမ်းပြင်နှင့် ကျောင်းသားကိုရင်များ စာသင်သော အခန်းဖြစ်သည်။ ထိုသုံးခန်းသည် နန်းမဆောင်ပြာသာဒ်ပေါက်ထားပါသည်။

ပထမဆရာတော်ကြီး ကျိန်းစက်ခန်း၊ ဦးမန္တာကျိန်းစက်ခန်းနှင့် ဆရာတော်ကြီး၏ ကုဋီခန်းတို့ကိုလည်း ပြာသာဒ်ပေါက်ထားပါသည်။ ထို့ကြောင့်"မန်လည်ပြာသာဒ်ကျောင်းကြီး"ဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုပြာသာဒ်ကျောင်းကြီးကို မင်းထင်မင်းလှသမန္တရာဇာ ဘွဲ့ထူးတံဆိပ်ချီးမြှင့်ခြင်းခံရသော မန်လည်မြို့ဝန် ဦးပု - ဝန်ကတော်ဒေါ်ကွန်းတို့က ၁၂၅၀ ပြည့်နှစ်တွင်ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ မန်လည်ဆရာတော်ဘုရားကြီးကိုယ်တိုင်ကြီးကြပ်၍ ၁၂၇၅ ခုနှစ်တွင် ပြာသာဒ်ကျောင်းကြီးတစ်ဆောင်လုံးကို မဟာသိမ်သမုတ်ထားတော်မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီးကိုးကွယ်တော်မူခဲ့သောဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလည်း ယနေ့တိုင်ဖူးတွေ့နိုင်ပါသည်။

၁၃၀၈ ခုနှစ် မြေငလျင်ဒဏ်ကြောင့် ပြာသာဒ်ကျောင်းကြီးပျက်စီးယိုယွင်းမှု ဖြစ်ခဲ့ပါသည်။ ယခုလက်ရှိပြာသာဒ်ကျောင်းကြီးသည် ၁၃၀၉ ခုတပေါင်းလဆန်း ၁၀ရက် ကြာသပတေးနေ့တွင် နယ်သူနယ်သားအပေါင်းက မူလလက်ရာကို အတတ်နိုင်ဆုံးအတုယူ၍ အရှေ့ဘက်ဦးခေါင်းပြုပြီး အင်ကြင်းတိုင် ၁၆၈ လုံးဖြင့် စိုက်ထူဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

လှေကားကြီး လေးခုရှိသည်။ ကျောင်းကြီး၏ အနောက်ဘက်တွင် တပ်ဆင်ထားသော တောင်ဘက်နှင့် မြောက်ဘက်လှေကားကြီး တစ်ခုစီနှင့် အနောက်ဘက်မှ တက်ရောက်ရန် အုတ်လှေကားကြီးနှစ်ခု ရှိသည်။ ကျောင်းကြီး၏ အဆောင်အဝါကျယ်ပြန့်ကြီးမားမှုကြောင့် အလင်းရောင်လုံလောက်စွာရရှိရန် အလင်းပေါက်နိုင်လွန်မှန်သားလေးခုကိုကျောင်း၏ ဘုံခုနစ်ဆင့်ခံအလယ်ဆောင်အမိုးတွင် တပ်ဆင်ထားပါသည်။ ဘုရားဆောင်ခန်း၊ ဇေတဝန်ဆောင်ခန်း၊ သံဃာတန်းများဘက်တွင် တိုင်တစ်လုံးစီဖျောက်ထားပါသည်။ ကျောင်းကြီး၏အောက်ခြေတွင် ကွန်ကရစ်လောင်း၍အမာခံပြုလုပ်ထားသည်။

ပြာသာဒ်ကျောင်းကြီး၏ အမိုးများကို ကြည့်လျှင် တောင်ဘက်ကျောင်းဆောင်တွဲသည် သုံးဆင့်လည်ပေါ် ဇေတဝန်ဆောင်ဖြစ်သည်။ ကျောင်းဆောင်ကြီး၏ ဘုရားဆောင်ပေါ်ရှိအမိုးသည်အဝေးမှကြည့်လျှင် သွပ်ပန်းကနုတ်ဖော်ဘုံအဆင့်ဆင့်ဖြင့်တည်ရှိပြီး အညွန့်အတက်များဖြင့် တွေ့မြင်နိုင်ပါသည်။ ကျောင်းကြီးသည် ခန္ဓသိမ်အမျိုးအစားဖြစ်၍ကျောင်းပေါ်တွင် သိမ်ဝင်နိုင်သည်။

ဘုရားဆောင်ခန်းတွင် အင်းဝခေတ်၊ ကုန်းဘောင်ခေတ်နှင့် ယခုခေတ်လက်ရာပုံစံအမျိုးမျိုးသောဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်နိုင်ပါသည်။ ကင်းဝန်မင်းကြီးလှူဒါန်းသော ဆင်စွယ်ဖြင့်ပြုလုပ်ထားသည့်ဓာတ်တော် ဌာပနာရုပ်ပွားတော်တစ်ဆူကိုလည်းဖူးတွေ့နိုင်ပါသည်။ ပထမမန်လည်ဆရာတော်ကြီးရေးသားတော်မူသော "မဟာသုတကာရီမဃဒေဝလင်္ကာသစ်" ကျမ်းစာ၏ ပေမူများကိုရွှေချသိမ်းဆည်းသည်ကိုလည်းတွေ့မြင်နိုင်ပါသည်။ ပထမမန်လည်ဆရာတော်ကြီး၏ ပုံတူပန်းချီကား၊ ဒုတိယမန်လည်ဆရာတော်ကြီး၏ ပုံတူပန်းပုလက်ရာများကိုလည်း ဖူးမြင်နိုင်ပါသည်။ ရှေးခေတ်တရားဟောပလ္လင်ကြီးလည်း ရှိသည်။ ဘုရားဆောင်ခန်းအနောက်ဘက်တွင် ကိုလိုနီခေတ်ဦးကာလ လက်စွဲမီးအိမ် အမျိုးမျိုးကိုလည်း ချိတ်ဆွဲထားပါသည်။

ဘုရားဆောင်ဝဲယာနှစ်ဖက်တွင် ရွှေပိန်းချစာတိုက်ကြီးများ ပိဋကတ်တော်စာတိုက်ကြီးများ စုစုပေါင်းခုနစ်ခု တွေ့ရှိရပါသည်။ ယင်းစာတိုက်ကြီးများသည်ရာမယဏဇာတ်တော်ဘုရားအလောင်းစုတေ၍ လူ့ပြည်ဆင်းခန်းဇာတ်လမ်းများကို ရွှေပိန်းချဖောင်းကြွပန်းပုရုပ်များဖြင့် ဖော်ဆောင်ထားခြင်း ဖြစ်သည်။

၁၂၉၀ ခုနှစ်တွင် ပြုလုပ်လှူဒါန်းထားသော ခြင်္သေ့ရုပ်ခံပန်းပုကနုတ်ဖော်ဗီရိုကြီးတစ်လုံးနှင့် အခြားလက်ရာဟောင်းဗီရိုများကိုလည်းတွေ့ရသည်။

ဘုရားဆောင်မုခ်ဝနှစ်ဖက်တွင် ကိန္နရီကိန္နရာရုပ်စုံလေးရုပ်၊ ကိန္နရီကိန္နရာမောင်နှံနှစ်ရုပ်၊ ဟင်္သာအုပ်နှစ်ရုပ်၊ ဖောင်းကြွတိုင်ဖုံးနှစ်ခုကို တွေ့ရသည်မှာ လက်ရာအရနှင့် ယဉ်ကျေးမှုတန်ဖိုးအရပါ အဖိုးမဖြတ်နိုင်အောင် ရှိပါသည်။ မင်းခမ်းမင်းနားများတွင် အသုံးပြုသောမှန်စီရွှေချကျိုင်းထိပ်ဖူးကြီးတစ်ခုကိုလည်းတွေ့ရသည်။ ရှေးခေတ်သုံး ကနုတ်ဖော်ထမ်းပိုးကြီးတစ်ချောင်းလည်း တွေ့ရသည်။ ကုန်းဘောင်ခေတ်လက်ရာ မှန်စီရွှေချယပ်မားလေးခုလည်း ရှိသည်။

ကုန်းဘောင်ခေတ်လက်ရာအဆင့်ငါးဆင့်ပါ စစ်စေးသုတ်ပွဲတော်အုပ်တစ်လုံး၊ မှန်စီရွှေချကျိုင်းတစ်ချောင်းနှင့်ထိုင်ဖုံးအမျိုးမျိုးကို တွေ့ရပါသည်။

ပထမမန်လည်ဆရာတော်ကြီးနှင့်ဒုတိယဆရာတော်ကြီး၏ အသုံးအဆောင်ပစ္စည်း ပြတိုက်ဗီရိုကြီးနှစ်ခုရှိသည်။ ပထမမန်လည်ဆရာတော်ကြီး၏ပစ္စည်းများတွင် ရှေးခေတ်သုံးမှန်စီရွှေချစက်နာရီတစ်လုံးကို ထူးခြားစွာတွေ့ရသည်။ ရှေးခေတ်ဖန်ထည်အမျိုးမျိုး၊ ပေစာပုရပိုက်စာမူဟောင်းများထားရှိသည်။ ကိုလိုနီခေတ်ဦးယွန်းအစ်ကြီးများ၊ ကြေးလင်ပန်း၊ ဂျပန်ယွန်းလင်ပန်းများကို တွေ့ရသည်။

ဘုရားဆောင်ခန်းရှေ့တွင် ပြတိုက်ဗီရိုခြောက်လုံးတွေ့ရသည်။ ယင်းပြတိုက် ဗီရိုထဲတွင်ဆရာတော်ကြီးများ၏ အသုံးအဆောင်များနှင့် ရှားပါးပစ္စည်းများကို ထည့်သွင်းပြသထားပါသည်။ အထူးခြားဆုံးမှာ လက်ဖက်ခြောက်မခတ်ဘဲ ရေနွေးထည့်လျှင် လက်ဖက်ရည်ကြမ်းအရသာရှိလာသော လက်ဖက်ဆီကရားအိုးကို တွေ့မြင်နိုင်သည်။ ရှမ်းစော်ဘွားတစ်ဦးက လှူဒါန်းထားသည်ဟု သိရသည်။

ကျောင်းဆောင်ကြီး၏ အနောက်မြောက်ထောင့်တွင်ကုန်းဘောင်ခေတ်နှောင်း နန်းတွင်းပန်းချီကျော်ဆရာချံ၏ လက်ရာပန်းချီကားလေးကားကို တွေ့ရှိရသည်။ တိုင်လုံးကြီးများတွင် ခေတ်အဆက်ဆက် ဓာတ်ပုံပန်းချီကားများကိုလည်း တွေ့ရသည်။

ကျောင်းနောက်ဘက်နံရံတွင် ပထမမန်လည်ဆရာတော်ကြီး၏ မြန်မာနိုင်ငံအောက်ပိုင်း ဒေသစာရီကြွချီတော်မူသော ပန်းချီကားချပ်များကိုလည်း တွေ့မြင်နိုင်သည်။ ပထမမန်လည် ဆရာတော်ကြီးရေးဆွဲထားသော ဥတေနဘုရင်အား ဆင်နှင့်ညှပ်ဖမ်းပုံ ပန်းချီကားကိုလည်း ပြသထားသည်။ ဤသို့ဖြင့် မရေမတွက်နိုင်သော အဖိုးတန်ပစ္စည်းများကို မန်လည်ပြာသာဒ်ကျောင်းကြီးတွင် လေ့လာနိုင်ပါသည်။

"လူမျိုးတစ်မျိုး၏ လူနေမှုအဆင့်အတန်းတန်ဖိုးမြင့်မားခြင်းကို ယဉ်ကျေးမှုဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါတယ်၊ လူသားတို့၏ ကိုးကွယ်ယုံကြည်မှု၊ ဘာသာတရား၊ စာပေဂီတ အသုံးအဆောင်ပစ္စည်းများ စသည်တို့ကို ကြည့်ရှုခြင်းဖြင့်လူသားတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို သိသာနိုင်ပါတယ်၊ အတိတ်သမိုင်း၏ဖြစ်တည်မှုသည် လက်ရှိကျန်ရစ်နေသော မန်လည်ပြာသာဒ်ကျောင်းကြီးနှင့် အတူ ရှေးဟောင်းအနုပညာလက်ရာ အမွေအနှစ်များသည် မန်လည်ဒေသယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ထုတ်သကဲ့သို့ရှိနေပါတယ်၊ မန်လည်ဒေသယဉ်ကျေးမှုမှသည် မြန်မာ့ယဉ်ကျေးမှုကိုဖော်ထုတ်ရာ ရောက်ခဲ့ပါတယ်၊ ရှေးခေတ်မန်လည်ဒေသရှိ လူတို့၏ အမွေအနှစ် အဖိုးတန်ရတနာပစ္စည်းများကို အရှည်သဖြင့် တည်တံ့ရန် ကျွန်ုပ်တို့မှာ တာဝန်ရှိပါတယ်"ဟု အသက် ၈၇ နှစ်ရှိ မန်လည်ပြာသာဒ်ကျောင်းကြီး၏ဂေါပက ဦးလှကျော်က ပြောသည်။ ။

# မိုင်းလားနယ်စပ်ဂိတ် ယာယီပိတ်ချိန်ကြာလာသဖြင့် တရုတ်နိုင်ငံမှ ထုတ်ကုန်အချို့ဈေးတက်လာ

**တာချီလိတ် ဇန်နဝါရီ ၂၉**

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ဒေသတို့အကြား အဓိကကုန်သွယ်ရေး လုပ်ငန်းများဆောင်ရွက်နေသည့် မိုင်းလားနယ်စပ်ဂိတ် ယာယီပိတ်ထားမှုမှာ ကာလအတန်ကြာမြင့်လာပြီဖြစ်သည့်အတွက် တာချီလိတ်ဒေသတွင် တရုတ်နိုင်ငံထုတ် ကုန်ပစ္စည်းအချို့၏ ဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

"အရင်က တရုတ်ပစ္စည်းတွေကို မိုင်းလားကနေ တင်သွင်းကြပြီး တာလေ့ဈေးကနေ ဖြန့်ချိပါတယ်၊ တာလေ့ဈေးအနေနဲ့က မြန်မာပြည်တွင်းကထွက်တဲ့ ကုန်ပစ္စည်းတွေရယ်၊ တရုတ်ကထွက်တဲ့ လူသုံးကုန်ပစ္စည်းတွေ၊ အစားအသောက်တွေကို ထိုင်းနိုင်ငံကနေ အလည်အပတ်လာရောက်ကြတဲ့သူတွေကို အဓိကအားထားရောင်းချနေတဲ့ ဈေးကွက်တစ်ခု ဖြစ်ပါတယ်၊ အခု မိုင်းလားဂိတ် ပိတ်တဲ့အခါကျတော့ ပထမပိုင်းမှာတော့ သိုလှောင်ထားတဲ့ပစ္စည်းတွေ အမြောက်အမြားရှိတာမို့ သိပ်ပြီး မသိသာလှပေမယ့် လွန်ခဲ့တဲ့ ခြောက်လလောက်ကစပြီး ဈေးမြင့်တက်လာမှုတွေနဲ့ ကြုံရပါတော့တယ်၊ ဘာ့ကြောင့် ဒီလိုဖြစ်လဲဆိုတော့ အရင်က မိုင်းလားကနေ ကျိုင်းတုံ-တာချီလိတ်ကို တိုက်ရိုက်ဝင်ပါတယ်၊ မိုင်းလားဂိတ်ပိတ်ထားတဲ့အတွက် အခုကျတော့မဲခေါင်မြစ်ကြောင်းအတိုင်း ကုန်သင်္ဘောတွေက မြန်မာနဲ့ လာအိုနိုင်ငံတွေကိုကျော်ဖြတ်ပြီး ထိုင်းနိုင်ငံ ချိန်းရှဲန်မြို့ (Chiang Saen) ဆိပ်ကမ်းမှာဆိုက်ကပ်ပါတယ်၊ အဲဒီကနေမှ ၆၅ ကီလိုလောက်ဝေးတဲ့ တာချီလိတ်မြို့ဘက်ကိုပြန်လည် တင်သွင်းကြရပါတယ်၊ ဆိုလိုတာကတော့ အရင်က တရုတ်ပစ္စည်းကို မိုင်းလား-တာချီလိတ်ကနေ ထိုင်းဘက်ကို တင်သွင်းရောင်းချကြတယ်၊ အခုကျတော့ ထိုင်းဘက်ကနေ မြန်မာကိုပြန်သွင်းနေရတဲ့အခြေအနေပေ့ါ၊ ဒီအတွက် ကုန်ကျစရိတ်တွေ ပိုမိုလာပြီး တစ်ဆင့်ခံဝယ်ရတဲ့အနေအထားဖြစ်သွားပါတယ်၊ ဒါ့ကြောင့် အကြမ်းအားဖြင့် ကုန်ပစ္စည်းအတော်များများ ဈေးတက်သွားပါတယ်၊ ဥပမာအားဖြင့် အရင်က ဘတ်ငါးရာတန်ပစ္စည်းကအခု တာချီလိတ်မှာ ၇၀၀-၇၅၀ လောက် ဖြစ်သွားပြီး ဒီပစ္စည်းကိုပဲ ထိုင်းဘက်မယ်ဆိုင်မြို့မှာဝယ်ရင် ဘတ် ၆၀၀ လောက်ပဲရှိတဲ့အတွက် ထိုင်းဘက်မှာဝယ်ရတာ ပိုသက်သာသွားပါတယ်၊ ဈေးအရောင်းအဝယ်တွေကတော့ အနည်းနဲ့အများ ဆိုသလိုထိခိုက်ပါတယ်"ဟု တာချီလိတ်မြို့တာလေ့ဈေးမှ ဈေးသည်တစ်ဦးက ရှင်းပြသည်။

"မိုင်းလားဂိတ်က ၂၀၁၆ ခုနှစ် နိုဝင်ဘာလလောက်က စပိတ်ခဲ့တာဆိုတော့အခုဆိုရင် တစ်နှစ်ကျော်ကျော်ရှိသွားပါပြီ၊ အဓိကလမ်းကြောင်းကတော့ ဝမ်တာပင်းပေ့ါ၊ တစ်ပိုင်တစ်နိုင်ကုန်သည်လေးတွေကတော့ ဝမ်တာပုံဘက်ကနေ တင်သွင်းတာလေးတွေရှိတဲ့အတွက် ကျိုင်းတုံဒေသမှာတော့ ကြီးကြီးမားမား ဈေးနှုန်းပြောင်းလဲတာ မရှိပါဘူး၊ တာချီလိတ်ဘက်ကို အဓိက တင်သွင်းတဲ့ ဝမ်တာပင်းလမ်းကြောင်းကို ပိတ်ထားတဲ့အတွက် တာချီလိတ်ဒေသဘက်မှာတော့ ဈေးနှုန်းအပြောင်းအလဲတွေရှိနေတာ ဖြစ်နိုင်ပါတယ်"ဟု ကျိုင်းတုံဒေသခံ မီဒီယာသမားတစ်ဦးက မိုင်းလားဂိတ်ပိတ်ထားမှုနှင့်ပတ်သက်၍ သုံးသပ်ပြောကြားသည်။

**မောင်ယဉ်ကျေး**



# အေးသောရာသီတွင် ရေနွေးချိုးခြင်း အကျိုးအပြစ်

ကြည်လွင်မြင့် (မုံရွာ)



ရေချိုးခြင်းသည် စင်ကြယ်၏။ အသက်ကို ရှည်စေတတ်၏။ ပင်ပန်းခြင်း၊ ချွေး၊ အညစ်အကြေးတို့ကို ပယ်နိုင်၏။ အားကို ဖြစ်စေတတ်၏။ သြဇာကို လွန်စွာဖြစ်စေတတ်၏။

ရေနွေးဖြင့် ဦးခေါင်းကို ဆေးလျှော်ခြင်းသည် အားကို ဖြစ်စေတတ်၏။ ဆံပင်၊ မျက်စိနှင့် မသင့်။ (ရေနွေးဖြင့် ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်းသည် ကိုယ်စင်ကြယ်ခြင်းမျှသာဖြစ်သည်။ ဆိုခဲ့ပြီးသော ရေချိုးခြင်း၏ အကျိုးအပြစ်မရှိပြီ)

ဦးခေါင်းဆေးလျှော်၍ ရေချိုးခြင်းသည် ရေငတ်ခြင်း၊ အာစောက်၊ ပါးစပ်ခြောက်ခြင်းတို့ကို နိုင်၏။ အညစ်အကြေးကို စင်ကြယ်စေတတ်၏။ ကိုယ်၏ပူအိုက်ခြင်း၊ ဝက်ခြံ၊ ယားနာ၊ သည်းခြေကြောင့်ဖြစ်သော ဦးခေါင်းနာတို့ကို နိုင်၏။

လေ၊ သလိပ်နာရှိသောသူသည် ရေအေးမချိုးကောင်း၊ စဉ်းငယ်နွေးသော ရေနွေးကိုသာ ချိုးရမည်။ သွေးနာ၊ သည်းခြေနာရှိသော လူသည်လည်း ရေနွေးမချိုးကောင်း၊ ရေအေးကိုသာ ချိုးရမည်။

(ယောအတွင်းဝန်ဦးဖိုးလှိုင် ဥတုဘောဇနသင်္ဂဟကျမ်း ရေတို့၏ဂုဏ်ကိုပြခြင်းမှ)

ထို့အပြင် မျက်နှာပါးစပ်ရွဲ့သောသူ၊ လေနာရှိသောသူ၊ မျက်စိနာရှိသောသူ၊ ခံတွင်းနာရှိသောသူ၊ ဝမ်းရောင်သောသူ၊ နှာစေးသောသူ၊ အစာမကြေသောသူ၊ အစာစားပြီးနောက် စားသော အစာမကြေသောသူတို့သည် ရေမချိုးအပ်ကုန်ဟု လည်း နောက်ဆက်တွဲဖော်ပြထားသည်ကိုလေ့လာတွေ့ရှိရ သည်။

**ရေနွေးချိုးခြင်း၏အပြစ်**

လက်တွေ့တွင် စာရေးသူကိုယ်တိုင် အေးသောဆောင်း တွင်းတွင် နံနက်စောစော လမ်းလျှောက်လေ့ကျင့်ခန်းလုပ်ပြီး ရေအေးမချိုးနိုင်ပါ။ ရေနွေးစပ်ပေးသည့် Heater တပ်ဆင် ထားပြီး ရေအေးပိုက်နှင့်ပေါင်းစပ်၍ အတော်အသင့်နွေးအောင် စပ်ပြီး ချိုးသည်။ တစ်ခါတစ်ရံ ရေနွေးအစပ်များသွားလျှင် ခန္ဓာကိုယ်ထဲမှ အပူမထွက်သည့်အပြင် တစ်နေကုန်ညောင်း ညာပြီး နေမကောင်းဖြစ်သည်။ မျက်စိလည်း ကြည့်မကောင်း၊ မျက်မှန်တွင် အခိုးများရိုက်နေသကဲ့သို့ ခံစားရသည်။

ထို့ကြောင့် ရေနွေးကိုလျှော့ပြီး ရေအေးကို ပို၍ချိုးသော အခါ အဆင်ပြေသည်။ ရေနွေးများလျှင် ဆံပင်ခြောက်ခြင်း၊ ကြမ်းခြင်း၊ ငယ်ထိပ်မှဆံပင်များကျွတ်ခြင်းကို လက်တွေ့ခံစား ရသဖြင့် ရေနွေးများများစပ်၍ချိုးခြင်းမှာ မကောင်းပါ။

နောက်တစ်နည်းမှာ မိတ်ဆွေတစ်ဦးကအကြံပေးသဖြင့် စမ်းသပ်ကြည့်သောအခါ ပို၍အဆင်ပြေသည်၊ အညောင်း အညာကင်းသည်ကို တွေ့ရသည်။ ရေနွေးစပ်သောရေကို အရင်ချိုးသည်။ ဆပ်ပြာတိုက်၊ ကြေးတွန်း၊ ရှန်ပူဖြင့်ခေါင်း လျှော်ပြီးလျှင် ရေနွေးချိုးခြင်းကိုရပ်ပြီး ပုံးဖြင့်ထည့်ထားသော ရေအေးကို ဒူးမှ အောက်ပိုင်း သုံးခွက်ခန့်လောင်းချသည်။ ထို့နောက် ပေါင်လယ်ခန့်မှ အောက်သို့ သုံးခွက်ခန့်လောင်းချ သည်။ တဖြည်းဖြည်း အပေါ်သို့တက်လောင်းပြီး ရေအေးသုံး ခွက်ခန့်ခေါင်းမှ လောင်းချသောအခါ ရှိန်းခနဲဖြစ်ပြီး အခိုး အငွေ့များထွက်လာသည်။ ရေအေးကြောင့် အခိုးအငွေ့များ ထွက်သွားပြီးသောအခါ မချမ်းတော့ဘဲ တစ်ကိုယ်လုံးပူနွေး လာသည်ကို ထူးဆန်းစွာ တွေ့ရှိခံစားရသည်။

ထို့ကြောင့် မိုးတွင်း၊ ဆောင်းတွင်း အေးချမ်းသောအခါတွင် လူလတ်၊ လူကြီးများ ရေနွေးစပ်ပြီးရေချိုးခြင်းမှာ မမှားပါ။ သို့သော် ရေနွေးချိုးပြီး အပူမငုပ်စေရန်၊ ငုပ်သွားသောအပူများ ပြန်ထွက်စေရန်အတွက် ဒူးအောက်မှစပြီး အထက်သို့ တစ် ဆင့်ပြီးတစ်ဆင့် တဖြည်းဖြည်း ရေအေးချိုး၍ အဆုံးသတ် ခြင်းက ပို၍ကောင်းမွန်ပြီး ကျန်းမာရေးနှင့်လည်း ညီညွတ်စေ နိုင်ကြောင်း တင်ပြလိုသည်။

**မိတ်ဆွေတစ်ဦး၏ ရေနွေးချိုးနည်း**

ရေနွေး၊ ရေအေး ချိုးခြင်းနှင့်ပတ်သက်၍ စကားစပ်မိ ကြရာ စာရေးသူက ရေနွေးချိုးပြီးမှ နောက်ဆုံးတွင် ရေအေးကို ၃-၄ ခွက်ချိုးလိုက်ရာ အခိုးများပွင့်သွားသည်ဟု မိမိလုပ်နေ ကျနည်းကို ပြောသည်။ ကျန်းမာရေးစကားဝိုင်းတွင် ပါဝင်သူ များကလည်း သူတို့ကိုယ်တွေ့များပြောကြရာ မိမိနှင့်တူသူများ လည်း ရှိသည်။

ထိုအထဲတွင် ထူးခြားသည်မှာ စာရေးသူ၏မိတ်ဆွေ စာရေးဆရာတစ်ဦး ပြောပြသည့် သူ့အကြိုက်ကိုယ်တွေ့ရေချိုး နည်းမှာ "ကျွန်တော်ကတော့ ဆရာတို့နဲ့မတူဘူး၊ ရေနွေးစပ် ထားတဲ့ရေကို အရင်ချိုးတယ်ဆိုရင် အခိုးငုပ်သွားမှာပဲလို့ ယူဆ တယ်၊ ဒါကြောင့် ရေကန်နားသွားပြီး ဒူးကစအောက်ပိုင်း ရေလောင်းတယ်၊ ခါးအောက်ပိုင်းလောင်းပြီးမှ တဖြည်းဖြည်း အပေါ်တက်လောင်းချိုးတယ်၊ ရေအေးပဲချိုးတယ်၊ ပြီးတော့မှ နောက်ဆုံးမှာ ရေနွေးစပ်ထားတဲ့ရေကို ချိုးတယ်၊ အဲဒီအခါ အခိုးလည်းထွက်ပြီးပြီဆိုတော့ ရေနွေးစပ်ထားတဲ့ရေကို ချိုးလိုက်ရတာ ဝမ်းထဲနွေးသွားသလို ခံစားရတယ်၊ ကျွန်တော့် နည်းက ရေအေးချိုးပြီးမှ ရေနွေးချိုးတယ်"ဟု ပြောပါသည်။ သူ့နည်းနှင့်သူ ကောင်းသည်ဟုပင် ဆိုချင်ပါသည်။

**နှာစေးရောဂါသတိပြုစရာ**

နှာစေးခြင်းသည် ကိုယ်တွင်းအပူငုပ်သည့်လက္ခဏာဖြစ် သည်။ ရှေးဆရာကြီးများက အပြင်မှအအေးတို့ တပ်ဖွဲ့ပြီး ပိတ်ဆို့ထားသဖြင့် ထွက်ပေါက်မရှိဘဲ အပူအကျဉ်းကျရောဂါ ဖြစ်ရသည်ဟု ဆိုသည်။ မွေးညင်းပေါက်တို့မှ အခိုးအကင်း တို့သည် ချွေးအဖြစ်ထွက်မကျရသောအခါ နှာရည်ယိုခြင်းဖြင့် ထွက်ပေါက်ရှာရသည်ဟု အဆိုရှိသည်။ နှာရည်ကျခြင်းသည် ကိုယ်တွင်းအပူများခြင်းကြောင့် ဖြစ်သည်။

ညနေစောင်းအလုပ်မှအပြန်တွင် ရေချိုးလေ့ရှိသူများသည် ဆောင်းဥတုတွင် နှာစေးပြီး ခေါင်းကိုက်ရောဂါရလေ့ရှိသည်ကို တွေ့ရသည်။ နှာစေး၊ နှာရည်ယိုခြင်း ရတ်တရက်ရပ်သွားပြီး နှာခေါင်းပိတ်သွားလျှင် ထိပ်ကပ်နာဖြစ်တတ်သည်။ ထိပ်ကပ် နာသည် နှာခေါင်းအတွင်း နှာရိုးမှ အရွတ်တုံးလေးရောင် သောကြောင့် ဖြစ်လေ့ရှိသည်။ ထို့ကြောင့် အလွန်အေးသော အရပ်ဒေသများတွင် ရေနွေးဖြင့် ရေကိုစပ်၍ ချိုးရသည်။ ရေချိုး ပြီး အအေးမိသည်ထင်လျှင် ပရုတ်ဆီကို ကြွေပန်းကန်လုံးတွင် သုတ်လိမ်းပြီး ရေနွေးအဖြူလောင်းထည့်ကာ ထွက်လာသော ရေနွေးငွေ့ကို ရှူပေးခြင်းဖြင့် ထိပ်ကပ်နာဖြစ်ခြင်းမှ ကာကွယ် နိုင်သည်။

ခန္ဓာကိုယ်အတွင်း အပူအကျဉ်းကျသောအခါ နှာခေါင်းမှ နှာရည်ယိုသည့်အပြင် ငယ်ထိပ်ထွက်ပေါက်မှလည်း အပူငွေ့ များထွက်တတ်သည်။ အချို့လူကြီးများတွင် ဆောင်းတွင်း ရောက်မှ ခေါင်းချွေးများပြန်ပြီး အမြဲတဘက်ပဝါဖြင့် သုတ် နေရသည်ကို တွေ့ရသည်။ ခေါင်းချွေးပြန်ရပ်သွားလျှင် နှာစေး နှာရည်ယိုဖြစ်ပြီး ခေါင်းကိုက်လာတတ်သည်။ ထိုရောဂါအတွက် ညအိပ်ရာဝင်ချိန်တိုင်းတွင် ဦးခေါင်းငယ်ထိပ်ကို အုန်းဆီစစ်စစ် လိမ်းပြီးအိပ်ခြင်းဖြင့် ကာကွယ်နိုင်သည်။အုန်းဆီသည် ငယ်ထိပ် မှထွက်လာသော အခိုးကို ဖမ်းယူနိုင်ပြီး ဆံပင်ကျွတ်ခြင်း၊ ထိပ်ပြောင်ခြင်းကို ကာကွယ်ပေးနိုင်သည်။

**အအေးမိကာကွယ်သော ဆေးနည်း**

ချင်းတက်ကို ပါးပါးလှီးပါ။ မတ်ခွက်တစ်လုံးတွင်ထည့်ပါ။ ရေနွေးဆူဆူလောင်းထည့်ပြီး အုပ်ထားပါ။ ခဏကြာလျှင် မျက်နှာနှင့် ရေနွေးငွေ့ကို ငုံ့ပြီးရှူပါ။ ထိုရေနွေးကို အကြမ်းပန်းကန်တစ်လုံးနှင့်ငှဲ့ပြီး သောက်လည်းသောက်ပါ။ ချင်းပြုတ်ရည် သောက်သည့် သဘောဖြစ်သည်။ အလွယ်ကူဆုံးနည်းဖြစ်ပြီး ခန္ဓာကိုယ်ပူနွေးလာစေသည်။ လတ်တလောအအေးမိခြင်းကို ကာကွယ်နိုင်သည်။

ကြက်သွန်ဖြူသည် အအေးပပ်ခြင်းအတွက် အလွန် ဆေးစွမ်းထက်သည်။ ကြက်သွန်ဖြူကို နေ့စဉ်တစ်ဥအခွံခွာပြီး လတ်လတ်ဆတ်ဆတ် စားသုံးပေးခြင်းဖြင့် အအေးပပ်ခြင်း၊ အဖျားပိုးကူးစက်ခြင်းများကို ကာကွယ်နိုင်သည်။ အချို့မှာ ကြက်သွန်ဖြူကို အစိမ်းမစားနိုင်သဖြင့် မီးဖုတ်ပြီး စားကြသည်။ ကြက်သွန်ဖြူမီးဖုတ်စားခြင်းကြောင့် ခံတွင်းအနံ့ဆိုးမည်ကို ကြောက်သူများပါ စားနိုင်လာသည်။ အနောက်တိုင်းတွင် ကြက်သွန်ဖြူကို အဆီထုတ်၍ အအေးမိကာကွယ်ဆေး အဖြစ် သုံးစွဲကြသည်။ မကောင်းသောအဆီ(LDL Cholesterol) ကျသဖြင့် အဆီကျဆေးအဖြစ်သုံးစွဲသူများလည်း ရှိကြသည်။ လေသက်၍အဆီကျသဖြင့် ကြက်သွန်ဖြူ ပုံမှန်စားသုံးပေးလျှင် ဝမ်းဗိုက်အခေါက်ထူသောအဆီကို ကျစေနိုင်သည်။ လေသက် ၍လည်း ဗိုက်ချပ်စေနိုင်သည်။

တစ်နည်း။ ။ ကြက်သွန်ဖြူ/ နီ ကို ခါးပြားရိုက်ပြီး ချင်း အနည်းငယ်နှင့်ရော၊ ဟင်းသောက်ပန်းကန်လုံးတစ်ခုတွင် ထည့်၊ ရှောက်ရွက်အနည်းငယ်ထည့်ပြီးလျှင် ရေနွေးဆူဆူထည့်၊ ဆားအနည်းငယ်နှင့် ငါးငံပြာရည်အချို အနည်းငယ်ထည့် အုပ်ထားပါ။ ရှောက်ရွက်ဟင်းချိုဖြစ်သည်။ ရှောက်ရွက်သည် သွေးတိုးကိုကျစေသည်။ ရှောက်ရွက်ဟင်းချိုသည် အိမ်ရှင်မ များအတွက် အချိန်မကုန်ဘဲ လွယ်ကူစွာပြုလုပ်နိုင်သော ဟင်းချိုဖြစ်သည်။

**ရေနွေးချိုး၍ မျက်စိအခိုးထွက်လျှင်**

အချို့သူများ ရေနွေးကိုရေအေးဖြင့်စပ်ပြီး နေ့စဉ်ချိုးခြင်း ကြောင့် မျက်စိသို့အခိုးတက်ပြီး ကြည့်မကောင်းဖြစ်တတ်ကြ သည်။ မျက်ဝတ်ထွက်ခြင်း၊ မျက်စိထောင့်နီရဲခြင်း၊ အမြင် ဝေဝါး ခြင်း၊ မကြည်လင်ခြင်း ဖြစ်တတ်သည်။ ထိုသို့ဖြစ်လျှင် စိတ်ပူပန် ရန်မလိုပါ။ ဖြေရှင်းနိုင်သည့် နည်းလမ်းများရှိသည်။

၁။ ညအိပ်ရာမဝင်မီ ခြေဖဝါးကို ဆားပွတ်ပါ။ ထို့နောက် ဒူးအထက် ပေါင်လယ်မှစပြီး အောက်သို့ ရေအေး လောင်းပြီး ခြေဆေးပါ။ ထိုသို့ ညစဉ်ပြုလုပ်လျှင် မျက်စိ ကြည်သည့်အပြင် ခေါင်းကိုက်ခြင်းဝေဒနာများပါ သက် သာနိုင်သည်။

၂။ ဆားရည်ကို အကြည်ရေယူပြီး မျက်စိအတွင်းသို့ မျက် စဉ်းခတ်ပေးနိုင်သည်။

၃။ ကျားမနိုင်နွယ်မြစ်ကို ကျောက်ပြင်တွင်သွေးပြီး မျက်စိ ကွင်းပေးခြင်းအားဖြင့် မျက်စိအခိုးရိုက်ခြင်းကို သက် သာစေနိုင်သည်။

၄။ မန်ကျည်းပနီခေါက်ကိုသွေးပြီး မျက်စိကွင်းပေးလျှင် မျက်စိနီ၊ မျက်စိနာ သက်သာစေနိုင်သည်။

၅။ စံပယ်ပွင့်ကို ရေတစ်ဖန်ခွက်တွင် တစ်ညသိပ်စိမ်ထားပြီး နံနက်အိပ်ရာထတွင် ထိုရေဖြင့် မျက်စဉ်းခတ်ပေးလျှင် မျက်ဝတ်ထွက်ခြင်း၊ မျက်စိအခိုးတက်ခြင်း သက်သာ စေနိုင်သည်။

ရေနွေးချိုးခြင်းသည် ကျန်းမာရေးအတွက် အထောက် အကူဖြစ်ပြီး အကျိုးအပြင် အပြစ်လည်းရှိပါသည်။ သို့သော် အေးချမ်းသောဆောင်းရာသီတွင် လူကြီးများအဖို့ ရေအေး ချိုးရန် မဖြစ်နိုင်သဖြင့် ရေနွေးစပ်ချိုးပြီး ဖြစ်လာမည့် မျက်စိ ဝေခြင်း၊ အသားပပ်ခြင်း၊ ခေါင်းအုံခြင်း အပြစ်များအတွက်လည်း ကာကွယ်နိုင်သည့် နည်းလမ်းများကို တင်ပြလိုက်ပါသည်။

ကျန်းမာခြင်းသုခနှင့် ပြည့်စုံကြပါစေ။ ။

" ကြက်သွန်ဖြူသည် အအေးပပ်ခြင်းအတွက် အလွန်ဆေးစွမ်းထက်သည်၊ ကြက်သွန်ဖြူကို နေ့စဉ် တစ်ဥ အခွံခွာပြီး လတ်လတ် ဆတ်ဆတ် စားသုံးပေးခြင်းဖြင့် အအေးပပ်ခြင်း၊ အဖျားပိုးကူးစက်ခြင်းများကို ကာကွယ်နိုင်သည်၊ အချို့မှာ ကြက်သွန်ဖြူကို အစိမ်း မစားနိုင်သဖြင့် မီးဖုတ်ပြီးစားကြသည်၊ ကြက်သွန်ဖြူမီးဖုတ်စားခြင်းကြောင့် ခံတွင်းအနံ့ဆိုးမည်ကို ကြောက်သူများပါ စားနိုင်လာသည်၊ အနောက်တိုင်းတွင် ကြက်သွန်ဖြူကို အဆီထုတ်၍ အအေးမိကာကွယ်ဆေးအဖြစ် သုံးစွဲကြသည်"

## အေးသောရာသီတွင် အဖြစ်များလေ့ရှိသည့် လက်ကပ်ရောဂါအကြောင်း အသိပညာပေး

**ဘားအံ ဇန်နဝါရီ ၂၉**

အေးသောရာသီတွင် ဖြစ်ပွားတတ်သည့် လက်မောင်းအုံနာကျင်ကိုက်ခဲသော (လက်ကပ်ရောဂါ)အကြောင်းနှင့် ကုထုံး များအကြောင်း ပြည်သူများအား အသိ ပညာပေးစာတမ်းဖတ်ပွဲကို ကရင်ပြည် နယ် တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ စဉ်ဆက် မပြတ်ပညာပေး(CTME)အစီအစဉ် အရ ဇန်နဝါရီ ၂၅ ရက်က ဘားအံမြို့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ၌ ပြုလုပ်ခဲ့ သည်။

ပညာပေးစာတမ်းဖတ်ပွဲသို့ ကရင် ပြည်နယ်တိုင်းရင်းဆေးပညာအသင်း ဝင်များ၊ ပြည်နယ်အတွင်းရှိ တိုင်းရင်း ဆေးဝန်ထမ်းများ၊ ဘားအံမြို့ တိုင်းရင်း ဆေးရုံတွင် ကုသမှုခံယူနေသူများ၊ လူနာ စောင့်များနှင့် ဒေသခံတိုင်းရင်းဆေး ပညာဝါသနာရှင်ပြည်သူများ တက် ရောက်ပြီး ပြည်နယ်တိုင်းရင်းဆေးဆရာ အသင်းမှ ဦးအောင်ပွင့်က အမှာစကား ပြောကြားကာ ကြာအင်းဆိပ်ကြီးမြို့နယ် တိုင်းရင်းဆေးမှူး ဦးမောင်မောင်ဦးနှင့် ခုတင် ၅၀ ဆံ့ ဘားအံတိုင်းရင်းဆေးရုံမှ တိုင်းရင်းဆေးမှူး ဒေါ်သီသီခိုင်တို့က လက်ကပ်ရောဂါ ဖြစ်ပွားတတ်သည့် အကြောင်းရင်းများ၊ ရောဂါလက္ခဏာ၊ အစားအသောက်အပြုအမူများ၊ ရောဂါ ကို တိုင်းရင်းဆေးပညာဖြင့် ပြုစုစောင့် ရှောက်သည့် ကုထုံးများ၊ ဆေးဘက်ဝင် အပင်များဖြင့် ရောဂါကုသခြင်းနှင့် ဆောင်ရန်ရှောင်ရန် အချက်များ စသည့် အသိပညာပေးစာတမ်းများကို ဖတ်ကြား သည်။

ကရင်ပြည်နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူး ဆရာကြီးဦးတင့်လွင်က ပြည်နယ်ချုပ်စာရင်းအရ ပြည်နယ် အတွင်း လက်ကပ်ရောဂါဖြစ်ပွားသူ ၇၀ ခန့်ရှိခဲ့ကြောင်း၊ ရောဂါမဖြစ်ပွားရေး ပညာပေးမှုများ ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပွားမှုနှုန်း ကျဆင်းလာလျက်ရှိ ကြောင်း၊ ကရင်ပြည်နယ်အနေဖြင့် မြို့နယ်အလိုက် တိုင်းရင်းဆေးကုသ ဌာနများရှိလာခြင်း၊ ဘားအံတွင်လည်း ခုတင် ၅၀ ဆံ့တိုင်းရင်းဆေးရုံရှိလာခြင်း တို့ကြောင့် တိုင်းရင်းဆေးပညာရပ်များ ဖြင့် ပြည်သူများအား ကျန်းမာရေးစောင့် ရှောက်မှုနှင့် ပညာပေးမှုများကို ပိုမို ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ ကြောင်း ပြောကြားသည်။

တိုင်းရင်းဆေးရုံအုပ်ကြီး ဒေါ်ကြည် ကြည်ဌေးကလည်း ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ (ဘားအံ)သည် ယခင် က ၁၆ ခုတင်ဆံ့ ဆေးရုံဖြစ်ပြီး ၂၀၁၅- ၂၀၁၆ ခုနှစ်မှစ၍ ခုတင် ၅၀ ဆံ့အဖြစ် တိုးချဲ့နိုင်ခဲ့ကြောင်း၊ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံဖြစ်လာပြီး ဝန်ထမ်း အင်အားများလာသလို ကုသမှုများကို ပိုမိုပြည့်စုံအောင် ကုသပေးနိုင်လာသဖြင့် အတွင်းလူနာ၊ အပြင်လူနာများ လာ ရောက်ကုသမှုနှုန်း များပြားလာသည်ကို တွေ့ရကြောင်း၊ ပြည်သူများကြား တိုင်းရင်းဆေးပညာရပ်များ ပိုမိုကျယ် ပြန့်စွာရောက်ရှိစေရေးအတွက် ပညာ ပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နေ ကြောင်း ပြောကြားသည်။

ကရင်ပြည်နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာန၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စဉ်ဆက်မပြတ် ပညာပေး (CTME) အစီအစဉ်အရပြည်သူဗဟိုပြု ကျန်းမာ ရေးဆိုင်ရာများနှင့် တိုင်းရင်းဆေးပညာ ရပ်များကို ပြည်သူများ ပိုမိုကျယ်ပြန့်စွာ သိရှိ နားလည်စေရန်၊ ထိရောက်သော မြန်မာ့တိုင်းရင်းဆေးကုထုံးများနှင့် ဆေး ဝါးများပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး အသိပညာပေးစာတမ်းဖတ်ပွဲများကို ရောဂါခေါင်းစဉ်အလိုက် တစ်လလျှင် တစ်ကြိမ်ကျင်းပလျက်ရှိရာ နောက်လ တွင် အာရုံကြောအားနည်းရောဂါ အကြောင်းကို အသိပညာပေးစာတမ်း ဖတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# ဆောက်လုပ်ရေးကဏ္ဍမှ အခက်အခဲများကို နိုင်ငံတော်က ကူညီဖြေရှင်းပံ့ပိုးပေးရန် တင်ပြ

**မန္တလေး ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံတွင်းရှိ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းကဏ္ဍများတွင် ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းရေးနှင့် လုပ်ငန်းများ ရေရှည်တိုးတက်ရေးအတွက် နိုင်ငံတော်မှ ကူညီဖြေရှင်းပံ့ပိုးပေးနိုင်ရန် တင်ပြခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က မန္တလေးမြို့ ဆွမ်းဟိုတယ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အမှာစကားပြောကြားသည်။




**အခက်အခဲများ**

မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို အကြီးမားဆုံး ဖန်တီးပေးနေသည့် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းကဏ္ဍသည် ယနေ့ချိန်တွင် အခက်အခဲများကြုံတွေ့နေရသဖြင့် နိုင်ငံတော်သို့တင်ပြ အကူအညီတောင်းခံသည့် ရည်ရွယ်ချက်ဖြင့် ယခုအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း အမရပူရ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းမှ ပြန်ကြားရေးတာဝန်ခံ ဦးဇော်ရဲဝင်းက ပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က "တိုင်းပြည်အတွက် ဆောက်လုပ်ရေးလုပ်ငန်းတွေ ရှင်သန်ဖို့ အဓိက လိုအပ်ပါတယ်၊ တင်ပြချက်တွေကို ကျွန်တော်နား ထောင်ပေးမယ်။ ဘာလုပ်ပေးနိုင်မလဲဆိုရင် ပေါင်းကူး လုပ်ပေးနိုင်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြပေးပါ့မယ်၊ ခက်ခဲမှုတွေ စိန်ခေါ်မှုတွေရဲ့ နောက်ကွယ်မှာ အခွင့်အရေးဆိုတာ ရှိပါတယ်၊ ပြည်သူအတွက် နိုင်ငံတော်အတွက် အကျိုးပြုမယ့်အပေါ်မှာ ဆုံးဖြတ်ရမှာပါ" ဟု အမှာစကားပြောကြားသည်။

**အခွန်နှုန်းထား**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရှိန်ဝင်းက "အခွန်နှုန်းထားကို ငါးရာခိုင်နှုန်းအထိ လျှော့ပေါ့ပေးမယ်ဆိုရင် ဆောက်လုပ်ရေးကဏ္ဍ တိုးတက်လာပြီး လက်ရှိကောက်ခံရရှိတဲ့ အခွန်ငွေတွေထက်ပိုမိုရရှိမယ်လို့အာမခံပါတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးလုပ်ငန်းနဲ့ ပတ်သက်သူအားလုံးကလည်း ပြည်သူထဲက ပြည်သူတွေပါပဲ။ ပြည်သူတွေ အလုပ်အကိုင်ရရှိဖို့အတွက် ဆောက်လုပ်ရေးကဏ္ဍဖွံ့ဖြိုးဖို့ လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆောက်လုပ်ရေးဆိုင်ရာ ပြည်သူတွေကို ကူညီစောင့်ရှောက်ပေးပါ" ဟု ပြောကြားခဲ့သည်။

**တင်ပြချက် ခြောက်ချက်**

နိုင်ငံတော်မှ ကူညီဖြေရှင်းပေးရန် တင်ပြချက်များတွင် အိမ်ခြံမြေတိုက်ခန်း အရောင်းအဝယ်ခွန်များကို ၃၀ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ ယာယီ နှစ်နှစ်ခန့် လျှော့ချပေးရန်၊ စီမံကိန်းများကို အာမခံထား၍ စီမံကိန်း အကြီး၊ အသေးအပေါ် မူတည်ကာ သုံးနှစ်မှ ၁၀နှစ်အထိ ဘဏ်ချေးငွေရရှိရန်၊ ဘဏ်ချေးငွေအတိုးနှုန်းများကို လက်ရှိ ၁၃ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းသို့ လျှော့ချပေးရန်၊ အိမ်ရာတိုက်ခန်း ဝယ်သူများအား ၁၅ နှစ်မှ နှစ် ၂၀ အထိ ဘဏ်ချေးငွေဖြင့် ဝယ်ယူခွင့် ထိရောက်စွာရရှိရန်၊ တည်ဆောက်ရေးဆိုင်ရာ ခွင့်ပြုမိန့်များထုတ်ပေးမှု ကာလသတ်မှတ်ချက် ကြေညာပေးနိုင်ရန်၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း အရေအတွက်များများ အကောင်အထည်ဖော်ပေးရန် အချက် ၆ ချက်တို့ဖြစ်သည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုကော်မတီဝင် ဦးမျိုးမြင့်က "လက်ရှိ ဆောက်လုပ်ရေးလောကဟာ ၂၀၁၅ ခုနှစ်ကစပြီး ယခုချိန်အထိ ဆက်တိုက်ကျဆင်းနေပြီး နောက်ပိုင်းမှာ ဘဏ်ချေးငွေတွေလည်း ခက်ခဲလာတဲ့အပြင် အတိုးနှုန်းတွေလည်း ကြီးမြင့်လာပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံရဲ့ GDP တိုးတက်လာမှာဖြစ်လို့ နိုင်ငံတော်ပိုင်းက ဘယ်လိုအကူအညီပေးနိုင်မလဲ ဆိုတာ တောင်းခံတာပါ" ဟု ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များ၏ တင်ပြလာသည့် အခက်အခဲများကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံသည့်အချိန်တွင် တင်ပြပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြန်လည်ပြောကြားခဲ့သည်။ အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့မှ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ကလေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ဟားခါး ဇန်နဝါရီ ၂၉**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကလေးများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်၊ သွက်လက်ဖျတ်လတ်ပြီး လူရည်လူမွန်များဖြစ်လာစေရန်နှင့် ကလေးများ စာပေနှင့်ရင်းနှီးပြီး စာဖတ်ဝါသနာ ပါလာစေရန် ရည်ရွယ်၍ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဟားခါးခရိုင် Community Centre ခန်းမ၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်းမှ KG အဆင့် ကျောင်းသား ကျောင်းသူ ၄၀ တို့က ကြိုးသီပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ အင်္ဂလိပ်အက္ခရာဆက်ပြိုင်ပွဲနှင့် ကွင်းဆက်ပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မျိုးမျိုးသွယ်နှင့် ဒုတိယဦးစီးမှူး ဒေါ်နီလာဝင်းတို့က ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြကာ ဆုပေးပွဲအပြီးတွင် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများက တေးကဗျာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒဂုံအရှေ့ပိုင်းမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်းကို သိရှိရှောင်ရှားနိုင်စေရန် ရည်ရွယ်၍ လွှတ်တော်ကိုယ်စားလှယ်များ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ ပြည်သူ့စကားဝိုင်း(Public Talk)ကို လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည့် ပြည်သူ့စကားဝိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်၊ မြို့နယ်ရဲစခန်းမှူး ဒုရဲမှူးကိုကိုလွင်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းအိအိစိုးနှင့် စာရေးဆရာမ စိမ်းမြရည်တို့က မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များ၊ ပြစ်ဒဏ်များ၊ အရေးယူမှုများ၊ မူးယစ်ဆေးကြောင့် လူငယ်လူရွယ်များ လမ်းမှားမရောက်ရှိစေရေး စသည်တို့ကို သက်ဆိုင်ရာကဏ္ဍအလိုက် အတွေ့အကြုံများနှင့်အတူ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်သူ့စကားဝိုင်းသို့ လာရောက်ကြသော ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ရဲမင်းထွန်း (ပြန်/ဆက်)**



# မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေး

**ကန့်ဘလူ ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့၌ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်စစ်ဆေးခြင်းနှင့် ခွဲစိတ်ကုသပေးခြင်းများကို အေးမြစိုးဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့က ဇန်နဝါရီ ၂၂ ရက်မှ ၃၀ ရက်အထိ ကန့်ဘလူမြို့နယ်ခုတင် (၁၀၀) ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျက်စိ အထူးကုဆရာဝန်ကြီး ဒေါက်တာသန်းထွန်းဦး၊ ဒေါက်တာအေးသီတာမြင့်၊ ဒေါက်တာခိုင်ဇာလှိုင်၊ ဗိုလ်မှူးသက်ဇော်ထွန်း၊ ဗိုလ်ကြီးဇော်ရဲထွန်းနှင့် မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုမြို့များမှ အထူးကု ဆရာဝန်ကြီးများ၊ မျက်မှန်ကျွမ်းကျင် ပညာရှင်များနှင့် ထီးဆောင်းမျက်စိဆေးရုံမှ အကူသူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအဖွဲ့က ဆောင်ရွက် ပေးနေကြောင်း သိရသည်။

"မျက်စိဝေဒနာရှင်တွေကို ကန့်ဘလူမြို့ ညောင်အိုင်အထက(ခွဲ)ကျောင်း ဒေါက်တာဉာဏဝရခန်းမမှာ စမ်းသပ်စစ်ဆေးပေးပြီး အကြီးစားခွဲစိတ်ခြင်းနဲ့ အသေးစားခွဲစိတ်ကုသဖို့ လိုအပ်တဲ့ လူနာတွေကို မြို့နယ်ခုတင် ၁၀၀ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိပါတယ်၊ အဝေးက လာရောက်တဲ့သူတွေ တည်းခိုနေထိုင်ဖို့ ဒီညောင်အိုင်ကျောင်းမှာပဲ စီစဉ်ပေးထားပါတယ်" ဟု မြို့နယ်ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာနေမိုးက ပြောသည်။



မျက်စိစမ်းသပ်စစ်ဆေး ကုသပေးရာသို့ ဇန်နဝါရီ ၂၆ ရက်အထိ ကန့်ဘလူ၊ ကျွန်းလှ၊ ကောလင်း၊ ခင်ဦး၊ တန့်ဆည်၊ စဉ့်ကူးမြို့များမှ မျက်စိဝေဒနာရှင် ရဟန်းသံဃာများနှင့် ပြည်သူများ စုစုပေါင်း ၁၀၄၄ ဦး လာရောက်ပြသခဲ့ကြပြီး အမျိုးသား ၁၆၀၊ အမျိုးသမီး ၃၁၈ ဦးအား ပါဝါမျက်မှန်များ ပေးအပ်ခဲ့ပြီး အကြီးစားခွဲစိတ်သူ အမျိုးသား ၄၀၊ အမျိုးသမီး ၅၇ ဦး၊ အသေးစားခွဲစိတ်သူ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၄ ဦးရှိကြောင်း၊ ကျန်ဝေဒနာရှင်များအား စားဆေး၊ သောက်ဆေးနှင့်မျက်စဉ်းခတ်ရန် ဆေးများ ပေးခဲ့ကြောင်း၊ မျက်စိဝေဒနာအခမဲ့ စစ်ဆေးကုသပေးခြင်းကို ဇန်နဝါရီ ၃၀ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ တွေ့ဆုံဆွေးနွေး

**မန္တလေး ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး ဗဟိုအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအဖွဲ့တို့၏ တွေ့ဆုံညှိနှိုင်းအစည်းအဝေး(၁/၂၀၁၈)ကို ဇန်နဝါရီ ၂၆ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ယွန်းခင်ခင်စားသောက်ဆိုင်တွင် ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသာဉာဏ်က ဗဟိုအဖွဲ့၏ လက်ရှိဆောင်ရွက်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ အသင်း၌ လူငယ်များပါဝင်လာရေး စည်းရုံးဆောင်ရွက်၍ လူငယ်အဖွဲ့ (သို့မဟုတ်) လူငယ်ဆပ်ကော်မတီ ဖွဲ့စည်းနိုင်အောင် ကြိုးစားဆောင်ရွက်ရေး၊ အစည်းအဝေးများ ပုံမှန်ကျင်းပပြီး အသင်း၏လုပ်ငန်းများကို ညီညီညွတ်ညွတ် ပူးပေါင်းကြိုးပမ်းလုပ်ဆောင်သွားကြရေးနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုကြောင်း ချီးကျူးစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအသင်းဥက္ကဋ္ဌ သီဟသုမ္မမဏိဇောတရေဦးကျော်ဝင်း (သစ္စာစေတနာ)က တိုင်းဒေသကြီးအသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် ဘာသာပေါင်းစုံမှ အဖွဲ့ဝင်များက အသင်းကြီး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာပေါင်းစုံမှ ဘာသာဝင်များ၏ ယုံကြည်အားကိုးမှု ဆက်လက်ခိုင်မာစေရေး၊ လူငယ်အဖွဲ့များ ဖွဲ့စည်းနိုင်ရေးနှင့် အခြားလုပ်ငန်းလိုအပ်ချက်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြပြီး ဗဟိုဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**ကလေး ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့က ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလေးမြို့ ခုတင် ၃၀၀ ဆံ့ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်လူနာဆောင်သစ်၌ ဆေးရုံအုပ်ကြီး၊ ဆရာဝန်/ဆရာမများနှင့် တွေ့ဆုံခဲ့ပြီး ဆေးရုံအတွက် အဲယားကွန်း၊ အခြောက်ခံစက်၊ Water Cooler များ လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျောက်ကပ်သန့်စင်စက်ထားရှိသည့်နေရာနှင့် နှစ်ထပ်လူနာဆောင်သစ်ကို စစ်ဆေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ဆိပ်ကမ်းသာတံတားအနီး ဥပုသ်ချောင်း ရေလမ်းကြောင်းဖြောင့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကလေးမြို့ ဗိုလ်ချုပ်လမ်းတွင် အကျယ် ၄၈ ပေ နိုင်လွန်ကတ္တရာခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကလေးမြို့ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတွင် လူနာများအား ကုသပေးနေမှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဂိုဒေါင်၌ ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှု၊ ခရိုင်မီးသတ်ဦးစီးဌာနနှင့် ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးမြေနေရာများ၊ ကလေးမြို့ မြို့မဈေး၊ ရေဆန်ကျွန်းဘုရားအနီးရှိ မြစ်သာမြစ်ကမ်းထိန်းနံရံ တည်ဆောက်နေမှု၊ ဖောင်ကူးတံတားအထက်ဘက် နှစ်နေရာတွင် နေရဋ္ဌရာချောင်း ကမ်းထိန်းနံရံတည်ဆောက်နေမှုနှင့် ဖောင်ကူး-အင်ဒိုင်းကြီး ကျေးရွာချင်းဆက်လမ်းဘေးရှိ ဆောင်းသီးနှံကုလားပဲ(GAP)စံပြစိုက်ခင်းနှင့် အော်ဂဲနစ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုများကိုလည်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ဂျူနိုင်း**

# ပေ၊ ပုရပိုက်များ ထိန်းသိမ်းရေး

မောင်သာ(ရှေးဟောင်းသုတေသန)

စာအရေးအသားပေါ်ပေါက်ခဲ့ပြီးသည့်အချိန်မှစ၍ သမိုင်းမှတ်တမ်း အထောက်အထားများအဖြစ် ရေးထိုးခဲ့သည့် ကျောက်စာ၊ အိုးစာ၊ ခေါင်းလောင်းစာ ၊အုတ်ခွက်စာ စသည်တို့သည် မြန်မာနိုင်ငံအတွင်း များစွာ ကျန်ရှိခဲ့သည်။

မြန်မာနိုင်ငံသမိုင်းတွင် ပေ၊ ပုရပိုက် မှတ်တမ်းများကို ကုန်းဘောင်ခေတ်၌ အများဆုံး ရေးသားခဲ့ကြရာ ပေရွက်များပေါ်တွင် ရေးသားခဲ့သည့် ဦးကုလား၏ မဟာရာဇဝင်ကြီး၊ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို၏ မြန်မာရာဇဝင်သစ်၊ မှန်နန်းရာဇဝင်ကြီး အစရှိသည့် မြန်မာ့သမိုင်းကျမ်းများ အပါအဝင် မှတ်တမ်းမျိုးစုံကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ရာ စာဖတ်သူများအတွက် များစွာအကျိုးဖြစ်ထွန်းခဲ့ရပေသည်။

**ပေစာ**

ပေရွက်ပေါ်တွင် ရေးသားထားသည့် အက္ခရာစာလုံးများ၊ အမှတ်အသားများကို ပေစာဟုခေါ်သည်။ သာသနာနှစ် ၄၅၀ ပြည့်နှစ် (ခရစ်နှစ်မပေါ်မီ ၉၄ နှစ်)တွင် သီဟိုဠ်ကျွန်း၌ စတုတ္ထသံဂါယနာတင်ခဲ့ပြီး ပိဋကတ်သုံးပုံနှင့် အဋ္ဌကထာ ကျမ်းများကို ပေထက်အက္ခရာတင်ခဲ့ကြသဖြင့် လွန်ခဲ့သော နှစ် ၂၀၀၀ ကျော်ကပင် ပေစာကို အသုံးပြုခဲ့ကြောင်း သုံးသပ်နိုင်ခဲ့သည်။ ပေစာအရေးအသားသည် မြန်မာနိုင်ငံသို့ အိန္ဒိယနိုင်ငံမှ ရောက်ရှိလာခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားသည်။

မြန်မာတို့သည် ပေရွက်များပေါ်တွင် မှတ်တမ်းများအပြင် စာပေလင်္ကာ၊ ပျို့ကဗျာများကိုပါ ရေးသားခဲ့ကြသည်။ လူတစ်ဦး၏ ဇာတာခွင်များကို ပေရွက်များနှင့် ထန်းဖူးများပေါ်တွင် ရေးသား၍ သိမ်းဆည်းထားလေ့ရှိခဲ့ကြသည်။ သို့သော် ထန်းရွက်များသည် ကြွပ်ဆတ်သောကြောင့် စာရေးရန် ပေရွက်ကိုသာ အများဆုံး အသုံးပြုခဲ့ကြသည်။

ဘုရင့် အမိန့်တော် စာချွန်များကို ထန်းဖူးညွှန့်ရှည်များပေါ်တွင် ရေးသားလေ့ရှိပြီး တစ်မျက်နှာတွင် စာတစ်ကြောင်းတည်းရေးလျှင် တစ်ကြောင်းစာချွန်ဟုခေါ်ဝေါ်၍ နှစ်ကြောင်းရေးထားလျှင် နှစ်ကြောင်းစာချွန်ဟု ခေါ်ဝေါ် ကြောင်း ရွှေနန်းသုံးဝေါဟာရအဘိဓာန်အရ သိရှိရပေသည်။

အမျိုးသားပြတိုက်(ရန်ကုန်)၌ ပြသထားသည့် ပေနှင့်ထန်းရွက် စာချွန်တော်များတွင် အရှည် ၁၁၄ ဒသမ ၄ စင်တီမီတာ (သုံးပေကိုးလက်မ) ရှိသည့် စာချွန်တော်ကို မြင်တွေ့နိုင်သည်။ အလျား ၂၇ ဒသမ ၆ စင်တီမီတာနှင့် အနံ ၆ ဒသမ ၄ စင်တီမီတာရှိသည့် ထန်းရွက်ပေါ်တွင် ရေးသားထားသည့် သီပေါမင်း ဇာတာတော်နှင့် အလျား ၂၆ ဒသမ ၇ စင်တီမီတာနှင့် အနံ ၇ ဒသမ ၄ စင်တီမီတာ ရှိသည့် ထန်းရွက်ပေါ်တွင် ရေးသားထားသည့် စုဖုရားလတ်၏ ဇာတာတော်တို့ကိုလည်း အမျိုးသားပြတိုက်(ရန်ကုန်)တွင် ပြသထားသည်။

**ပေရွက် ပြုပြင်ပုံ**

ပေပင်သည် ပူပြင်းခြောက်သွေ့သော ဒေသများတွင် ပေါက်ရောက်၍ ထန်းပင်ထက် လုံးပတ်ကြီးကာ သက်တမ်းနှစ် ၆၀ ဝန်းကျင်ရှိပြီး ပေရွက်သည် နှစ် ၁၀၀၀ အထိ မဆွေးမမြည့်ကြောင်း သိရှိရသည်။

ရှစ်နှစ်မှ ၁၀ နှစ်သက်တမ်းရှိသော ပေရွက်နုများကို အလယ်ကြောဖယ်ရှား၍ အရင်းနှင့်အဖျားကို အနည်းငယ်ဖြတ်ထုတ်ကာ စမ်းရေဖြင့်ပြုတ်ပြီး အရိပ်အောက်တွင် သွေ့ခြောက်သည်အထိ ထားပြီးမှ နေပူတွင် လှန်းရသည်။ ပေရွက်များ လုံးဝ ခြောက်သွေ့သွားလျှင် ခွေလိပ်၍ စဥ့်အိုးတစ်လုံးအတွင်းသို့ ပေရွက်များမြုပ်သည်အထိ ရေနှင့်ထမင်း အနည်းငယ်ထည့်ကာ အဖုံးမပိတ်ဘဲ နေပူတွင် ရက်သတ္တပတ်၊ တစ်ပတ်ကျော်ထားကြသည်။ အချို့က အိုးအတွင်းသို့ ဆန်တစ်ပြည်နှင့်ရေအပြည့်ဖြည့်ပြီး တစ်လနှင့်တစ်ရက်ထားကြသည်။

နေပူရှိန်ကြောင့် စဥ့်အိုးထဲမှ ထမင်း သို့မဟုတ် ဆန်များ အချဉ်ပေါက်ကာ အမြှုပ်များထလာပြီး ပေရွက်များညိုးကာ အညိုရောင်သမ်းလာလျှင် ယင်းတို့ကိုဆယ်ယူ၍ အရိပ်တွင် အခြောက်ခံရသည်။

ထို့နောက် အသားချောသည့် ကွမ်းသီးပင် ပင်စည်တစ်ခုကို သစ်ပင်နှစ်ပင်တွင် ချည်နှောင်လျက် တန်းတစ်တန်းဖြစ်စေရန် ပြုလုပ်ပြီး ပေရွက်ကို ကွမ်းသီးပင်တန်းပေါ် ခွတင်လျက်ပေရွက်၏ထိပ်စွန်းတစ်ဖက်ကို အလေးတုံးတစ်ခုဆွဲ၍ ကျန်ထိပ်စွန်းကို ရှေ့တိုးနောက်ငင်ပြုလုပ်ခြင်းဖြင့် ပေရွက်ကို ချောလာစေရန် ပြုလုပ်ကြရသည်။

ချောမွေ့လာသောပေရွက်များကိုထပ်ပြီး အရွက်များကို ညှိပြီးနောက် ပေခေါင်းကို ဟင်္သပြဒါးအနီရောင် သို့မဟုတ် သစ်စေးအနက်ရောင် သုတ်လိမ်းပြီး ပေရွက်ပေါ်တွင် စာရေးကြသည်။ ယေဘုယျအားဖြင့် ရွှေရောင်သုတ်လိမ်းထားသည့် ပေရွက်များကို မျဉ်းနီဟုခေါ်၍ သစ်စေးနက်သုတ်ထားသည့် ပေရွက်များကို မျဉ်းနက်ဟုခေါ်သည်။

အရွယ်တူပေရွက်များကို တစ်ပုံစီခွဲကာ ကျမ်းဟုခေါ်သည့် ချောနေသည့် သစ်သားပြားနှစ်ချပ်ကြားတွင်ညှပ်၍ ပေရွက်များပေါ်တွင် ကညစ်တံ သို့မဟုတ် သံချွန်ငယ်များဖြင့် စာများ ရေးသားကြရသည်။

ပေရွက်များသည် လက်ဖဝါးပေါ်တင်ရေးနိုင်သည့်အရွယ်မှသည် အလျားတစ်ပေမှ နှစ်ပေအထိ ရှည်လျားသည်။ စာမရေးမီ ပေရွက်များပေါ်တွင် နှစ်ပေခန့်ရှည်သည့် ဝါး သို့မဟုတ် သစ်သားပေတံကို အသုံးပြုကာ မျဉ်းသားရသည်။ ပေတစ်ရွက်လျှင် မျဉ်း ခြောက်ကြောင်း မှ ၁၂ ကြောင်းအထိ ဆွဲသားလေ့ရှိသည်။ စာကြောင်းအရေအတွက်ကို မူတည်လျက် ခြောက်ကြောင်းပေ၊ ၁၂ ကြောင်းပေ စသည်ဖြင့် ခေါ်ဆိုကြသည်။

ပေရွက်ပေါ်၌ စာရေးရာတွင် ပေရွက်၏ ဝဲယာနှစ်ဖက်တွင် နှစ်လက်မခွဲဝန်းကျင်ချန်ပြီး ရေးသားကြသည်။ ပေရွက်သည် အနည်းငယ်ခုံးနေလေ့ရှိပြီး ခုံးနေသည့်ဘက်ကို ကျောဘက်ဟုခေါ်ကာ ကျန်တစ်ဖက်ကို ဝမ်းဘက်ဟုခေါ်သည်။ ပေချပ်၏ ကျောဘက် လက်ယာဘက်ထောင့်တွင် ကျမ်းအမည်ကို ရေးသား၍ လက်ဝဲဘက်တွင် စာမျက်နှာ အမှတ်အသားကို ရေးသားကြသည်။

ပေစာ၏ စာမျက်နှာအမှတ်အသားကို ယခုခေတ် စာအုပ်များကဲ့သို့ ကိန်းဂဏန်းဖြင့် ရေးသားခြင်းမပြုဘဲ မြန်မာအက္ခရာ သရစဉ်နည်းအတိုင်း က၊ ကာ၊ ကိ၊ ကီ၊ ကု၊ ကူ၊ ကေ၊ ကဲ၊ ကော့၊ ကော်၊ ကံ၊ ကား ဟု စတင်ရေးသားကာ ကအက္ခရာ ဆုံးလျှင် ခအက္ခရာ၊ ခအက္ခရာဆုံးလျှင် ဂအက္ခရာ စသည်ဖြင့် ပေစာမျက်နှာကို မှတ်သားကြသည်။ ကမှကားအထိ ရေးထားသည့် ပေချပ် ၁၂ ချပ်ကို တစ်အင်္ဂါဟုခေါ်ကာ အချပ်ရေ ၃၀၀ ပါရှိသည့် ပေအင်္ဂါ ၂၅ အင်္ဂါကို ပေတစ်ထုပ်ဟု ခေါ်သည်။




ပေရွက်ပေါ်တွင် ကညစ်ဖြင့်ရေးထားပြီးသော စာလုံးများသည် ကောင်းစွာထင်ရှားမှုမရှိသဖြင့် အင်တွဲမှုန့်ကို မီးသွေးမှုန့်နှင့်ရောကာ ပေရွက်ကိုပွတ်၍ ရေနံသုတ်ပေးရသည်။ ယင်းသို့ ပြုလုပ်ခြင်းကို ရေနံကိုင်သည်ဟုခေါ်သည်။ လေးဖက်လုံးကိုရွှေချထားသော ပေထုပ်ကို ရွှေမျဉ်းရွှေပိန်းပေဟုလည်းကောင်း၊ ထိပ်နှစ်ဖက်ကိုချန်လှပ်၍ ပေထုပ်၏ အလျားလိုက်ဘေးနှစ်ဖက်ကိုသာ ရွှေချထားသည့် ပေထုပ်ကို ကြဲဆစ်ပေဟုလည်းကောင်း၊ ရွှေမချဘဲ ဟင်္သပြဒါးအနီရောင် သုတ်ထားသည့် ပေထုပ်ကို မျဉ်းနီပေဟုလည်းကောင်း၊ ပေရွက်ဘေးနှစ်ဖက်ကို အနက်ရောင်သုတ်ထားသည့် ပေထုပ်ကို မျဉ်းနက်ပေဟုလည်းကောင်း ခေါ်ဆိုကြသည်။ ဆေးမသုတ်ထားသည့် ရိုးရိုးပေများကို ပေကြမ်းဟုခေါ်သည်။

ဆေးသုတ်ပြီးသည့် ပေရွက်များကို အပေါ်နှင့်အောက်တွင် ပေရွက်အလွတ်များထည့်၍ ပိုးကြိုး သို့မဟုတ် ချည်ကြိုးဖြင့် စည်းနှောင်ထားရသည်။ ပေချပ်အပိုများကို စာပလ္လင်ဟုခေါ်ပြီး စာရေးထားသောပေများ ပျက်စီးခဲ့လျှင် အစားထိုးနိုင်ရန် ထည့်သွင်းထားခြင်းဖြစ်သည်။

စာများရေးသားပြီးသော ပေများကို ဟင်္သပြဒါးသုတ်ထားသော ပျဉ်ပြားနှစ်ချပ်ဖြင့်ညှပ်ကာ သိမ်းဆည်းသည်။ ပေစာထုပ်ကို အဝတ်ဖြင့်ဖြစ်စေ၊ ယင်းဖြင့်ဖြစ်စေ ပတ်ထားလေ့ရှိသည်။ ယင်းဆိုသည်မှာ ကြိုးဖြင့်တွဲသီထားသော ဝါးချောင်းငယ်များဖြစ်သည်။ ပေစာထုပ်များကို ပိုးဖဲကတ္တီပါအိတ်များဖြင့်လည်း သိမ်းထားလေ့ရှိကြသေးသည်။ ပေစာထုပ်ကိုထုပ်ထားသည့် အဝတ်စကို ပလွေ၊ ကမ္ဗလွေ၊ စာပလွေ စသည်ဖြင့် ခေါ်ဆိုကြပြီး စာပလွေသည် ယေဘုယျအားဖြင့် အလျား တစ်ကိုက်(၃၆ လက်မ)၊ အနံ တစ်တောင်(၁၈ လက်မ)ရှိသည်။ စာပလွေဖြင့်ပတ်ထားသော ပေထုပ်ကို လက်မဝက်အထူရှိသော စာစည်းကြိုးဖြင့် ရစ်ပတ်ထားပြီး စာစည်းကြိုးပေါ်တွင် ပေစာထုပ်၏ အလှူရှင်၊ လှူရသောကောင်းမှု၊ ဆုတောင်းစာများကို ရေးသားလေ့ရှိသည်။ စာစည်းကြိုးသည် ရဟန်းတော်များဝတ်ဆင်သည့် ခါးပန်းကြိုးနှင့်တူပြီး ၁၅ ပေအထိရှည်သော စာစည်းကြိုးများပင် ရှိခဲ့သည်။ စာစည်းကြိုးများကို အရောင်သွင်းခြင်း၊ စာလုံးဖော်ခြင်းများ ပြုလုပ်ကြသည်။

**ပုရပိုက်**

ရှေးခေတ် စာမှတ်တမ်းများကို ပေပုရပိုက်ဟုခေါ်ဆိုကြသော်လည်း ပုရပိုက်သည် ပေနှင့်မတူဘဲ စာရေးသားရန်ခေါက်၍ထပ်ထားသော စက္ကူဖြစ်သည်။ ပုရပိုက်ဖြူ၊ ပုရပိုက်နက်၊ ယွန်းပေါင်ပုရပိုက်တို့အပြင် ရွှေ၊ ငွေ၊ ကြေး ပုရပိုက်များလည်းရှိသည်။

ရှေးခေတ်က အယူဝါဒနှင့်သက်ဆိုင်သည့်စာများကို ပေရွက်တွင် ရေးသားလေ့ရှိခဲ့ပြီး အုပ်ချုပ်ရေးဆိုင်ရာ စစ်တမ်း၊ မှတ်တမ်း၊ ဆုံးဖြတ်ချက်၊ အမိန့်စသည်တို့ကို ပုရပိုက်တွင် ရေးသားလေ့ရှိခဲ့သည်။ ထို့ကြောင့် အင်းဝခေတ်စာဆိုရှင် အဂ္ဂသမာဓိ (အေဒီ ၁၄၇၉-၁၅၅၂) က နေမိဘုံခန်းပျို့တွင် ကြေးပုရပိုက်၊ သိုက်သိုက်ချပ်ချပ်၊ အုပ်အုပ်ဖုံးဖုံး၊ စာလုံးကြွေ့ကြွေ့မင်သေ့လုလု၊ ပီသအက္ခရာ၊ မင်းစဉ်စာသို့ဟု ရေးဖွဲ့ခဲ့သည်။

ပုရပိုက်သည်ယေဘုယျအားဖြင့် ၁၈ လက်မအကျယ်ရှိသည့် စက္ကူအရှည်ကို လေးလက်မခွဲအရွယ် ဘယ်တစ်ပြန်၊ ညာတစ်ပြန် ဘာဂျာပုံခေါက်ထားသည့် စာရွက်ခေါက်ဖြစ်ပြီး ခေါက်ထားပြီးသည့် ပုရပိုက်တစ်ခုသည် အရှည် ၁၈ လက်မ၊ အနံ ၈ လက်မ ဝန်းကျင်ရှိကာ အလွှာ ၃၂ လွှာရှိသည်။ ပုရပိုက်ကို စာအုပ်ကဲ့သို့ တစ်လွှာချင်းဖတ်နိုင်သကဲ့သို့ ဘာဂျာသဏ္ဌာန် ဆွဲဆန့်၍လည်း ဖတ်နိုင်သည်။ အငယ်ဆုံးပုရပိုက်သည် အလျား သုံးလက်မ၊ အနံတစ်လက်မရှိကာ အထူ ၂၄ လွှာ၊ စာမျက်နှာ ၄၈ မျက်နှာရှိသည်။

ရွှေ၊ ငွေ၊ ကြေးနီတို့ဖြင့် ပြုလုပ်ထားသည့် ပုရပိုက်များကို စေတီဘုရားများတွင် ဌာပနာအဖြစ် ထည့်သွင်းရန် အသုံးပြုသည်။ ပုရပိုက်ဖြူသည် ဝါကြန့်ကြန့်အရောင်ရှိပြီး ပုရပိုက်ဖြူပေါ်တွင် စာများကို မင်ဖြင့်ရေးသားလေ့ရှိကာ ရောင်စုံရုပ်ပုံများကိုလည်း ရေးဆွဲနိုင်သည်။ ပုရပိုက်အနက်ပေါ်တွင် ကံ့ကူဆံဖြင့် ရေးထားသောစာများကို သင်ပုန်းတွင်ရေးထားသည့် စာများကဲ့သို့ အလွယ်တကူဖျက်နိုင်သည်။ ပုရပိုက်အနက်သည် တန်ဖိုးနည်းသဖြင့် အသုံးများပြီး ပုရပိုက်ဖြူပေါ်တွင် အချောမရေးသားမီ ပုရပိုက်နက်တွင် အကြမ်းရေးသားလေ့ရှိခဲ့ကြသည်။ ယေဘုယျအားဖြင့် ပုရပိုက်နက်များသည် နှစ် ၁၅၀ ခံ၍ ပုရပိုက်ဖြူများသည် နှစ် ၄၀၀ အထိခံကြောင်း သိရှိရပေသည်။

ပုရပိုက်အဖြူပေါ်တွင် အဖြူရောင်မှလွဲ၍ ကျန်အရောင်များဖြင့် စာများရေးသားခြင်း၊ ပုံများရေးဆွဲခြင်းကို ပြုလုပ်ကြသည်။ ပုရပိုက်ဖြူကို စာမရေးသားမီ ချောမွတ်စေရန် ခုံညင်းဖြင့်တိုက်ပြီးမှ အနက်၊ အနီ၊ အပြာ၊ အစိမ်း အစရှိသော ဆေးရောင်များ၊ ရွှေမင်၊ ငွေမင်များဖြင့် ရေးသားခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ပုရပိုက်များကို မည်သည့်အချိန်တွင် စတင်သုံးစွဲခဲ့သည်ဟု မသိရှိသေးသော်လည်း ပုရပိုက်သုံးစွဲခဲ့သည့် အစောဆုံးအထောက်အထားမှာ ပုဂံ တောင်ဘီလူး ရွှေကွန်ချာတံတိုင်းအတွင်းရှိ လေးမျက်နှာကျောက်စာ၊ တောင်ဘက်မျက်နှာ စာကြောင်းရေ ၂၉ နှင့် ၃၀ တွင် ရေးထိုးထားသည့် သင်ပုန်း၂၊ ပုရပိုက် ၁၊ ကံ့ကူဆံ ၅ ဟူသည့် အထောက်အထားဖြစ်ပေသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းယူကာ သီပေါမင်းပါတော်မူပြီးနောက် မင်းခမ်းတော်များအပါအဝင် မြန်မာ့နန်းတွင်း အဖိုးတန်ပစ္စည်းများသည် များစွာပျက်စီး၊ ပျောက်ပျက်ဆုံးရှုံးခဲ့သည်။ မြန်မာနိုင်ငံကို သိမ်းယူပြီးချိန်တွင် ရတနာပုံနန်းတွင်းမှပစ္စည်းများကို ထိန်းသိမ်းရန် တာဝန်ယူခဲ့သည့် ရစ်ချပ်တင်ပဲလ်(Richard Temple)သည် မြန်မာတို့၏ ထီးသုံးနန်းသုံး အရိုးအစဉ် နေထိုင်ပြောဆိုသုံးစွဲပုံ ဓလေ့များကို အလွန်စိတ်ဝင်စားခဲ့သည်။ ထို့ကြောင့် မင်းကြီးဦးကောင်းနှင့် မင်းကြီး၏လက်စွဲဝန်ထောက် ဦးလတ်တို့ကို မေးမြန်းကာ ပန်းချီပုံများပါဝင်သည့် မှတ်တမ်းတစ်ခုကိုရေးသားစေခဲ့သဖြင့် ရွှေနန်းလက်သုံးပုံ ပုရပိုက်ဖြူတစ်ဆူ ပေါ်ထွက်ခဲ့သည်။

ရှေးခေတ်က မြန်မာများသည် ပုရပိုက်များကို တွင်ကျယ်စွာအသုံးပြုခဲ့ကြပြီး ပုရပိုက်များတွင် အိမ်သုံးစာရင်းများမှစ၍ ဘုရားတရားစာများအထိ မှတ်သားခဲ့ကြသည်။ ပုရပိုက်ကို မှတ်စုများသဖွယ် သုံးခဲ့ကြသဖြင့် ဇာတ်ချင်းများ၊ ဆေးမြီးတိုများ၊ ဥယျာဉ် ခြံမြေစာရင်းများစသည်ဖြင့် အကြောင်းအရာမျိုးစုံကို မှတ်သားခဲ့ကြသည်။

ပုရပိုက်မှတ်တမ်းများသည် တစ်နိုင်လုံးအတိုင်းအတာဖြင့် အလွန်များပြားစွာရှိခဲ့သည်။ နန်းတော်အတွင်းရှိ ပေ၊ ပုရပိုက်များကို က၊ ကာ၊ ကိ၊ ကီစသည်ဖြင့် မြန်မာအက္ခရာဝလိစဉ်အတိုင်း အမှတ်စဉ် မှတ်ထားသည့် သေတ္တာကြီးများတွင် တည့်သွင်းသိမ်းဆည်းခဲ့သည်။ ဗြိတိသျှတို့က မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် ပေ၊ ပုရပိုက်များကို ဗြိတိန်နိုင်ငံသို့ ယူဆောင်သွားခဲ့ကြသည်။ နန်းတွင်း ပေ၊ ပုရပိုက်များကို မှတ်တမ်းပြုနိုင်ရန် SPG (Society for the Propagation of the Gopel) သာသနာပြုပုဂ္ဂိုလ် James A. Colbeck အား တာဝန်ပေးခဲ့သည်။ မန္တလေးနန်းတွင်းလွှတ်တော် ပိဋကတ်တိုက်၊ နန်းတွင်းပိဋကတ်တိုက်၊ ဘုရင့်ပိဋကတ်တိုက်နှင့် တောင်ခြေပိဋကတ်တိုက်တို့တွင် ပေ၊ ပုရပိုက်များစွာ ရှိခဲ့သည်။ မန္တလေးနန်းတွင်းပိဋကတ်တိုက်ထဲမှ ပေ၊ ပုရပိုက်များကို ရန်ကုန်အတွင်းဝန်များရုံးသို့ လှည်းအစီး ၄၀ ကျော်ဖြင့် သယ်ယူခဲ့ရာ ပုဂံဝန်ထောက်ဦးတင် ပြုစုခဲ့သည့် စာရင်းအရ အဆူပေါင်း ၂၁၈၆၀ ဖြစ်ပေသည်။

**ပေ၊ ပုရပိုက်များ ထိန်းသိမ်းရေး**

သမိုင်းမှတ်တမ်း ပေ၊ ပုရပိုက်များကို စာကြည့်တိုက်များတွင် အများဆုံး ထိန်းသိမ်းထားပြီး ပျက်စီးမှုမရှိစေရန် စောင့်ရှောက်ထားရပေသည်။ ပေစာများပျက်စီးနိုင်သည့် အဓိကအချက်များတွင် ရာသီဥတု ပူပြင်းလွန်းခြင်း၊ စွတ်စိုလွန်းခြင်း၊ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်း၊ စွတ်စိုခြင်း၊ လေလုံလွန်းခြင်း၊ ဖုန်မှုန့်နှင့် အင်းဆက်ပိုးများ ဖျက်ဆီးခြင်း၊ ကာလရှည်ကြာစွာ အသုံးမပြုခြင်းနှင့် ဆေးဝါးများ မသုံးစွဲခြင်းတို့ ပါဝင်သည်။

ပူပြင်းလွန်းသည့်ဒဏ်ကို ကာကွယ်နိုင်ရန် ခေတ်မီစာကြည့်တိုက်များတွင် ပေစာများကို လေအေးစက်တပ်ဆင်ထားသည့် အခန်းများတွင်သာ ထားရှိကြသည်။ စွတ်စိုမှု နည်းပါးစေရန် ရေငွေ့စုပ်စက်များ တပ်ဆင်ကြသည်လည်းရှိသည်။ ပေထုပ်များပေါ်သို့ နေရောင်ခြည် တိုက်ရိုက်မကျရောက်စေရန် ပေထုပ်များထားရှိသည့် ဗီရို၊ စာတိုက်၊ သေတ္တာများအနီးရှိ ပြတင်းများကို ယင်းလိပ်၊ လိုက်ကာ စသည်တို့ဖြင့် ကာရံထားကြရသည်။

ပေထုပ်များကို စွတ်စိုမှုမှကာကွယ်ရန်နှင့် မိုးရေမထိတွေ့စေရန် ခြောက်သွေ့သောနေရာတွင်သာ ထားရှိကြရသည်။ ပေစာထုပ်ခန်းသည် အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းစွာရရှိသည့် အခန်းဖြစ်ရန် လိုအပ်သည်။ အင်းဆက်ပိုးများအန္တရာယ်မှ ကာကွယ်ရန် ပိုးသတ်ဆေးများကို အသုံးပြုသကဲ့သို့ ဖုန်များကိုလည်း ပုံမှန်ရှင်းလင်းပေးရသည်။ စာဗီရိုများအောက်တွင် ရေနံခွက်များခံခြင်း၊ ပရုတ်လုံးများထားရှိခြင်း၊ နံရံအခြေတွင် ပိုးသတ်ဆေးပက်ဖျန်းခြင်းတို့ကို ဆောင်ရွက်ကြရသည်။

ပေစာများသည် ကြာရှည်ထိတွေ့ကိုင်တွယ်ခြင်းမရှိလျှင် ပိုးမွှားအန္တရာယ် ကျရောက်နိုင်သဖြင့် ပေထုပ်များကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ဖြည်၍ လေသလပ်စေကာ ဝက်မှင်ဘီးဖြင့် ဖုန်များ၊ ပိုးမွှားများကို ရှင်းလင်းပေးရသည်။ ပေရွက်များကျိုးနေလျှင် ကျိုးသောနေရာကို ငုံ၍ ဝါးနှီးပါးနှစ်ချပ်ဖြင့်ညှပ်ပြီး ချုပ်ရသကဲ့သို့ အလျားလိုက်ကွဲလျှင် အကွဲထိပ်ကို ဝါးနှီးပါးဖြင့်ညှပ်၍ ကန့်လန့်ဖြတ် ချုပ်ကြရသည်။ ခေတ်မီစာကြည့်တိုက်များတွင် ပေစာများ ကျိုးကွဲပါက ခေတ်မီကော်များဖြင့် ဆက်စပ်ပေးကြသည်။

ပုရပိုက်များသည် ရေငွေ့နှင့် ထိကာ အရွက်များပူးကပ်နေလျှင် ဝါးစပါးပါးဖြင့် ခွာယူရသည်။ ပုရပိုက်တွင်ရေးသားထားသည့် စာလုံးများ မှေးမှိန်နေပါက စာလုံးဟောင်းများပေါ်တွင် ကံ့ကူဆံဖြင့် ထပ်ရေးကာ ထမင်းရည်ကျဲကျဲဖြင့် သုတ်ပေးရသည်။ ပြတ်နေသည့်ပုရပိုက်များကို ယခင်က မိုင်းကိုင်စက္ကူများဖြင့် ဆက်ခဲ့ကြသော်လည်း ယခုအခါတွင် ခေတ်မီတိပ်များဖြင့် ဆက်လေ့ရှိကြပေသည်။

ယခုအခါ၌ ပုရပိုက်များကို သုံးစွဲမှုမရှိတော့သော်လည်း ယင်းတို့သည် အတိတ်ကာလက မြန်မာနိုင်ငံတွင် သာမန်ပြည်သူများမှအစ နန်းတွင်းအထိ သုံးစွဲခဲ့ကြသဖြင့် အလွန်အဖိုးထိုက်သည့် ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်ကြသည်။ ပေ၊ ပုရပိုက်များကို ကျေးလက်များရှိ အချို့သော ဘုန်းတော်ကြီးကျောင်းများတွင် ယနေ့တိုင် ထိန်းသိမ်းထားသကဲ့သို့ စာကြည့်တိုက်များတွင်လည်း ကောင်းမွန်စွာ ထိန်းသိမ်းထားရှိပေသည်။

တိုင်းပြည်တစ်ခု၏ ကဏ္ဍစုံမှတ်တမ်းများကို ပြုစုထားသည့် ပေ၊ ပုရပိုက်များသည် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးရခြင်းများရှိခဲ့ရာ မြန်မာ့ရိုးရာအမွေအနှစ် ရှေးဟောင်းပေ၊ ပုရပိုက်များအား မြတ်နိုးတန်ဖိုးထားလျက် ရှာဖွေ၊ ထိန်းသိမ်း၊ လေ့လာမှုများကို ဆက်လက်ဆောင်ရွက်ကြခြင်းဖြင့် သမိုင်းမှတ်တမ်းများကို စုဆောင်းထိန်းသိမ်းထားပြီး ဖြစ်ပေသည်။ ။

**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၀)**
**(၂) ရှေးဟောင်းပေစာပုရပိုက်စာ(ဦးမြတ်ကျော်)**
**(၃) ဘီလပ်ရောက် ပေ၊ပုရပိုက်များ(ဝင်းတင့်)**
**(၄) ပေစာများ ထိန်းသိမ်းပြုပြင်ခြင်း(ဦးညွန့်မောင်)**

# စပါးခွံမှ လောင်စာမီးသွေးတောင့်ထုတ်လုပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရွှေဘို ဇန်နဝါရီ ၂၉**



စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းတစ်ခုဖြစ်သည့် စပါးခွံမှ တစ်ဆင့် ထင်းအစားထိုးလောင်စာဖြစ်သည့် လောင်စာမီးသွေးတောင့်များ ထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရွှေဘိုမြို့ စက်မှုဇုန်ခန်းမ၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် ရွှေဘိုမြို့နယ် ဆန်စက်ပိုင်များအသင်းတို့ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသော တန်ဖိုးမြှင့် Value-added ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် သဘာဝသယံဇာတပြုန်းတီးမှုမှ ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"စပါးခွံလောင်စာတောင့်ကို အိမ်နီးချင်းနိုင်ငံတွေမှာ လွန်ခဲ့သောဆယ်စုနှစ်ကတည်းက တွင်ကျယ်စွာ အသုံးပြုလျက်ရှိပါတယ်၊ စပါးခွံလောင်စာတောင့် သုံးစွဲခြင်းဖြင့် သစ်တောတွေပြုန်းတီးမှုကို ကာကွယ်ရာရောက်ပြီး အဖိုးအခသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ခြင်းအပြင် များစွာသော အကျိုးအမြတ်တွေ ရရှိမှာဖြစ်ပါတယ်၊ ရွှေဘိုခရိုင်က တစ်နှစ်ပတ်လုံး စပါးကို အဓိကထားစိုက်ပျိုးတာကြောင့် စွန့်ပစ်ပစ္စည်း စပါးခွံကို စပါးခွံလောင်စာတောင့်အဖြစ် စီးပွားဖြစ်လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်"ဟု ရွှေဘိုစက်မှုဇုန်မှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စပါးခွံလောင်စာတောင့် သုံးစွဲခြင်းကြောင့် အသုံးပြုသူများအနေဖြင့် ထင်းမီးသွေးများ အသုံးပြုခြင်းထက် စျေးနှုန်းထက်ဝက် သက်သာစေသလို ထင်းမီးသွေးလောင်စာတောင့်များမှ ရရှိသော မီးရှိန်ဖြင့် ထပ်မံချက်ပြုတ်နိုင်ကြောင်း၊ စပါးခွံလောင်စာတောင့်၏ မီးအပူပြင်းအားသည်(4500k cal/kg)ရှိသောကြောင့် သာမန် ထင်းမီးသွေးများထက် လောင်ကျွမ်းအားလည်း ပိုမိုကောင်းမွန်သည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။ ထို့အပြင် စွန့်ပစ်စပါးခွံကို ကုန်ကြမ်းအဖြစ်သုံးထားသောကြောင့် သစ်တောပြုန်းတီးခြင်းကို ထိန်းသိမ်းရာရောက်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း အတိုင်းအတာတစ်ခုအထိ လျော့ပါးအောင် ကာကွယ်နိုင်မည်ဖြစ်ကြောင်း အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားချက်များအရ သိရသည်။

**ရွှေဘို (ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုမည့် မယ်ဆည်နမ်ရေလွှဲဆည် တည်ဆောက်လျက်ရှိ

**မယ်စဲ့ ဇန်နဝါရီ ၂၉**

ကယားပြည်နယ်အတွင်းမှ ဒေသခံတောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးစေရေးအတွက် မယ်စဲ့မြို့နယ် မယ်ဆည်နမ်ရွာအနီး မယ်ဖချောင်းပေါ်၌ မယ်ဆည်နမ်ရေလွှဲဆည်နှင့် ရေပေးမြောင်းများကို ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မယ်ဖချောင်းမှာ ရေဆင်းဧရိယာကြီးမားသော ချောင်းတစ်ခုဖြစ်ပြီး မိုးတွင်းကာလတွင် တောင်ကျရေများ ရံဖန်ရံခါ စီးဆင်းဝင်ရောက်သောချောင်းဖြစ်ရာ ရေလွှဲဆည် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)မှ ဒီဇိုင်းပညာရှင်များဖြင့် တိုင်းတာတွက်ချက် ဒီဇိုင်းဆွဲကာ ကွန်ကရစ်ရေလွှဲဆည်အဖြစ် ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်းက စတင်တည်ဆောက်နေခြင်းဖြစ်သည်။ မယ်ဆည်နမ်ရေလွှဲဆည်သည် အလျား ၁၄၇ ပေ၊ အကျယ် ၈၅ ပေ၊ အမြင့် ၃ ပေ ရှိပြီး ရေပေးတူးမြောင်း အလျား ပေ ၅၀၀၀ ရှိကာ ရေပေးတူးမြောင်းပေါ်တွင် အလျား ၃၅ ပေ၊ အကျယ် ၃ ပေ၊ အမြင့် ၃ ပေရှိ ရေသွယ်လျှောက်တစ်ခု၊ အကျယ် ၃ပေ၊ အမြင့် ၃ ပေရှိ ရေကျအဆောက်အအုံတစ်လုံးတို့ကို ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။

အဆိုပါရေလွှဲဆည်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေမှ ငွေကျပ် ၁၉၉ ဒသမ ၇၅ သန်း အကုန်အကျခံကာ ဆောင်ရွက်လျက်ရှိပြီး ယခုနှစ် မတ်လထဲတွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများမှာ ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ဆည်တည်ဆောက်ရေးလုပ်ငန်းများအားလုံး ပြီးစီးသွားပါက လယ်မြေဧက ၁၃၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သောကြောင့် ဒေသဖွံ့ဖြိုးရေးအတွက် အလွန်အကျိုးရှိသော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်၏ ပြောကြားချက်အရ သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

## လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်ပြီး စီးပွားဖြစ် စပါးမျိုးသန့်ထုတ်လုပ်ခြင်းအကြောင်း ရှင်းလင်း

**လောက်ကိုင် ဇန်နဝါရီ ၂၉**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ကျေးရွာများသို့ လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် စီးပွားဖြစ်စပါးမျိုးသန့် ထုတ်လုပ်ခြင်း အသိပညာပေး ရှင်းလင်းပွဲကို ဇန်နဝါရီ ၂၇ ရက်က ဘက်စုံအဆင့်မြင့်နည်းပညာသုံး ဆီအောစံပြကျေးရွာ၌ ကျင်းပသည်။



စက်ကိရိယာများပေးအပ်ပွဲတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်နှင့်ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်မျိုးမင်းသန့်တို့က အမှာစကားပြောကြားပြီး လောက်ကိုင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုင်းသန်းအောင်က ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆီအောကျေးရွာအတွက် စပါးရိတ်စက် တစ်စီး၊ ခြွေလှေ့စက်တစ်စုံနှင့် ရိတ်သိမ်းခြွေလှေ့စက်(Combine Harvester) တစ်စီးတို့ကို ဦးစီးအဖွဲ့ဥက္ကဋ္ဌက ကျေးရွာကော်မတီထံသို့ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒေသခံတောင်သူများက ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆီအောစံပြကျေးရွာ အကျိုးဆောင်တောင်သူများ ပူးပေါင်းထုတ်လုပ်ခဲ့သည့် စီးပွားဖြစ် စပါးမျိုးသန့် မျိုးစေ့နှင့် ဆန်နမူနာများ၊ စံပြကျေးရွာ၏လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လုပ်သားများ ကျွမ်းကျင်မှုတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**ပုသိမ် ဇန်နဝါရီ ၂၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ကြီးမှူး၍ မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ wen ဟိုတယ်၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။



အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က မြန်မာနိုင်ငံတွင်လုပ်ကိုင်နေသော လုပ်ငန်းရှင်များသည် ကျွမ်းကျင်လုပ်သားများ လိုအပ်နေကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေး၊ ပြည်ပမှဝင်ရောက်လာမည့် နိုင်ငံခြားသားလုပ်သားများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေးတို့အတွက် အထူးပင် အရေးကြီးကြောင်း၊ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအတွက်လည်း အရေးကြီးသည့်အခန်းကဏ္ဍကို ရောက်ရှိလာပြီဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ခိုင်မြဲစေရေးအတွက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့် ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်လာကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ဆောင်ရွက်နေမှုများ၊ ဟိုတယ်လုပ်ငန်း ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ စျေးကွက်တွင် အလားအလာရှိသော အလုပ်အကိုင်များ၊ ကျွမ်းကျင်လုပ်သားရရှိရေးအတွက် စစ်ဆေးအကဲဖြတ်နိုင်မည့် အလုပ်အကိုင်များ၊ ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်နိုင်မှု အကြံပြုချက်များကို အုပ်စုများဖွဲ့၍ ဆွေးနွေးကာ အုပ်စုတစ်စုချင်းစီ၏ ဆွေးနွေးချက်ရလဒ်များနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးမှုရလဒ်များအပေါ် သုံးသပ်ပြောကြားခဲ့သည်။

**မောင်မောင်မြင့် ( ပြန် /ဆက်)**

## ရွှေဘိုတက္ကသိုလ်နှင့် အထက(၃) တို့တွင် မူခင်းအသိပညာပေး

**ရွှေဘို ဇန်နဝါရီ ၂၉**

ရွှေဘိုခရိုင် ရဲတပ်ဖွဲ့နှင့် ရွှေဘိုခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်းပြီး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက်က ရွှေဘိုတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင်ကျင်းပရာ ရွှေဘိုခရိုင် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ အငြိမ်းစားရဲမှူးကြီး အောင်ကျော်ဦးနှင့် ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး မြင့်ကျော်တို့က မြန်မာနိုင်ငံ မူးယစ်ဆေးဝါးအသင်းအကြောင်းနှင့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်းများကို လည်းကောင်း၊ စိတ်ကျန်းမာရေးနှင့် အထူးကုဆရာဝန်ကြီး ဒေါက်တာသစ်သစ်ထွန်းက စိတ်ကြွရူးသွပ်ဆေးပြားများသုံးစွဲခြင်း၏ ဆိုးကျိုးများကို လည်းကောင်း၊ အငြိမ်းစား မြို့နယ်တရားသူကြီး ဦးဝင်းမောင်က မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဥပဒေမှ ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲကလည်း ရွှေဘိုမြို့ အထက(၃) ၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသိန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဇော (ရွှေဘို)**

## သတင်းတိုများ

### မူခင်းကျဆင်းရေးအသိပညာပေးဟောပြော

မွန်ပြည်နယ် မုဒုံမြို့နယ် ဒုရဲမှူးခင်မောင်ထွန်း ဦးဆောင်သော မူခင်းအသိပညာပေး ပြခန်း မော်တော်ယာဉ်သည် ဇန်နဝါရီ ၂၈ ရက်က မုဒုံမြို့နယ် ကွမ်းတာကျေးရွာရှေ့ ဖူးရှင်း ရော်ဘာရောင်းဝယ်ရေးကုမ္ပဏီဝင်းအတွင်း ရော်ဘာသိုလှောင်ရုံ၌ မူခင်း အသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေးနှင့်ပတ်သက်၍ လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေများ၊ သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်သော မူခင်းဖြစ်စဉ်အခြေအနေများကို လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်များကို လည်းကောင်း၊ လူကုန်ကူးမှုခံရခြင်းနှင့်ပတ်သက်၍ လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြသည်ဟု သိရသည်။

**မော်လမြိုင်(ကိုယ်ပွား)**

### လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မော်လိုက်ခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ ဇန်နဝါရီ ၂၈ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြီးမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များက လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုနှင့် အခြားမူခင်းများ မဖြစ်ပွားစေရေးအတွက် လက်ရှိဖြစ်ပွားနေသော မူခင်းများကို သာဓကထား၍ အသိပညာပေးဟောပြောခဲ့ကြကာ ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြသည်။

**မော်လိုက်သားလေး**

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအသိပညာပေးဟောပြော

ဂန့်ဂေါမြို့နေ ပြည်သူများ သိရှိလိုက်နာနိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ ဇန်နဝါရီ ၂၆ ရက်က မြစ်သာခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိဦးချစ်ကောင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများကိုလည်းကောင်း ပညာပေးဟောပြောကာ အမှတ် (၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲတပ်ကြပ်ကြီးသန်းထိုက်နှင့်အဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သရုပ်ပြ ရှင်းလင်းခဲ့သည်။ **(၁၀၁)**



## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

(၂၀၁၈-၂၀၂၁)ခုနှစ်၊ ပဉ္စမသက်တမ်းအတွက် အလုပ်အမှုဆောင်နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏

အသိပေးကြေညာချက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းများအသင်းတွင် အသင်းသားပေါင်းစာရင်းအရ (၁၀၄၀၀)တစ်သောင်းလေးရာခန့်ရှိနေကြောင်း သိရပါသည်။ (စတုတ္ထ)သက်တမ်းစတင်ကျင်းပသည့် ၂၀၁၄ ခုနှစ်မှစ၍ ယခု ၂၀၁၈ ခုနှစ်အထိ (၃)နှစ်ကာလအတွင်း အသင်းချုပ်သည် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတို့တွင် နားလည်မှုသဘောမျိုးဖြင့်သာ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်သင်းနှင့်တစ်သင်း အငြင်းပွားမှုများဖြင့်သာ (၃)နှစ်တာကာလပြီးဆုံးခဲ့သော်လည်း အငြင်းပွားမှုများမှာ ဆုံးခန်းတိုင်မှု မရှိခဲ့ပါ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဆန္ဒကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်လေးငါးခြောက်ဦး၏ ဆန္ဒကိုသော်လည်းကောင်း၊ အသင်းတစ်ချို့၏ ဆန္ဒကိုသော်လည်းကောင်း၊ ကော်မရှင်အနေဖြင့် လုံးဝလိုက်လျောဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါ။ အသင်းသားအားလုံး၏ အကျိုးစီးပွားထိခိုက်မှုမရှိစေရန်နှင့် အသင်းသားအားလုံး တပြေးညီ အကျိုးခံစားခွင့်ရှိစေရန်အတွက် အဖက်ဖက်မှ စဉ်းစားသုံးသပ်၍ စည်းကမ်းချက်များကို သတ်မှတ်ရခြင်းဖြစ်ပါသည်။

ကော်မရှင်၏ အဓိကတာဝန်မှာ တရားမျှတသော ရွေးချယ်တင်မြှောက်ပွဲဖြစ်မြောက်ရန် တာဝန်ရှိခြင်းသာဖြစ်ပြီး အသင်း၏တည်ဆဲဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများကို ပြင်ဆင်ဖြည့်စွက်ရန်မှာ ကော်မရှင်တွင် လုံးဝတာဝန်မရှိပါ။ အသင်းချုပ်၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို ပြင်ဆင်ရမည့်တာဝန်သည် အသင်း၏တာဝန်သာဖြစ်ပါသည်။ ကော်မရှင်၏သက်တမ်းမှာလည်း ရွေးချယ်တင်မြှောက်ပွဲမကျင်းပမီနှင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပပြီး ရာထူးအလိုက် အတည်ပြုပေးရန်နှင့် ကျမ်းကြိမ်ဆိုမှုပြုလုပ်သည့် နေ့အထိသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (၂၀၁၈-၂၀၂၁)ခုနှစ်၊ ပဉ္စမသက်တမ်းအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏ (၁၉-၁-၂၀၁၈)နေ့ နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ အစည်းအဝေးခန်းမတွင်ကျင်းပသော (ဒုတိယ)အကြိမ် အစည်းအဝေးဆုံးဖြတ်ချက်နှင့် (၂၈. ၁. ၂၀၁၈)ရက်နေ့ ရန်ကုန်(ကမ္ဘာအေး) မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမအစည်းအဝေးခန်းမတွင် ကျင်းပသော(တတိယ)အကြိမ် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ **စည်းကမ်းချက်များအား အောက်ပါအတိုင်း သတ်မှတ်ပါသည်–**

၁။ (၂၀၁၈-၂၀၂၁)ခုနှစ်၊ ပဉ္စမသက်တမ်းအတွက် အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ်(၂၂)အရ အလုပ်အမှုဆောင်အဖွဲ့ကို (၉၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပါသည်။ ယခုရွေးချယ်တင်မြှောက်ပွဲတွင် ဥက္ကဋ္ဌမှစ၍ အလုပ်အမှုဆောင်အထိ (၆၅)ဦး ရွေးချယ်ပါမည်။ ကျန်(၃၀)ဦးမှာ နယ်အသင်းခွဲ(၆)ခုမှ (၅)ဦးစီ PRအနေဖြင့် ပါဝင်ဖွဲ့စည်းမည်ဖြစ်သည်။

၂။ အလုပ်အမှုဆောင်အဖြစ် အရွေးချယ်ခံလိုသောအသင်းသားသည် ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်က သတ်မှတ်လိုက်သော စည်းကမ်းချက်များနှင့်ကိုက်ညီလျှင် အသင်းသားများအားလုံး ဝင်ရောက်အရွေးချယ်ခံခွင့်ရှိသည်။

၃။ ဥက္ကဋ္ဌအဖြစ် ကိုယ်တိုင်ဆန္ဒပြုထားသူများအား မဲစနစ်ဖြင့် မဲအရေအတွက် အများဆုံးရရှိသူကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ပါမည်။ ဥက္ကဋ္ဌအဖြစ်ဝင်ရောက်အရွေးချယ်ခံခဲ့ပြီး သူများထဲမှ ဒုတိယဥက္ကဋ္ဌအဖြစ် ဆက်လက်အရွေးချယ်ခံလိုသူများနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကိုယ်တိုင်ဆန္ဒပြုထားသူများပေါင်းပြီး၊ ဒုတိယဥက္ကဋ္ဌ(၆)နေရာအတွက် မဲရရှိမှုအပေါ် မူတည်၍ မဲအရေအတွက်အလိုက် ထပ်မံရွေးချယ်ပါမည်။ ဒုတိယဥက္ကဋ္ဌနေရာတွင် ရွေးချယ်ခြင်းမခံရပါက ကျန်အလုပ်အမှုဆောင်နေရာများသို့ ဆက်လက်အရွေးချယ်ခံခွင့်မရှိပါ။

၄။ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးနေရာများအတွက် ကိုယ်တိုင်ဆန္ဒပြုထားသူများအား အတွင်းရေးမှူး(၁) (၂) (၃) နှင့် တွဲဖက်အတွင်းရေးမှူး (၁) (၂) (၃)၊ ပေါင်း (၆)နေရာကို မဲ အနည်း/များအလိုက် တစ်ပြိုင်တည်း ရွေးချယ်ပါမည်။

၅။ ကျန်အလုပ်အမှုဆောင် (၅၂)နေရာအတွက် ကိုယ်တိုင်ဆန္ဒပြုထားသူများအား မဲ အနည်း/များ အလိုက် ဗဟိုအလုပ်အမှုဆောင် (၂၂)နေရာနှင့် အလုပ်အမှုဆောင် (၃၀)နေရာတို့ကို တစ်ပြိုင်တည်းရွေးချယ်ပါမည်။

၆။ ကျောက်မျက်ကုမ္ပဏီမှဖြစ်စေ၊ ကျောက်မျက်သမအသင်းမှဖြစ်စေ၊ အသင်းသားတစ်ဦးစီသာ ဝင်ရောက်ရွေးချယ်ခံခွင့်ရှိသည်။

၇။ အလုပ်အမှုဆောင်(၆၅)နေရာ၌ ဝင်ရောက်အရွေးချယ်ခံလိုသောအသင်းသားများအတွက် အောက်ပါအရည်အချင်းစည်းကမ်းချက်များနှင့် ကိုက်ညီရပါမည်။

**လိုအပ်သောအရည်အချင်းများ**

(က) အသင်းသားသည်(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)နေ့မတိုင်မီ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင်ထားသူဖြစ်ရမည်။ (၂၀၁၈ ခုနှစ်အထိ အသင်းသားကဒ်သက်တမ်းတိုးပြီးဖြစ်ရမည်)

(ခ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသော ခွင့်ပြုမိန့်(သို့မဟုတ်)လိုင်စင်ဖြင့် ကျောက်မျက်ရတနာလုပ်ငန်းတစ်ခုခုကို ဦးစီးဆောင်ရွက်လုပ်ကိုင်နေသော ပိုင်ရှင်/လုပ်ငန်းရှင်ဖြစ်ရမည်။

(ဂ) (၂၀၁၅-၂၀၁၆)စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း အထောက်အထားတင်ပြနိုင်သူ ဖြစ်ရမည်။

(ဃ) **ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး** ရာထူးတာဝန်အတွက် ရွေးချယ်ခံလိုသော အသင်းသားများသည် အထက်ဖော်ပြပါအချက်များအပြင် အောက်ဖော်ပြပါအရည်အချင်းများနှင့် ကိုက်ညီရပါမည်-

(၁) မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ်(၂၆) နှင့် (၂၇)တို့တွင် ပါရှိသောအချက်များနှင့် ကိုက်ညီရမည်။

(၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသော ခွင့်ပြုမိန့်(သို့မဟုတ်)လိုင်စင်ဖြင့် ကျောက်မျက်ရတနာလုပ်ငန်းတစ်ခုခုကို ဦးစီးဆောင်ရွက်လုပ်ကိုင်နေသော ကျောက်မျက်ကုမ္ပဏီ/ကျောက်မျက်သမအသင်းတို့၏ပိုင်ရှင်(သို့မဟုတ်)ပုံစံ ၆-၂၆/BOD စာရင်းပါဝင်သူတစ်ဦးဖြစ်ရမည်။

(၃) ဖော်ပြပါ ကျောက်မျက်ကုမ္ပဏီ/ကျောက်မျက်သမအသင်းတို့၏သက်တမ်းနှင့် BOD အဖွဲ့ဝင်တို့၏ သက်တမ်းသည်အနည်းဆုံး(၂)နှစ်ရှိရမည်ဖြစ်သည်။

၈။ **ဆန္ဒမဲပေးမည့်အသင်းသားများအတွက် လိုအပ်သောစည်းကမ်းချက်များ**

(က) ဆန္ဒမဲပေးမည့်အသင်းသားသည် ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မတိုင်မီ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင်ထားသူဖြစ်ရမည်။ (၂၀၁၈ ခုနှစ်အထိ အသင်းသားကဒ်သက်တမ်းတိုးပြီးဖြစ်ရမည်။)

(ခ) ၂၀၁၈ ခုနှစ်အထိ သက်တမ်းတိုး/သက်တမ်းရှိသော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ခွင့်ပြုမိန့်/လိုင်စင်ရှိရမည်။

(ဂ) ကုမ္ပဏီ/ကျောက်မျက်သမအသင်းအရေအတွက်များသော်လည်း ပိုင်ရှင်အမည်တစ်ဦးတည်းဖြစ်ပါက ဆန္ဒမဲပေးခွင့်/မဲလက်မှတ်တစ်ခုတည်းသာရရှိမည်ဖြစ်သည်။

၉။ ရွေးချယ်တင်မြှောက်ပွဲတွင် အလုပ်အမှုဆောင်(၆၅)နေရာ၌ ဝင်ရောက်အရွေးချယ်ခံခဲ့ပြီး ရွေးချယ်ခြင်းမခံရပါက **အဆိုပါအသင်းသားသည် နယ်အသင်းခွဲများမှ (PR) အနေဖြင့် ပြန်လည်ဝင်ရောက်ခွင့်မရှိပါ။** (နယ်အသင်းခွဲများမှ (PR)အဖြစ် ပါဝင်မည့်သူများသည် အထက်အပိုဒ် ၇(က)(ခ)(ဂ)ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်။)

၁၀။ ရွေးချယ်တင်မြှောက်ပွဲတွင် ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၁၁။ လျှောက်လွှာ(အဆိုပြုလွှာ)များကို ရန်ကုန်(ကမ္ဘာအေး)၊ နေပြည်တော်၊ မန္တလေးတို့ရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံးများတွင် ထုတ်ယူနိုင်ပါသည်။ လျှောက်လွှာ(အဆိုပြုလွှာ)များကို **(၁၆. ၂. ၂၀၁၈)နေ့၊ (၁၆း၀၀)နာရီ** နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။**(ယခင်လျှောက်ထားပြီးသူများသည် ယခုစည်းကမ်းချက်များနှင့် အညီ ပြန်လည်လျှောက်ထားရမည်။)**

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုဒ် ၃၊ အပိုဒ်ခွဲငယ်(ဇ)အရ လက်ရှိအလုပ်အမှုဆောင်အဖွဲ့၏ သက်တမ်းကာလ (၃)လပြည့်ပြီးနောက်၊ နောက်ထပ်(၃)လမှာလည်း ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ(၂၁)ရက်၊ တနင်္ဂနွေနေ့တွင် ကုန်ဆုံးသွားပြီးဖြစ်ပါသည်။ ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ်၊ မတ်လ (၁၀)ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ထားပါသည်။ ယခုကဲ့သို့ သတ်မှတ်ရခြင်းပင်လျှင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ် ၃၊ အပိုဒ်ခွဲငယ် (ဇ) သတ်မှတ်ချက်ထက်ပင် (၄၈)ရက် ကျော်လွန်သွားမည်ဖြစ်ပါသည်။ နောက်ထပ်ထပ်မံ၍ ရက်ရွှေ့ဆိုင်းရန် (လုံးဝ)မဖြစ်နိုင်တော့ပါ။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏(၂၀၁၈-၂၀၂၁)ခုနှစ်၊ ပဉ္စမသက်တမ်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ပွဲကို **(၁၀.၃. ၂၀၁၈)ရက်နေ့**တွင် နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွေးချယ်တင်မြှောက်ရေးကြီးကြပ်မှုကော်မရှင်**


telenor
အသက်သာဆုံး
၁ မိနစ်
၁၀/-နဲ့
တယ်လီနောအချင်းချင်း
သာသာယာယာ
အမြဲအတူရှိသော တယ်လီနော
*979*10#
(၁)ကြိမ်တည်း အခမဲ့ စာရင်းသွင်းပြီး
အမြဲသုံးလိုက်ပါ။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9N/2006 Nissan Caravan CWGE 25, Delivery Van (4×2) ယာဉ်လက်ဝယ်ရှိသူ Global Box International Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄င/၁၈၀၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/5132 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တောင်ကြီး**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ် ၁၄ယ/၈၈၈၇၇ ဟွန်ဒါယာဉ်လက်ဝယ်ရှိသူ ဦးတင်ကိုထွန်း ၁၃/တကန (နိုင်)၂၀၈၆၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

**ကန့်ကွက်နိုင်ပါကြောင်း**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်စက်မှုဇုန်-တိုးချဲ့(၁)၊ မြေကွက်အမှတ်(၂၁၇/၈)၊ဧရိယာ ၂၁၁မ ၁၁၉၈က နှစ်၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ Myanmar Entrepreneurs Integrated Group Co.,Ltd ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်(၄၁၄၆/၂၀၁၇) ရက်စွဲ ၁၂-၁-၁၈ တင်ပြ၍ ဦးစံသာအောင်၁၁/စတန(နိုင်)၀၄၃၀၃၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(က)၊မြေကွက်အမှတ်-၄၃၁၊ မြေကွက်တည်နေရာအမှတ်-၄၃၁၊ နွယ်သာကီ(၆)လမ်း၊ (က)ရပ်ကွက် ဦးအောင်နိုင် ၁၂/ဥကမ(နိုင်)၁၂၉၇၄၃ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးအောင်နိုင်မှ၂၀၁၀ခုနှစ် ထုတ်ယူခဲ့သော အရောင်းမြေပုံပျောက်ဆုံးကြောင်း၊ ပုဇွန်တောင်မြို့နယ် တရားရုံး၊ ကျမ်းကျိန်လွှာအမှတ်-9-130(4-9-2017) ဦးအောင်နိုင် အမည်ပေါက် ဂရန်မူရင်းတင်ပြ၍ ၄င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၇၆၄/၁၇) (၁၈-၅-၁၇)ဖြင့် ရရှိသူ ဒေါ်ဥမ္မာသိန်း ၁၂/ဥကမ(နိုင်) ၁၂၇၅၉၂မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် မြေကွက်ခွဲမြေပုံကူး လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင်နှစ်ထပ်တိုး (၂၀'× ၆၀')တွင် ဝယ်ယူထားသူ ဒေါ်နန်းကြူကြူသိန်းနေထိုင်၍ တစ်ထပ်တိုက်-တစ်ထပ်ပျဉ်တွင် လျှောက်ထားသူ ဒေါ်ဥမ္မာသိန်းနေထိုင်ပြီး(၂၀'×၆၀') ရောင်းချထားခြင်းအတွက် ဝန်ခံကတိပြုချက်တင်ပြပါဖြင့် ၄င်း၏မြေကွက်ခွဲ မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2I/4567 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃င/၆၃၆၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7I/2755 Toyota MarkII GX110, S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဒေလီမာယာ ၉/မကန(နိုင်)၀၆၈၄၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6K/7623 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာခြည်လင်း ၉/မခန(နိုင်)၂၀၆၁၁၆မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

**ကြော်ငြာစာ**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၁)၊ ဦးပိုင်အမှတ်(၃၉)၊ ၆၈လမ်းနှင့်၆၉လမ်းကြား၊ Aလမ်း Bလမ်းကြားရှိ ဦးရဲမြင့်အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးသိန်းဇော် ၁/မကတ(နိုင်)၁၀၂၀၉၂မှ မြေစလစ်၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၁၃)၊ ၅၈×၅၉လမ်းကြား၊ ၃၉×၄၀လမ်းကြားရှိ ဦးယဉ်ထွေး အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးဘတဲ၊ မိခင် ဒေါ်သက်၊ မောင်ဦးယဉ်ထွေး(လူပျိုဘ၀)တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သောအစ်မ ဒေါ်စန်းစန်းဝင်း ၉/မရတ(နိုင်)၀၅၆၄၁၆မှ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၄/နှင်းဆီကုန်း၊ မြေကွက်အမှတ် ၁၁၊ မြေကွက်တည်နေရာအမှတ် ၁၁၊ ဗေယျာသုခလမ်း၊ (၅၄/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးလှထွေး ၁၂/ပဇတ(နိုင်)၀၀၅၆၂၇၊ ဒေါ်ခင်ဆွေဆွေအေး (ခ)ဒက်ဖနီချစ်ခင် ၁၂/ပဇတ(နိုင်) ၀၀၃၁၈၀၊ ဦးတက်နေလင်းထွေး ၁၂/ပဇတ(နိုင်)၀၀၃၄၇၂၊ ဦးမိုးကျော်စိုးထွေး ၁၂/ပဇတ(နိုင်) ၀၀၃၄၇၃၊ ဦးကျော်သူထွေး ၁၂/ပဇတ(နိုင်)၀၂၅၅၈၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ(ဖခင်/ခင်ပွန်း)တော်စပ်သူ ဦးလှထွေး သည် ၁၁-၈-၂၀၁၇ရက်တွင် ကွယ်လွန်သဖြင့် ကျန်ရစ်သူ (ဇနီး/သားများ) တော်စပ်ကြသော ကျန်အမည်ပေါက် လေးဦးဖြစ်သည့် ဒေါ်ခင်ဆွေဆွေအေး(ခ) ဒက်ဖနီချစ်ခင် ၁၂/ပဇတ(နိုင်)၀၀၃၁၈၀+၃တို့မှ မြောက်ဥက္ကလာပမြို့နယ် တရားရုံး၏ကျမ်းကျိန်လွှာ (၉/၅၀၃/၁၇)၊ သေစာရင်းနှင့် ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားမြေတွင်နှစ်ထပ်တိုက်တစ်လုံးရှိပြီး လျှောက်ထားသူလေးဦးထဲမှ ဒေါ်ခင်ဆွေဆွေအေးနှင့် ဦးမိုးကျော်စိုးထွေးတို့၏ မိသားစုနေထိုင်ကြောင်း တွေ့ရှိရသဖြင့် အဆိုပါလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆F°° ၊မြေကွက်အမှတ် V ၉၆၊ မြေကွက်တည်နေရာအမှတ် ၈၊ သာဓုလမ်း၊ သာဓုအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် ဒေါ်ခင်ရီ၁၂/ကမတ(နိုင်)၀၀၄၅၅၃ အမည်ပေါက် နှစ်၆၀ မြေငှားဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်ခင်ရီသည် ၁၄-၁၂-၂၀၁၃ ရက်တွင်လည်းကောင်း၊ ဖခင်ဦးသန်းမောင်သည် ၁၈-၈-၁၉၉၇ ရက်တွင်လည်းကောင်း၊ သားသမီးများဖြစ်ကြသော ဒေါ်ခင်သန်းဦး ၁၂/ကမတ(နိုင်) ၀၀၄၅၅၆၊ ဦးခင်ဇော် ၁၂/ကမတ(နိုင်)၀၀၅၄၃၈၊ ဦးသန်းဇော် ၁၂/ကမတ(နိုင်)၀၄၃၅၂၈၊ ဦးကျော်စိုးမိုး ၁၂/ကမတ(နိုင်)၀၀၅၁၀၇၊ ဦးကံမြင့်သန်း ၁၂/ကမတ(နိုင်)၀၆၁၇၁၉၊ ဒေါ်ခင်သန်းထွေး ၁၂/ကမတ(နိုင်)၀၆၁၆၇၀၊ ဦးသန်းထွန်း ၁၂/ကမတ(နိုင်)၀၆၁၇၂၀၊ ဒေါ်ခင်သန်းဌေး ၁၂/ကမတ(နိုင်)၀၀၅၁၂၇၊ ဒေါ်ခင်သန်းအေး ၁၂/ကမတ(နိုင်)၀၂၇၂၄၇၊ ဦးခင်မော် ၁၂/ကမတ(နိုင်)၀၀၅၁၀၃၊ ဦးသိန်းဇော်မင်း ၁၂/ကမတ(နိုင်)၀၅၅၇၃၉တို့တွင် သမီး ဒေါ်ခင်သန်းဌေးသည် ၁-၁၁-၂၀၀၁ ရက်တွင်လည်းကောင်း၊ မိခင်ထက်စော၍ ကွယ်လွန်ခဲ့သဖြင့် မဆုအောင် ၁၂/ကမတ(နိုင်)၀၆၆၅၃၇၊ မထက်အောင်လှိုင် ၁၂/ကမတ(နိုင်)၀၈၂၂၅၂တို့မှ အမွေမမီမြေများတော်စပ်ကြောင်း၊ သမီးဒေါ်ခင်သန်းအေးသည် ၂၃-၁၂-၂၀၀၆ ရက်တွင် မိခင်ထက်စော၍ကွယ်လွန်ခဲ့သဖြင့် မယွန်းရွှေရည်ဦး ၁၂/ကမတ(နိုင်)၀၇၆၅၂၈မှ အမွေမမီ မြေးတော်စပ်ကြောင်း၊ သားဦးခင်မော်သည် ၁၆-၄-၂၀၁၀ရက်တွင်လည်းကောင်း မိခင်ထက်စော၍ ကွယ်လွန်ခဲ့သဖြင့် မောင်ထက်အာကာကျော် ၁၂/ဥကတ(နိုင်)၁၇၂၆၉၉တို့မှ အမွေမမီ မြေးတော်စပ်ကြောင်း၊ ဦးသိန်းဇော်မင်းမှ လူပျိုကြီးဘ၀ဖြင့် ၂၉-၉-၂၀၀၁ရက်တွင် ကွယ်လွန်ကြောင်း ကျန်သားသမီးများနှင့် ပူးတွဲ၍ သား၊ သမီး၊ အမွေမမီမြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးသန်းမောင်၏သေစာရင်းမိတ္တူမှန် ထုတ်ပေးခြင်းမပြုနိုင်ပါကြောင်း တိုင်းကျန်းမာရေးဦးစီးဌာန၏ အကြောင်းပြန်ကြားစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ် ၉၇၁၊ မြေကွက်အမှတ် (အေ-၂၂)၊ C-6 လမ်း၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၁)ရှိ ဧရိယာ ၁ယူနစ် (၅)ဧက အကျယ်အဝန်းရှိ မွေးမြူရေးပါမစ်ပါရှိသော မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ နှစ်ထပ်အိမ်တစ်လုံး၊ မီတာတစ်လုံးအပါအဝင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ညွှန့်သန်း ၁၂/သကတ(နိုင်)၁၀၂၀၁၁ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန် ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ **ဒေါ်သူဇာလင်း**

**တိုက်(၁)၊ အခန်း (၁၁)၊ ပထမထပ်၊ ဝေပုလ္လအိမ်ရာ၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၄၂၅၃၀၅၀၅၆**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ဗိုလ်ချုပ်(၃)လမ်း၊ အမှတ်၁၁၅၃ အလျားပေ၄၀×အနံပေ၆၀အကျယ်အဝန်းရှိသော ဦးသိန်းကျော်သူ အမည်ပေါက် နှစ်၆၀ ဂရန်မြေကွက်အတွင်းမှ (ခြေရင်းဘက်ခြမ်း) အလျား၂၆ပေ×အနံပေ၆၀အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ 1RC တိုက်၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ပိုင်ဇော် ၁၂/ရကန(နိုင်)၀၇၅၆၉၁၏ ဖခင် ဦးခင်မောင်ဇော် ၁၂/ရကန(နိုင်)၀၄၄၃၁၁ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်နွယ်နီအောင် LL.B, LL.M, D.I.R ဒေါ်ခိုင်ခိုင်ထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၈) အထက်တန်းရှေ့နေ(စဉ်-၄၆၉၆၄)**
**အမှတ်၂၇/ ၂၉၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊၀၉-၅၀၅၈၃၅၈**

**ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ပန်းတည်းဝန်ဦးရွှေတင်လမ်း၊ အမှတ် ၁၁၃ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (စက်မှုဇုန်-၁)၊ လူနေရပ်ကွက်အမှတ် (စက်မှုဇုန်)၊ မြေကွက်အမှတ် ၁၁၃၊ မြေဧရိယာ ၂ ဒသမ ၁၆၁၈ဧကရှိပါမစ်မြေ၊ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသည့် (၁)ဦးတင်ရွှေ ၁၃/လရန(နိုင်)၀၆၀၁၇၆၊ (၂)ဒေါ်ရန်စိုးဝီ ၁၃/လရန(နိုင်)၀၅၅၃၉၀တို့မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးရီ LL.B ဒေါ်လှလှခိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ(၄၃၇၃) တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**
**ဒေါ်နန်းယုယုအောင် LL.B**
**အထက်တန်းရှေ့နေ(၄၈၉၆၅)**
**အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁A၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**




**မြေကွက်များဈေးကောင်းပေးဝယ်လိုသည်**

ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။

**အိမ်အရောက် ငွေချေနှစ်၊ ပွဲခပေးရန်မလို**

**မည္ထ 01-2339310,01-2339355,01-578044**

**ကန့်ကွက်နိုင်ပါကြောင်း**

ဗန်းမော်မြို့၊ နောင်ခိုရပ်ကွက်၊ အကွက်အမှတ် ၁၆၇၊ ဦးပိုင်အမှတ် ၁၅၃၊ မြေဧရိယာ ၀ ဒသမ ၀၆၄ ဧကပိုင်ဆိုင်သူ ဦးအောင်လင်းဆွေ-ဒေါ်ရီရီသန်းတို့က လွန်ခဲ့သော(၁၀)နှစ်မှစတင်၍ နေထိုင်အသုံးပြုခဲ့ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဦးအောင်လင်းဆွေ ၁/ဗမန(နိုင်)၀၅၉၀၈၅ နှင့် ဒေါ်ရီရီသန်း ၁/ဗမန(နိုင်)၀၇၁၂၂၅ တို့၏အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်လင်းဆွေ၊ ဒေါ်ရီရီသန်း၊ နောင်ခိုရပ်ကွက်၊ ဗန်းမော်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/3882 Mitsubishi Canter L/T(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်လတ် ၉/အမဇ(နိုင်)၀၀၀၀၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၇ယ/၁၃၀၁ Honda Dream,M/C ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းမော် ၃/ဘအန(နိုင်)၃၀၅၈၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဘားအံမြို့)**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ဘဒ္ဒန္တပညာစာရ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)**

**သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၆)ဝါ**

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ရွာ၊ ကံယုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာစာရ မဟာထေရ်သည် (၁၃၇၉ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်) ၂၇-၁-၂၀၁၈ရက် (စနေနေ့) ည ၉း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (တပို့တွဲလပြည့်ကျော် ၁ ရက်) ၁-၂-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကံယုံကျောင်းတိုက်အတွင်း အန္တိမအဂ္ဂိစျာပနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**တပည့်သံဃာတော်များနှင့်**
**ဒါယကာ၊ ဒါယိကာမများ**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ဘဒ္ဒန္တခမာဝုဓ (မင်းဘူး-စကု)**
**(ကမ္မဋ္ဌာနာစရိယ)**
**သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၄)ဝါ**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး-စကုမြို့နယ်၊ ကျွဲတဲရွာနေ (ခမည်းတော် ဦးကျော်မြင့်-မယ်တော်ဒေါ်လှသင်)တို့၏သား၊ ဦးစံဖြိုး-(ဒေါ်တင်ရင်)တို့၏ညီ၊ ဦးကျောက်ခဲ-ဒေါ်မြစိုးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်ထက်ရပ်ကွက်၊ မလ္လကုန်းလမ်း၊ ဇေယျမင်္ဂလာ ကျောက်မြောင်းကျောင်းတိုက်ကြီး၏ ကမ္မဋ္ဌာနာစရိယဆရာတော်သည်(၁၃၇၉ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်) ၂၇-၁-၂၀၁၈ရက်(စနေနေ့) နံနက် ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ် တပို့တွဲလပြည့်နေ့) ၃၁-၁-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂ နာရီတွင် အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ရေဝေးသုသာန်၌ ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက်၍ မရဏာနုဿတိ ဘာဝနာ တရားကို အတူတကွပွားများကုသိုလ်ယူနိုင်တော်မူကြပါရန် နိုးဆော်ပါသည်။(ကျောက်မြောင်းကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ဇေယျမင်္ဂလာကျောက်မြောင်းကျောင်းတိုက်ဆရာတော်နှင့်**
**စျာပနဖြစ်မြောက်ရေးကော်မတီ**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ဘဒ္ဒန္တတိက္ခ**
**ကြွီတဲရွာမကျောင်းတိုက်**
**သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၀)ဝါ**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ကြွီးတဲကျေးရွာ၊ ကြွီးတဲရွာမကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခသည် (၁၃၇၉ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ရက်) ၂၀-၅-၂၀၁၇ရက် (စနေနေ့) နံနက် ၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တပို့တွဲလပြည့်ကျော် ၂၊ ၃၊ ၄ရက်) ၂၊ ၃၊ ၄-၂-၂၀၁၈ရက်တို့တွင် အန္တိမအဂ္ဂိစျာပနသာဓုကီဠနပွဲကို ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့်သံဃာများနှင့်**
**ဒါယကာ၊ ဒါယိကာမများ**

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊ ဒါယကာကြီး**
**ဦးအောင်ကြည် (ဖြူးမြို့)၊ မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)**
**အသက်(၉၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ပင်စင်လမ်းနေ(ဦးဖိုးလုပ်-ဒေါ်နှင်းအုံ)တို့၏သား၊ (ဒေါ်သန်းအိ)၏ခင်ပွန်း၊ ဗိုလ်မှူးကြီးစိန်ကျော့(ငြိမ်း)-ဒေါ်ကြည်ကြည်ဦး၊ (ဦးကျော်မင်းနိုင်)-ဒေါ်နုနုရီ၊ ဒုတိယဗိုလ်မှူးကြီး ကျော်ငြိမ်း(ငြိမ်း)-ဒေါ်ကြူကြူဝင်း၊ ဗိုလ်မှူးတင်ဆန်း(ငြိမ်း)(စက်ရုံမှူး၊ အင်ငါးခွဲသကြားစက်)-ဒေါ်ဥမ္မာကြည်၊ ရဲမှူးသန်းဦး(တောင်ငူမြို့နယ်ရဲတပ်ဖွဲ့မှူး)-ဒေါ်အေးအေးစံ၊ ဗိုလ်မှူးသန်းထူး(ငြိမ်း)-ဒေါ်ဝင်းစိုးမြင့်၊ (ဗိုလ်ကြီးသန်းမော်)၊ဦးသန်းဇော်(ဦးစီးအရာရှိ အကောက်ခွန်)-ဒေါ်ခင်လေးအောင်(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်)၊ဗိုလ်မှူးကြီး ကျော်ဇင်ညွှန့်-ဒေါ်မြတ်လေးငယ်တို့၏ဖခင်၊ မြေး၁၆ယောက်၊ မြစ်ကိုးယောက်၊ တီတစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၈-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၃း၅၃နာရီတွင် မော်ဘီမြို့၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၈ရက် မွန်းလွဲ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀၊ မင်္ဂလာဒုံ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဦးဇော်ဝင်း အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ် ၁၂၊ သုံးလွှာနေ(ဦးသောင်းရွှေ-ဒေါ်တင်ညွှန့်)တို့၏တစ်ဦးတည်းသောသား၊ (ဦးဝဏ္ဏ-ဒေါ်ခင်လှိုင်)တို့သားသမက်၊ ဒေါ်မြင့်မာ၏ ခင်ပွန်း၊ ဒေါက်တာနေဝင်းအောင်-ဒေါ်ယင်းမာဇော်၊ ဦးရဲမာန်-ဒေါ်ခင်စန္ဒာထွန်း၊ ဒေါက်တာအောင်မြင့်ကျော်-ဒေါ်မို့မို့တို့၏ဖခင်၊ ဖူးပွင့်ဖြူ၊ ပြည့်ဖြိုးမာန်၊ မေဖြူခင်၊ ဉာဏ်မိုးအောင်တို့၏အဘိုးသည် ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက်၄နာရီတွင် ကွယ်လွန်သွားပါသဖြင့်၃၀-၁-၂၀၁၈ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 9I/4569, Toyota Hiace M/ B (4×2)၊ ယာဉ်လက်ဝယ်ရှိသူ Tet Nay Yaung Chi Linn Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8G/4950, Super Micro Bus(DSK-11)၊Micro Bus (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းဝင်း ၁၂/ဒဂတ(နိုင်)၀၁၃၁၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6I-6674 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်များ DELUXE FORMULA INDUSTRIAL CO., LTD အမည်ဖြင့် သွင်းကုန်လိုင်စင်အမှတ် ILV 12-13 2372 1/1/2013 မူရင်းနှင့် ID No 828652 (8-3-2013) မူရင်း, Customs Statement မူရင်း၊ ယာဉ်မှတ်ပုံ မူရင်းတို့မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၃၉၉၉၉၀၅၂၂

# အထူးဝမ်းနည်းကြေကွဲခြင်း

ဦးရှမ်းဗဟာဒူး(ခ)ဦးကျော်ဆန်း အသက်(၈၉)နှစ် (မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း၊ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊ နည်းပြချုပ်၊ ငြိမ်း)သည် ၂၈-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့်ဝန်ထမ်းများ**
**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်**

---

## ရှမ်းဗဟာဒူး(ခ)ဦးကျော်ဆန်း အသက်(၈၉)နှစ်

**မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း**
**လယ်ယာနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဘောလုံးအသင်းနည်းပြချုပ်(ငြိမ်း)**

မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့နေ(ဦးဘီဗဟာဒူးပဒန်-ဒေါ်မာယာ)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်လက်ခုပ်ပင်နေ(ဦးထွန်းလူ-ဒေါ်မြ)တို့၏သားသမက်၊ဒေါ်ခင်စု(ခ)ဒေါ်စုစု၏ချစ်လှစွာသောခင်ပွန်း၊[ဦးဝင်းနိုင်(ခ)ဦးကိုကိုနိုင်-ဒေါ်ချိုချိုမာ]၊ ဦးမိုးဇော်-(ဒေါ်ယုလေးမေ)၊ဦးမြတ်ကျော်-ဒေါ်မိုးသူဇာ၊ ဦးမောင်မောင်ညွှန့်-ဒေါ်အေးအေးခိုင်တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၈-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၅း၁၅နာရီတွင် တောင်ဥက္ကလာပမြို့နယ်၊ စာဂ ၁၈လမ်း နေအိမ်၌ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၁၈ ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

လားရှိုးဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာတင်မောင်ညွှန့်၏ ကျေးဇူးရှင်ဖခင်ကြီး ဦးညွှန့်ကြည် အသက်(၈၆)နှစ်သည် ၂၁-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**သူငယ်ချင်းများ**
**ဆေး(၂) ၁၉၈၀-၈၅ Batch**

---

## ဦးထွန်းမြင့်(ခ)ဗက်ဒီဂိုဗင်ရာ(ချ်)

**အသက်(၈၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၂လမ်း၊ အမှတ် ၂၂ (ဒုတိယထပ်)နေ [ဒေါ်မာကြီး(ခ)ကေဆရာဆပ်သီ]၏ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်မြင့်(B.Ag)၊မအေးအေးရင်(B.A-Myanmar)၊မအေးအေးခင်(B.Sc-Maths) (ဌာနခွဲစာရေး၊ လမ်းဦးစီးဌာန၊ ထားဝယ်ခရိုင်)၊ ကိုသိန်းမြင့်(B.E Electronics) (ဦးစီးအရာရှိ၊ လျှပ်စစ်၊ တံတားတည်ဆောက်ရေးအထူးစီမံကိန်း၊ ကြီး-၄)၊ မမြမြမိုး(M.E Electrical, Electronic and Information Engineering)တို့၏ချစ်လှစွာသောဖခင်သည် ၂၉-၁-၂၀၁၈ရက် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဟိန္ဒူဓလေ့ထုံးစံအတိုင်း ၃၀-၁-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**စခန်းမှူး ဦးသောင်းလှိုင်**
**သတင်းတပ်ဖွဲ့(ငြိမ်း)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သုခလမ်း၊ (၈၁/၃၁)နေ ဒေါ်ခင်သန္တာမိုး၏ခင်ပွန်းသည် ၂၅-၁-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းမိပါသည်။

**နယ်ဖြစ် ဒုရဲအုပ်လောင်း(၉/၈၄)**
**သင်တန်းဆင်းသူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

# မသဇင်မြင့်

**အသက်(၃၄)နှစ်**

iGREEN Development & Engineering Group ၏ YCDC Department တွင် တာဝန်ထမ်းဆောင်နေသော မသဇင်မြင့်သည် ၂၆-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**(iGREEN Development & Engineering Group)**

---

**သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှတင်

**(တိုက်ကြီးကန်တော့ခံ)**
**အသက်(၁၀၅)နှစ်**

တိုက်ကြီးမြို့၊ အောင်သုခလမ်းနေ (ဦးလွန်းမောင်-ဒေါ်ကျင်လှိုင်)(ပန်းထိမ်ဖို)တို့၏သမီး၊ (ဦးအေးမောင်)၏ဇနီး၊ ဦးစိုးမြင့်-ဒေါ်ဖြူဖြူဝင်း၊ (ဒေါ်အေးအေးသန်း)၊(ဦးတင်လှိုင်)-ဒေါ်လှလှမြင့်တို့၏မိခင်၊ မြေး၄ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ စမ်းချောင်းမြို့နယ်၊ဗားကရာလမ်း၊ အမှတ် ၁၃၂/အေ၊ ပထမထပ်/အေ ခေါင်းရင်းခန်းနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကြီးမြင့်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့နေ (ဦးမြသင်း-ဒေါ်အုန်းခင်)တို့၏သား၊ ဒေါ်လဲ့လဲ့ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုသူရိန်-မဇာခြည်လဲ့၊ ကိုမိုးသူ-မကြူကြူလင်း၊ ကိုဖြိုးသန့်တင်-မအိဖြူနှင်း၊ မောင်ညီညီခန့်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၅း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍၃-၂-၂၀၁၈ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သင်္ဃန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ သုမင်္ဂလာအိမ်ရာ၊ သုမင်္ဂလာလမ်း၊ တိုက် T-2၊ အခန်း ၂၀၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မသန်းသန်းဝင်း(ခ)မအေးနီ

**အသက်(၃၆)နှစ်**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ စပါးတုံအုပ်စု၊ စပါးတုံကျေးရွာနေ ဦးမောင်ကျော်ဟန်-ဒေါ်မကျန်ဖြူတို့၏သမီး၊ ဒေါ်ခင်သန်းနု၊ ဒေါ်မမြင့်သန်း၊ကိုကျော်ဆန်းတို့၏ညီမ၊ ကိုမျိုးဝင်း-မသန်းသန်းဌေးတို့၏အစ်မ၊ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်းတိုက်နယ်၊ ကျောင်းပြိန်အုပ်စု၊ ကျောင်းပြိန်ရွာနေ ဦးမောင်ကြီး-ဒေါ်အောင်စိန်ဖြူတို့၏ချွေးမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊အောင်သုခ ၂၂လမ်း၊ အမှတ် ၁၁၇၄နေ ကိုဝင်းတင်၏ဇနီး၊ မောင်ရဲကျော်သူ၏မိခင်သည် ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)ည ၁၁း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁-၂-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

စပါးတုံကျေးရွာသာရေးနာရေးအသင်း (ရန်ကုန်)

---

## ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(အငြိမ်းစား)

**ကြည်း/၆၄၂၇၊ ဆက်သွယ်ရေးတပ်ဖွဲ့**
**အသက်(၉၀)**

မော်လမြိုင်မြို့နေ(ဦးဘပု-ဒေါ်အေးရှင်)တို့၏သား၊ သထုံမြို့နေ(ဦးသင်းထိန်-ဒေါ်အေးတင်)တို့၏သားသမက်၊ (ဒေါ်ခင်အေးကြိုင်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မေလိခစိုး(ဦးစီးအရာရှိ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)၊ ဒေါ်မေခစိုးတို့၏ ကျေးဇူးရှင်မွေးသဖခင် ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(အငြိမ်းစား)သည် ၂၉-၁-၂၀၁၈ရက် ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ရက် မွန်းလွဲ ၁ နာရီတွင် ကျိုက်ထိုမြို့၌ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ဦးမောင်နိုင် - ဒေါ်ညို၊ အမှတ်(၉)၊ သဇင်လမ်း၊ တောင်သူစုရပ်ကွက်မှ မွန်းတည့် ၁၂နာရီတွင် ကားများ ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ကျောင်း ဒါယကာကြီး**
**ဦးဝင်းလွင် အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၂၈နေ ဦးသိန်းပိုင်[Singapore Kwaung Sing (M) Pte.,Ltd] ၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၄-၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း(၄/၂၀၁၆)**
**ဆင်းညီအစ်ကိုမောင်နှမများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ငွေရီ (ပေါင်မြို့)

**အသက်(၈၂)နှစ်**

ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ထန်းတပင်လမ်း၊ အမှတ် (S-23)(B-5)နေ (ဦးငြိမ်းမောင်-ဒေါ်အုံးကျင်)တို့၏သမီး၊ ဦးဆန်းဦး(Chief Operation Officer, Concrete King, Concrete Manufacturing Co.,Ltd)-ဒေါ်ညွှန့်ညွှန့်ဝေ၊ ဦးဇော်ဦး-ဒေါ်ကြည်ကြည်ဌေးတို့၏ချစ်လှစွာသောမိခင်၊ မခင်ချိုချိုဦး၊ မောင်ပိုင်သက်ကို၊ မဝိုင်းဝိုင်း၊ မောင်အောင်ဖြိုးဇော်တို့၏အဘွားသည် ၂၇-၁-၂၀၁၈ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Asia Sun Group Co.,Ltd**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

Mapco Ayeyar Rice Industry Co., LTD ၏ ဒါရိုက်တာ ဦးကိုကိုနိုင်၏ဇနီး ဒေါ်ကျင်သိန်း(မြောင်းမြ)သည် ၂၅-၁-၂၀၁၈ရက်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့**
**မြန်မာနိုင်ငံလယ်ယာစီးပွားရေး**
**အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

Mapco Ayeyar Rice Industry Co.,LTD ၏ ဒါရိုက်တာ ဦးကိုကိုနိုင်၏ဇနီး ဒေါ်ကျင်သိန်း(မြောင်းမြ)သည် ၂၅-၁-၂၀၁၈ရက်တွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ**
**အလုပ်အမှုဆောင်ကော်မတီဝင်များ**
**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်တင်သိန်း အသက်(၇၄)နှစ်

**(နေလမုန်းဟင်းခါး)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ပြဟ္မစိုရ်လမ်း၊ အမှတ် ၄၃၅နေ (ဦးရွှေ-ဒေါ်ညွှန့်ရင်)တို့၏သမီး၊ (ဦးပု-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ဦးစိုးဝင်း(နေလမုန့်ဟင်းခါး)၏ချစ်လှစွာသောဇနီး၊ (ဦးကျော်စိုး)-ဒေါ်အေးအေးမူ၊ ဦးဇော်ဝင်း-ဒေါ်စိုးစိုးအောင်၊ ဦးနေလ-ဒေါ်သီသီဝင်းထွန်း၊ ဦးဇော်မင်း-ဒေါ်ခင်နှင်းယုတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၉-၁-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၂-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်စွာလင်း အသက်(၃၄)နှစ်

**ဦးစီးအရာရှိ (ရွှေပြည်သာမြို့နယ်မီးသတ်ဦးစီးမှူး)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးတင်လှ) ဒုမီးသတ်ဦးစီးမှူး(ငြိမ်း)-ဒေါ်ခင်နှင်းဆွေတို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ မော်ကျွန်းမြို့နေ ဦးကျော်မြ-ဒေါ်ယဉ်မြင့်တို့၏သားသမက်၊မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့(ဌာနချုပ်)နေ ဦးသူရအောင်(ဒုမီးသတ်ဦးစီးမှူး)၏ညီ၊ တောင်ဥက္ကလာပမြို့နယ်မီးသတ်စခန်းနေ မီးသတ်တပ်ကြပ်ကြီး ဖြိုးသီဟ၏အစ်ကို၊ ဒေါ်သူသူကျော်(ဒုမီးသတ်ဦးစီးမှူး)၏ခင်ပွန်းသည် ၂၈-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၈ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၈ရက် (စနေနေ့)တွင် ရွှေပြည်သာမြို့နယ် မီးသတ်စခန်းဝန်ထမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးအောင်ကြည် (ဖြူးမြို့)

**မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)**
**အသက်(၉၆)နှစ်**

သူငယ်ချင်း (ဗိုလ်ကြီးသန်းမော်-ငြိမ်း)၏ဖခင်ဖြစ်သူ ဦးအောင်ကြည်(ဖြူးမြို့) အသက်(၉၆)နှစ်သည် ၂၈-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၃း၅၃နာရီတွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)မှ သူငယ်ချင်း မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်ကြင်လွမ်(ရေးမြို့)

**အသက်(၈၅)နှစ်**

စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း-ဒေါက်တာဌေးဌေးစိုးတို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ကြင်လွမ် အသက်(၈၅)နှစ်သည် ၂၈-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှကျော်(ဒုတိယဝန်ကြီး)နှင့်ဇနီး**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်ကြင်လွမ် (ရေးမြို့)

**အသက်(၈၅)နှစ်**

စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း-ဒေါက်တာဌေးဌေးစိုးတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ကြင်လွမ် အသက်(၈၅)နှစ်သည် ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် ဇနီး ဒေါ်အေးအေးမြင့်**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(မွေးရေကျေးလက်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်ကြင်လွမ် (ရေးမြို့)

**အသက်(၈၅)နှစ်**

ဒေါက်တာရဲတင့်ထွန်း (ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါက်တာဌေးဌေးစိုးတို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ကြင်လွမ်သည် ၂၈-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်ကြင်လွမ်(ရေးမြို့) အသက်(၈၅)နှစ်

စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း-ဒေါက်တာဌေးဌေးစိုးတို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ကြင်လွမ် အသက်(၈၅)နှစ်သည် ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**(ယခင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**

### ဒေါ်ကြင်လွမ်(ရေးမြို့)

**အသက်(၈၅)နှစ်**

စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း-ဒေါက်တာဌေးဌေးစိုးတို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ကြင်လွမ် အသက်(၈၅)နှစ်သည် ၂၈-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၂၀နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းလှိုင်ဦး၊ ပြည်နယ်ဦးစီးမှူးနှင့်**
**ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန**
**ဝန်ထမ်းများမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်မာရီ

**အသက်(၈၁)နှစ်**

အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဘွဲ့ရ(ဒူးရင်းသီး ဦးစိုးမြင့်)၏ဇနီး၊ ဦးဝင်းနိုင် - ဒေါ်သီသီဦးတို့၏ မိခင်ကြီး ဒေါ်ခင်မာရီသည် ၂၆-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်စန်းစန်းရီ**
**Super One Holdings Co.,Ltd**

## တိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၁ / ၂၀၁၈**
၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)
**တိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါဝန်ကြီးဌာနများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**
- (က) ဒေါက်တာစောညိုဝင်း — သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
- (ခ) ဒေါ်ညွန့်ညွန့်ဌေး — စည်ပင်သာယာရေးနှင့်လူမှုရေး ဝန်ကြီးဌာန

(၂) **ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**
- (က) ဦးတင်အောင်ဝင်း — စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၂ / ၂၀၁၈**
၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)
**တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်ပိုက်ပိုက်အေးကို တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ထူးခြားသည့် ညအပူချိန်များ

၂၉-၁-၂၀၁၈

| | |
|---|---|
| နမ့်စန်မြို့ | - ၃ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးနှင့် လွိုင်လင်မြို့ | ၀ ဒီဂရီစင်တီဂရိတ်စီ |
| သီပေါမြို့၊ ပင်လောင်းမြို့ | ၂ ဒီဂရီစင်တီဂရိတ်စီ |
| ဟားခါးမြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်းမြို့ | ၃ ဒီဂရီစင်တီဂရိတ် |

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဌမနေ့ ကျင်းပ တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်းနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းတို့ ဆွေးနွေး




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဌမနေ့ ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၉**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ တီထွင်မှုမူပိုင်ခွင့် ဥပဒေကြမ်းနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းတို့ကို ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၏ **မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ မသန်စွမ်းသူများအတွက် ဥပဒေ၏ အကာအကွယ်ကို ပြည့်ဝစွာရရှိရန်နှင့် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ထောက်ပံ့ကူညီဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိကို သိရှိလိုခြင်း**နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဥပဒေနှင့်အညီ မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့အမိန့် ကြော်ငြာစာ အမှတ် (၇၀/၂၀၁၇)ဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်က ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ထိုကော်မတီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီကို အစိုးရဌာနအဖွဲ့အစည်းများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် မသန်စွမ်းသူများအသင်းချုပ်မှ ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း ကိုယ်စားလှယ် ၁၅ ဦးဖြင့်

*စာမျက်နှာ ၈ ကော်လံ ၁* ✻

# တောင်ငူမြို့တွင် LED မီးအလှပြပွဲတော် ကြည့်ရှုသူများဖြင့် စည်ကား

**တောင်ငူ ဇန်နဝါရီ ၂၉**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မိုင်ဒါကွင်းအတွင်း၌ ဇန်နဝါရီ ၂၇ ရက် ညမှ ဖေဖော်ဝါရီ ၂၀ ရက်အထိ ခင်းကျင်းပြသလျက်ရှိသော LED မီးအလှပြပွဲတော်သို့ မြို့ဒေသခံများအပြင် အခြားသော မြို့ကျေးလက်ဒေသများမှ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေရှိသည့် ပြကွက်ပေါင်း ၃၀၀ ကျော် ပါဝင်ပြသထားပြီး ယခုကဲ့သို့ မီးအလှပြပွဲများကို မုံရွာ၊ စစ်ကိုင်း၊ မန္တလေးမြို့ ဦးပိန်တံတားတို့တွင် ကျင်းပခဲ့ပြီး အောင်မြင်မှုများရရှိခဲ့ကြောင်း မီးအလှပြပွဲစီစဉ်သူတစ်ဦးက ပြောသည်။

တောင်ငူမြို့တွင် ပထမဦးဆုံး ကျင်းပခြင်းဖြစ်ရာ လာရောက်ကြည့်ရှုသူများပြားသော်လည်း ဝင်ကြေးကောက်ခံမှုများသည်ဟု သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❍



ပြကွက်ပေါင်း ၃၀၀ ကျော်ကို LED မီးများဖြင့် ပုံဖော်ထားသည်ကို တွေ့ရစဉ်။

